www.burmeseclassic.com

## နဂါးခံတွင်းခရီးသည်

# ဒုဋ္ဌဂါမဏိ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း။

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၀၈၅၅၀၉၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၀၉၅၈၀၉၁၀ |
| ထုတ်ဝေသူ | - ဦးဝင်းသူရလွင်<br>(အိပ်မက်အသစ်စာပေ)<br>၃၈ (၃ လွှာ)၊ ၁၅၃-လမ်း။<br>တာမွေမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - ဦးဇော်မြင့်ဝင်း<br>(ကာလာစုံပုံနှိပ်တိုက်)<br>၁၈၄ (ဘီ)၊ ၃၁ လမ်း၊ (အထက်)<br>ပန်းဘဲတန်းမြို့နယ်။ |
| မျက်နှာဖုံးဒီဇိုင်း | - Dattha Gira |
| ပုံနှိပ်ခြင်း | - ပထမအကြိမ်<br>စက်တင်ဘာလ၊ ၂၀၁၀ ခုနှစ် |
| အုပ်ရေ | - ၁၀၀၀ |
| တန်ဖိုး | - ၁၅၀၀ ကျပ် |

၈၉၅ . ၈၃

ဒဋ္ဌကျော်စွာ

နဂါးခံတွင်းခရီးသည်/ ဒဋ္ဌကျော်စွာ ။ - ရန်ကုန် ၊

အိပ်မက်အသစ် ၊ ၂၀၁၀။

၂၀၀- စာ၊ ၁၂ × ၁၈ . ၅ စင်တီမီတာ။

(၁) နဂါးခံတွင်းခရီးသည်


**[illegible] မှ ထွက်ရှိပြီးစာအုပ်များ**

၆။ မိုးရာသီပတ်ပျိုး — တာရာမင်းဝေ၊ ဝေမှူးသွင်
၇။ ကမ်းဝေးလှောင်အိမ် — သစ္စာနီ၊ မင်းခိုက်စိုးစန်
၈။ မူကြိုတစ်ဦး၏ဖာလူဒါအရသာ — ဝေမှူးသွင်
၉။ ကြက်ခြေခတ်နှစ်ခု — တာရာမင်းဝေ၊ ဝေမှူးသွင်
၁၀။ မင်းလူ...ဝေမှူးသွင်...L မင်းပြည့်မွန် — မင်းလူ၊ ဝေမှူးသွင်၊ Lမင်းပြည့်မွန်
၁၁။ ပြတင်းပေါက်ကလွင့်ကျသွားတဲ့အိပ်မက် — Lမင်းပြည့်မွန်
၁၂။ အိပ်မက်တစ်မက်စာ — ရွှေထိုက်
၁၃။ တစ်ဝက်တစ်ပျက်ည — မင်းခိုက်စိုးစန်၊ Lမင်းပြည့်မွန်
၁၄။ အနေးသွားလွန်းပျံယာဉ် — ဝေမှူးသွင်
၁၅။ ဟိုး...ရှေးရှေးတုန်းက — ရွှေထိုက်
၁၆။ ငှက်ဆိုးထွန်ချိန် — သတိုးဝေဇ
၁၇။ စောင့်နေသူ — သတိုးဝေဇ
၁၈။ ညဉ့်နက်သန်းခေါင်ခွေးတစ်ကောင် — သတိုးဝေဇ
၁၉။ ဂျစ်ပစီသင်ခန်းစာ — လင်းညို့သွေး
၂၀။ မိစ္ဆာမျက်ရည် — ဒေဝလကျော်
၂၁။ စွဲလမ်းခြင်းခရီးသည် — သတိုးဝေဇ
၂၂။ မာယာကစားပွဲ — လင်းညို့သွေး
၂၃။ အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ — ဝေမှူးသွင်
၂၄။ ချစ်သူရှာ — လူနေ
၂၅။ အမှောင်ကြောက်သူ — သတိုးဝေဇ၊ ဒေဝလကျော်
၂၆။ ညည်းတွားရိုက်တဲ့ဗုံသံ — သတိုးဝေဇ
၂၇။ ဦးရှင်ကြီး — ဒိဗ္ဗကျော်စွာ
၂၈။ ပန်းဝင်စား — ဝေမှူးသွင်
၂၉။ ခေါရယ် — လူနေ
၃၀။ ကလေးအတွေး Essay — မင်းခိုက်စိုးစန်
၃၁။ ကီနူရာပြည်သို့ အလည်ရောက်သူ — ဒိဗ္ဗကျော်စွာ
၃၂။ ဘာဆိုလားဟဲ — လူနေ
၃၃။ ခေါင်းညိတ်ပြေးတဲ့ အရိပ်ကလေး — ဝေမှူးသွင်
၃၄။ လိပ်ပြာခွဲတဲ့ည — ဒဿကျော်စွာ
၃၅။ စေ့ညွှန်ရာကြမ္မာဆိုး — သတိုးဝေဇ
၃၆။ 25 — လူနေ
၃၇။ နှင်းဆီရောင်မုန်တိုင်း — ဝေမှူးသွင်
၃၈။ အလင်းအမှောင်ကကြိုး — ဝေမှူးသွင်
၃၉။ မိုနီဝိုလီ — လူနေ
၄၀။ ဆင်ဝင်စားတဲ့လူ — ဒဋ္ဌကျော်စွာ
၄၁။ လမိုက်ညခေါ်သံ — ဒဿကျော်စွာ
၄၂။ သွေးကြွတ်ရှင် — ဒဋ္ဌကျော်စွာ
၄၃။ အချိုမြစ် — လူနေ
၄၄။ နတ်သမီးအဆောင် — လူနေ
၄၅။ ဝိဘတ်ကြမ္မာ — ဒဿကျော်စွာ
၄၆။ ဘုတ်ကြီး — လူနေ
၄၇။ သက်ပျောက်သစ်ပင် — ဒဿကျော်စွာ
၄၈။ စွယ်နီဆင်ရိုင်း — သတိုးဝေဇ
*၄၉။ နဂါးခံတွင်းခရီးသည် — ဒဋ္ဌကျော်စွာ*

**ဆက်လက်ထွက်ရှိမည့်စာအုပ်များ**

၅၀။ တတိယမျက်လုံးရှင် — ဒဿကျော်စွာ
၅၁။ ပါဆယ် — လူနေ

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

ဒတ္တကျော်စွာ

# နဂါးခံတွင်းခရီးသည်

Eainmakathit

38 (3rd-fl), 153rd Lane, Tamwe Ts, Yangon.

095112428, 551403

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

သူ မြင်မြင်လေရာ အရာအားလုံး မှောင်မိုက်၍နေသည်။ နားထဲ၌ ခေါင်းသံတစ်ခုကသာ အပြည့်အဝကြီး ကြီးစိုးနေ၏။

''လာခဲ့ ဒီဘက်ကိုလာခဲ့''

အသံကြားရာနောက်သို့ သူတည့်တည့်လျှောက်လာခဲ့သည်။ ရှေ့တူရူဘက်ဆီတွင် သူ့စိတ်အထင် ပြိုးကနဲပြတ် လင်းထင်းသွားသလိုလို တစ်စုံတရာကို သူမြင်တွေ့လိုက်ရ၏။

ဂူဝတစ်ခုခုထင်၏။ ခေါင်းသံသည် ထိုဂူထဲမှထွက်ပေါ်နေခြင်းဖြစ်၏။ ညို့ချက်မိနေသူပမာ ခေါင်းသံနောက်သို့ သူ တောက်လျှောက်လိုက်နေမိခြင်းဖြစ်သည်။

ဂူထဲသို့ဝင်လိုက်သည်နှင့် စိမ့်ကနဲအေးသွားသော နံရံမှကြက်သီးမွေးညှင်းများပင် ထောင်တက်လာစေ၏။ ရုတ်ချည်းကြောက်

www.burmeseclassic.com

www.burmeseclassic.com



ခိတ်တို့ အုံကြွလှမ်းမိုးလာကာ နောက်ပြန်လှည့်ပြေးချင်စိတ်ပင် ပေါက်လာမိသည်။ သို့သော် ထူးဆန်းလွန်းစွာ သူ့ခြေထောက်တို့သည သူ့ဆန္ဒတို့ကိုမနာခံ၊ အဆက်မပြတ် ကြားနေရသော ခေါ်သံလာရာဆီသို့သာ တရွေ့ရွေ့လှမ်းမိနေဆဲ။

ဂူထဲရှိ အမှောင်ထုသည် တစတစပို၍ သိပ်သည်းလာသည်။ အရှေ့နောက်တောင်မြောက်ဝဲယာ ဘာဆိုဘာမျှ မမြင်ရတော့လောက်အောင်ပင်။ သူ၏ခြေလှမ်းတို့သည် တစ်ချက်ကလေးမှ တုံ့ဆိုင်းရပ်တန့်သွားခြင်းမရှိပေ။ လှမ်းလာရင်းနှင့် သတိပြုမိလိုက်သည်မှာ ရူးရူးရှရှ ထွက်ပေါ်နေသော အနံ့ဆိုးကြီးကိုဖြစ်၏။

"အား ဆိုးဝါးလိုက်တာ၊ ဘယ်လိုအနံ့ကြီးပါလိမ့်"

တော်တော်ကလေး ဆိုးဆိုးရွားရွား ထွက်ပေါ်နေသော အနံ့ဆိုးကြီးက မွန်ထူပြီး မူးမေ့သွားမတတ်ပင်။ အော်ဂလီဆန်ချင်စရာကောင်းသောအနံ့ကြီး ဘာနံ့ကြီးပါလဲ။ သွေးညှီနံ့လိုလို၊ ပုပ်အက်အက်အနံ့ဆိုးကြီး ဂူတစ်ခုလုံး ဖုံးလွှမ်းမွန်ထူနေ၏။

သူလျှောက်လှမ်းနေရာသည် မဲမဲမှောင်၍ အလျားရှည်ရှည်ဂူကြီးတစ်ခုဖြစ်မည်ထင်သည်။ တိုးဝင်သွားလေလေ ပိုပြီးနက်ရှိုင်းလေလေ၊ အနံ့ဆိုးကြီးကလည်း ပိုပိုပြင်းထန်လာလေပါပဲ။

"လာခဲ့၊ လျှောက်လာခဲ့၊ ဒီဘက်ကိုလာခဲ့"

ခေါ်သံကို ပို၍နီးကပ်စွာ ကြားလာရသည်။ ထိုအသံသည်



သံလိုက်စက်ကွင်းတစ်ခုကဲ့သို့ သူ့အား ဆွဲငင်ညှို့ယူနေသည်။ အသံ၏ညှို့ချက်ကို သူမလွန်ဆန်နိုင်၍ ဆက်လျှောက်လာမိ၏။

မြင်ကွင်းသည် လုံးဝ မဲမဲမှောင်မိုက်နေရာမှ အလင်းပျပျလေးတစ်ခုကို ဝိုးတဝါးမြင်လိုက်ရသည်။ ထိုအလင်းရောင်လေး ရှိရာသို့ သူ၏ ခြေလှမ်းတို့ကို ဦးတည်လိုက်၏။

ဒါဟာ တစ်ဖက် ဂူပေါက်ဝလား ဂူလမ်းဆုံးအပြင်ဘက်သို့ သူရောက်တော့မည်လား။

အထင်နှင့်အမြင်တို့သည် တက်တက်စင်အောင် လွဲခဲ့သည်။ အလင်းရောင်ရှိရာနေရာသည် ဂူပေါက်ဝ တစ်ခုမဟုတ်ပေ။ လမ်းဆုံးတစ်ခုဖြစ်နေ၏။ တစ်ဖက်လမ်းသည် အလင်းရောင်ပျပျဖြင့် လှဲဖြာနေပြီး တစ်ဖက်က မဲမဲမှောင်မိုက်၍နေ၏။

ထိုလမ်းနှစ်သွယ်၏ အလယ်တည့်တည့်တွင် ရပ်လျက် ဘယ်လမ်းကို သွားရမည်မှန်း သူဝေခွဲမရနိုင်စွာဖြစ်နေမိသည်။

ခေါ်သံကို နားစွင့်ကြည့်မိသည်။ ထူးဆန်းအံ့သြဖွယ်ကောင်းလှအောင် ခေါ်သံတို့တိတ်ဆိတ်နေ၏။ သူဘယ်ကိုသွားရမလဲ၊ တဒင်္ဂတော့သူ တွေဝေသွားမိသည်။

နောက်ဆုံး အလင်းရောင်ရှိသည့်ဘက်ကိုသာသွားရန် သူစိတ်ပိုင်းဖြတ်လိုက်မိ၏။ တိုးဝင်သွားလေလေ အလင်းရောင်သည် ပို၍ လက်ဖြာတောက်ပလာလေဖြစ်၏။ အလင်းရောင်တွေဘယ်ကထွက်နေ

www.burmeseclassic.com

www.burmeseclassic.com



တာလဲ။ အဆုံးမှာ သူဘာကို တွေ့ရမှာလဲ။ သိချင်စိတ်ကဲသွားမိကာ ခြေလှမ်းကို ပိုမိုသွက်လိုက်သည်။

ယခုမှ သတိထားမိရသည်။ သူ့ကိုတစ်ချိန်လုံး ခုက္ခပေးနေသော အနံ့ဆိုးကြီးကိုလည်း မရတော့ခြင်းကိုဖြစ်၏။ အနည်းငယ်တော့ စိတ်ချမ်းသာသွားမိသည်။ ထိုအနံ့ဆိုးကြီးအောက်က သူလွတ်မြောက်လာရပြီပေပဲ။

ရှေ့ကို တရွေ့ရွေ့လှမ်းနေမိရင်း သူ့ရင်အစုံသည် တဒိတ်ဒိတ် အခုန်မြန်လျက်ရှိနေသည်ကိုလည်း သတိထားလိုက်မိသေး၏။ အလင်းရောင်မှာ ပို၍ စူးရှတောက်ပလာနေပါလား။

ဝှ၏ ဟိုဘက်သည်ဘက် နံရံတွေဆီက ဖြာထွက်နေခြင်း၏။ သူသိချင်စိတ်ပြင်းပြသွားကာ ဝှ၏နံရံတစ်ဖက်ကို ကပ်၍ကြည့်လိုက်မိသည်။

"ဟာ ရတနာတွေ"

အသံထွက်၍ပင် သူယောင်ယမ်း ရေရွတ်မိ၏။

မြင်လိုက်ရသည့် မြင်ကွင်းက သူ့အဖို့ အလွန်တရာမှ အံ့သြထူးဆန်းစရာကောင်းလှ၏။

အထူးထူး အဆန်းဆန်း အပြားပြားသော ရတနာမျိုးစုံကို ဝှနံရံ၏ တစ်ဖက်တစ်ချပ်စီတွင် နံရံကပ် အံ့ဝှက် ငယ်လေးများဖြင့် အစီအရီ ထည့်သွင်းထားသည်ကို တွေ့လိုက်ရခြင်းပင်။ ရတနာအမျိုး



အစားကုံလင်လှ၏။ စိန်၊ ပတ္တမြား၊ နီနီစိမ်းစိမ်း ဝါဝါပြာပြာ အမျိုးအမည်မသိသော ကျောက်မျက်ရတနာများ၊ ရွှေဒင်္ဂါးအချို့နှင့် ရွှေထည်ပစ္စည်းမျိုးစုံကိုလည်း သူ့နေရာနှင့်သူ အံ့ဝှက်ငယ်ကလေးများဖြင့် စီစီရီရီ။

သူအံ့သြလွန်းစွာ ထိုအရာတို့အား လိုက်လံကြည့်ရှုနေမိသည်။

ထိုစဉ် …

"လမ်းမှားနေပြီ၊ ပြန်ထွက်လာခဲ့"

ဟု အသံကြီး သူ့နားထဲပီပီသသကြားလိုက်ရ၏။ အသံသည် ရုတ်ခြည်း သူ့အား ဆွဲငင်ခေါ်ဆောင်သွားသလို သူ့ခြေထောက်တွေ အသံလာရာဆီသို့ ဦးတည်လှမ်းလာမိ၏။ ညှို့ငင်ခံထားရသူတစ်ယောက်လို သူဘာကိုမှ ထိန်းချုပ်နိုင်စွမ်းမရှိတော့လှမ်းလာရင်း သူတွေ့ခဲ့သည့်လမ်းဆုံးသို့ပင် ရောက်ရှိလာသည်။

ဒီတစ်ခါတော့ မှောင်မိုက်နေသောလမ်းထဲ သူတရွေ့ရွေ့လှမ်းလာမိခြင်းပေ။ အသံသည် အဆက်မပြတ် ခေါ်ငင်ညှို့ယူနေဆဲ။ အမှောင်တိုက်ထဲမှ အသံလာရာဆီသို့ သူတဖြည်းဖြည်း တိုးဝင်လျှောက်လာနေမိသည်။ သွေးညှီနံ့လို အနံ့ဆိုးကြီးက သူ့နှာခေါင်းထဲ ဒိုင်းကနဲပြေးဝင်ရောက်လာ၏။ ဆိုးဆိုးရွားရွား အနံ့ကြီးကြောင့် သူ မူးမေ့လဲကျမတတ် အခံရခက်လှသည်။

အမှောင်တိုက်တွင်းဝယ် သူတစ်ယောက်တည်း ကူကယ်ရာမဲ့ ဂုဏ်ဖြင့် အသက်အောင့်ထားရသဖြင့် ရင်တစ်ခုလုံး လေးလံတင်းကျပ်

www.burmeseclassic.com

www.burmeseclassic.com



နေကာ မျက်လုံးမျှားပင် ပြာဝေလာတော့မတတ်။

ခေါင်ငင်သံတို့ ရုတ်ခြည်း တိတ်ဆိတ်သွားပြန်၏။ အမှောင်တိုက်တွင်း ရှုးရှူးရှရှ အနံ့ဆိုးကြီးသာရှိ၍ ဘာဆိုဘာမှ မကြားရတော့လောက်အောင် တိတ်ဆိတ်ခြင်းတို့ ကြီးစိုးနေလေ၏။

ခုနေ အလင်းစလေး တစ်မျှင်လောက်ဖြစ်ဖြစ် တွေ့ရလေမလားဟု သူသိပ်ကိုမျှော်လင့်မိသည်။ ခေါင်းကို ဘယ်ညာပတ်ချာလည်ဝေ့ယမ်းကာ အလင်းရောင်ကို ရှာနေမိ၏။

ထိုစဉ်မှာပင် …၊

သူ့အမြင်အာရုံတွင်းသို့ ဖျတ်ကနဲ အလင်းနှစ်ပွင့် ဝင်ရောက်လာခဲ့ပါလေတော့သည်။ စိမ်းဖန့်ဖန့်တောက်ပြာနေသောအလင်းနှစ်ပွင့်။ အရွယ်အစားတူညီစွာဖြင့် မနီးမဝေး တစ်တန်းတည်းရှိနေကြသည်။

ထိုအရာအား သူစူးစိုက်ကြည့်နေမိ၏။ ဟုတ်ခနဲအလင်းနှစ်ပွင့်ပျောက်ကွယ်သွားပြန်၏။ ခဏအကြာ ဖျတ်ခနဲပြန်လည်လင်းထင်လာသည်။ ဒီတစ်ခါတော့ ပို၍ စူးရှတောက်ပြောင်နေမှန်းသတိထားလိုက်မိ၏။

"ဟင်၊ ဒါ … ဒါ မျက်လုံးနှစ်ခုပဲ"

အထိတ်တလန့် တွေးလိုက်မိစဉ် ထိုအလင်းနှစ်ပွင့် သူ့အနီးသို့ တရွေ့ရွေ့ တိုးကပ်လာသည်ကို မြင်လိုက်ရတော့၏။

"ဝေါင်း"



စူးရှကျယ်လောင်သော မာန်ဖီသံကြီး ဝူနံရံတွေကို ရိုက်ခတ်ကာ ပဲ့တင်မြည်ဟည်းသွားလေတော့၏။

ထို့နောက် နာနာကျင်ကျင် သ်ကုန်ဟစ်အော်လိုက်သံတစ်ခု ဝူအတွင်း လှိုက်တက်မြည်ဟည်းသွားပြန်လေ၏။

အသံတို့ ရိုက်ခတ်မှုကြောင့် ဂူတစ်ခုလုံး ဟိန်းဟိန်းထလျက်ရှိနေတော့သတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

စိုးရွံ့လန့်ထိတ်စိတ်နှင့်အတူ သူအိပ်ရာမှလန့်နိုးလာသည်။ အာခေါင်တွေခြောက်ကာ တစ်ကိုယ်လုံးလည်း ချွေးစေးတို့ရွှဲနစ်လျက်။ သူ့အိမ်မက်ဆိုးတစ်ခုကို မက်ခဲ့မှန်းချက်ချင်း သတိရလိုက်မိသည်။

လူက ခုထိ ရင်တွေပန်းတွေတုန်ကာ မောဟိုက်ပြီးကျန်ခဲ့၏။ အိပ်ရာထက်မှ ထထိုင်လိုက်ကာ ခန္ဓာကိုယ်ပေါ်ရှိ ချွေးစေးများကို လက်နှင့်အသာသုတ်လိုက်ရင်း တုန်လှုပ်နေဆဲဖြစ်သော စိတ်ကိုငြိမ်သက်အောင် ဖြစ်နေမိသည်။

"ကျော်စွာရေ… ဟေ့ကျော်စွာ"

အိမ်ရှေ့ဆီမှ လှမ်းခေါ်နေသောအသံကြောင့် အိပ်မက်အကြောင်း ပြန်လည်တွေးနေရာမှ အတွေးစတို့ပြတ်သွားရသည်။ စောစောစီးစီး ဘယ်သူများပါလိမ့်ဟု သူက ယောင်နနတွေးရင်း



အိမ်ရှေ့ဝသို့လှမ်းထွက်လာခဲ့၏။

အိမ်ပြင်ဝတွင် ရွာထဲမှ ကာလသားခေါင်းကို အောင်ကြီးနှင့်အတူ လူကြီးတစ်ယောက်ရပ်နေသည်ကို တွေ့လိုက်ရ၏။ အသားဖြူဖြူထောင်ထောင်မောင်းမောင်းနှင့် လူကြီးက သူ့အားဖော်ရွေနစ်လိုဟန်ဖြင့် ပြုံးလျက်ကြည့်နေသည်။ ထိုလူကြီး၏မျက်နှာကို သူ့စိတ်ထဲ ရင်းနှီးနေသလိုပဲ ဟု ထင်လိုက်မိသည်။ ဘယ်နေရာတွေ့ဖူးခဲ့သလဲဆိုတာ သူ ရုတ်တရက်စဉ်းစား၍မရ။ သေချာတာကတော့ ထိုလူကြီးသည် သူလုံးဝမသိသော လူတစ်ယောက်။

"ဦးလေး ဒါ ကျော်စွာလေ"

ကိုအောင်ကြီးက လူကြီးအား လှမ်းပြောလိုက်၏။ လူကြီး၏မျက်နှာမှာ အံ့သြဝမ်းသာခြင်း အရိပ်အငွေ့များ ဖုံးလွှမ်းသွားပြီးနောက် အားပါးတရ ပြုံးရယ်ကာဖြင့်…

"ငါ့တူက ဒီအရွယ်တောင်ရောက်နေမှကိုး၊ အေးလေနှစ်တွေလည်းအတော်ကြာပြီဆိုတော့၊ ဒီအရွယ်လောက်တော့ ရှိသင့်ပြီပေါ့"

လူကြီးက ရေရွတ်သလိုဖြင့် ပြောနေလေရာ သူ့အဖို့ ဘာမှနားမလည်နိုင်အောင် ဖြစ်မိနေတော့၏။ အကြောင်းသားငေးကြည့်နေမိသော သူ့အဖြစ်ကိုရိပ်မိဟန်ဖြင့် ကိုအောင်ကြီးက စကားစဟသည်။

"ကျော်စွာရေ ဒီကဦးလေးကြီးက မင်းအမေ ခေါ်နှင်းမှုန်

www.burmeseclassic.com



နာမည်နဲ့ မင်းတို့မိသားစုအကြောင်းကိုမေးနေလို့ ငါတို့လည်း မင်းတို့အကြောင်း ပြောပြလိုက်တော့မင်းနဲ့တွေ့ချင်တယ်ဆိုလို့ ခေါ်လာရတာပဲ"

"ဟုတ်ပါတယ် ငါ့တူရယ်၊ ဦးလေးက မင်းတို့မိသားစုကို လိုက်ရှာနေတာ ကြာလှပါပြီကွယ်၊ တွေ့မဲ့တွေ့တော့လည်း ငါ့တူလေးတစ်ယောက်တည်းကိုပဲ တွေ့ရတယ်"

"ဟို… ဒီကဦးလေးကြီး ပြောနေတာတွေကို ကျွန်တော် ဘာမှ နားမလည်နိုင်တော့ဘူး၊ ဦးလေးက ဘာဖြစ်လို့ ကျွန်တော်တို့မိသားစုကို လိုက်ရှာနေရတာလဲ၊ ဦးလေးက ဘယ်သူလဲဟင်"

ကျော်စွာက အံ့သြနားမလည်သလို မေးမိသည်။ လူကြီး၏ မျက်နှာ ချက်ချင်းညှိုးရိပ်သန်းသွား၏။ ဝမ်းနည်းသလို မချိတင်ကဲဆို၏။

"ငါ့တူ ဦးလေးကိုမသိတာလဲ အပြစ်မဟုတ်ပါဘူးလေ။ တကယ်တော့ ဦးလေးဟာ ငါ့တူရဲ့ ဦးလေးအရင်းပဲ"

"ဗျာ"

သူအံ့သြတကြီးဖြစ်သွားမိသည်။ မိဘတွေဆုံးသွားကတည်းက တစ်ကောင်ကြွက်ဘဝနှင့် နေခဲ့ရသော သူ့ဘဝတွင်းသို့ ဆွေမျိုးရင်းချာဆိုသော သူတစ်ယောက် ရုတ်တရက်ဘွားကနဲ ပေါ်လာခဲ့သည့်



အဖြစ်အတွက် မယုံမရဲအံ့သြနေမိသည်။

"မင်းအမေ မနှင်းမှုန်ဟာဦးလေးရဲ့ အစ်မအရင်းပဲကွဲ့"

"အမေက ကျွန်တော့်ကို ဒီအကြောင်းတွေ တစ်ခါမှ မပြောဖူးဘူး"

"မင်းအမေဟာ သိပ်ပြီးတော့ မာနကြီးတယ်ကွဲ့၊ ဦးလေးတို့ကိုစိတ်နာပြီး မင်းကို ဘာတစ်ခုမှမပြောခဲ့တာနေမှာ"

"ကျော်စွာ… မင်းဦးလေးကို အိမ်ထဲဝင်ခိုင်းဦးလေ အိမ်ရှေ့ကြီးမှာ ဒီအတိုင်း မတ်တပ်ရပ်ခိုင်းထားမလို့လားကွ"

ကိုအောင်ကြီးက ဝင်ပြောတော့မှ အိမ်ရှေ့ဝတွင် မတ်တပ်ကြီးရပ်လျက် စကားပြောနေမိသည့်အဖြစ်ကို သတိထားမိရတော့၏။

"ဟာ… ဟုတ်ပါရဲ့… ဦးလေးရောက်လာတာ ရုတ်တရက်အံ့သြသွားပြီး ဒီအတိုင်းစကားပြောနေမိတယ်။ အားနာလိုက်တာ။ ဦးလေး အိမ်ထဲဝင်ပါ … လာ … လာ"

သူက ယာယာသလဲခေါ်လိုက်မိသည်။ အိမ်ရှေ့ခန်းတွင်သင်ဖြူးဖျာတစ်ချပ်ကို လျှင်မြန်စွာခင်းလိုက်ပြီးမှ ဦးလေးဖြစ်သူအား ထိုင်စေ၏။ ဦးလေးက အိမ်အတွင်းအကဲခတ်သလို ဝေ့ဝဲကြည့်ရှုပြီးမှ သင်ဖြူးဖျာ ပေါ်သို့ နွမ်းလျစွာ ထိုင်လိုက်သည်။

"ဦးလေး"

"ငါ့တူ ဘာမေးမလဲဆိုတာ ဦးလေးသိပါတယ်၊ ဦးလေး

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းစုံပြောပြပါမယ်”

ဦးလေးက သူမမေးမည့်မေးခွန်းကို ကြိုတင်ရိပ်မိကာ ပိတ်ပြော [illegible] သူ့[illegible]ခေါင်းဆို အသာလေးဆတ်ကာ ဦးလေးပြောမည့် [illegible]ကို နားစွင့်နေမိတော့သည်။

“ဦးလေးနာမည်က ဦးမင်းထင်၊ ပထမကမ္ဘာစစ်ကြီး မဖြစ်မီ အချိန်ဆိုရင် ဦးလေးတို့မိဘတွေက တောင်ကြီးမြို့မှာ အင်မတန် ထင်ရှားခဲ့တဲ့ မျိုးနွယ်ဖွားတွေပေါ့၊ မင်းအမေမနှင်းမှုန်ဟာ အိမ်ကနိုင်းထားတဲ့ ခြံစောင့်လုပ်သား မောင်ဘအောင်နဲ့ လူငယ်တို့ သဘာဝ မေတ္တာမျှခဲ့ကြတယ်၊ ဒါကိုသိတော့မိဘတွေဟာ အစ်မမနှင်းမှုန်နဲ့ မောင်ဘအောင်တို့ကို လုံးဝ သဘော မတူဘူး၊ ယမ်းပုံမီးကျ ဒေါသထွက်ကြတာပေါ့၊ မောင်ဘအောင်ကို အလုပ်က ထုတ်လိုက်တယ်၊ အစ်မ မနှင်းမှုန်ကိုလည်း သူဌေး သားတစ်ယောက်နဲ့ပေးစားဖို့ ချက်ချင်း စီစဉ်လိုက်ကြတယ်လေ၊ အတင်းအကြပ် စောင့် ကြပ်ကြည့်ရှုနေလျက်က အစ်မမနှင်းမှုန်ဟာ မောင်ဘအောင် နဲ့ ခိုးရာလိုက်ပြေးခဲ့တာပဲ၊ မိဘတွေဟာ ဒေါသထွက်လွန်းလို့ အစ်မကိုအမွေဖြတ်ကြော်ငြာပြီး သမီးအဖြစ်မှ စွန့်လွှတ်လိုက် ကြတယ်လေ၊ အဲဒီအချိန်တုန်းက ဦးလေးက ရန်ကုန်မှာ ကောလိပ်တက်နေတော့ ဒီအကြောင်းတွေကို နောက်မှသိရ



တယ်။ သိသိချင်း ဦးလေး အစ်မ မနှင်းမှုန်တို့အကြောင်း စုံစမ်းပါသေးတယ်၊ ဒါပေမယ့် ဘယ်နေရာမှာမှ စုံစမ်းလို့မရ တော့ဘူး၊ အစ်မမနှင်းမှုန်ဟာ မိဘတွေကိုစိတ်နာပြီး ခြေရာ ဖျောက်နေခဲ့ကြ တယ်တူပါရဲ့၊ တလောကမှ ဦးလေး အသိ တစ်ယောက်ကပြောလို့ ဒီရွာမှာ အစ်မတို့မိသားစု နေကြ တယ်ဆိုတာသိရတာ၊ ဒါကြောင့် ဦးလေးလိုက်လာတာပဲ ခုတော့လည်း ဦးလေးတို့မိဘတွေမရှိတော့ပြီမို့ အစ်မတို့ မိသားစုကိုပြန်ခေါ်ဖို့ ဦးလေးလာခဲ့တာ၊ ခုတော့ ...”

ဦးလေးမင်းထင်က ဆို့နစ်သွားသလို အသံတို့တိမ်ဝင်သွား သည်။

“ဟုတ်ပါတယ် ဦးလေး၊ အဖေနဲ့အမေဟာ မနှစ်ကပဲ ပိုး ထိလို့ဆုံးသွားခဲ့ကြတယ် ခုတော့ ကျွန်တော်တစ်ယောက် တည်းပဲ တစ်ကောင်ကြွက် တစ်မျက်နှာဘဝနဲ့ ကျန်ခဲ့ရတာ ပေါ့”

“ငါ့တူ ဘာမှအားမငယ်နဲ့၊ ဦးလေးရောက်လာပြီပဲ၊ ငါ့တူ ဘဝက တစ်ကောင်ကြွက် တစ်မျက်နှာ မဟုတ်တော့ဘူး၊ ငါ့တူ ဦးလေးနဲ့ တောင်ကြီးကိုလိုက်ခဲ့ရမယ်၊ ဟုတ်လား”

“ဟုတ်ကဲ့၊ ဝမ်းသာလိုက်တာ ဦးလေးရယ် ကျွန်တော့်ဘဝ တစ်ယောက်တည်း အထီးကျန်ဆန်ဆန် ဖြတ်သန်းရတော့

www.burmeseclassic.com

www.burmeseclassic.com



မောင်ထင်နေတာ"

"ကျော်စွာ … မင်းအတွက် ငါ ဝမ်းသာတယ်ကွာ၊ ငါ့အတွက်တော့ ငါ ဝမ်းနည်းတယ်"

ကိုအောင်ကြီးစကားကြောင့် သူ အကြောင်းသားဖြစ်သွားရသည်။

"ဘာဖြစ်လို့ ခင်ဗျားက ဝမ်းနည်းရတာလဲ"

"ဘာဖြစ်ရမှာလဲကွာ၊ ဟိုဘက်ရွာ မခင်မေကို ငါသွားပိုးရင် အဖော်လိုက်ပေးမဲ့ မင်းမှမရှိတော့တာ၊ ပြီးတော့ မင်းမရှိရင် ဒီနှစ်ရွာဘုရားပွဲကျရင် ဦးရွှေရိုးအက ဘယ်သူကပေးတော့မှာလဲ"

"ဟာဗျာ၊ကိုအောင်ကြီးကလည်း အဲဟုတ်မှတ်လို့များထောင်နေတာ"

ရယ်သံများ ဝေစီသွား၏။ ကိုအောင်ကြီးက တဟားဟားအော်ရယ်ပြီးမှ အရယ်ရပ်ကာ…

"နောက်တာပါ ငါ့ညီရာ၊ ငါ့ညီဘဝ ခုလို အဆင်ပြေပြေဖြစ်သွားတာကိုပဲ အစ်ကို ဝမ်းသာလှပါပြီ၊ ကဲ… အစ်ကိုလည်း ပြန်တော့မယ်၊ ဩော် ဦးလေးတို့ မြို့ကို ဘယ်တော့ပြန်ကြမှာလဲ"

"မနက်ဖြန်ပဲ ပြန်မယ်လို့ စိတ်ကူးထားတယ်ကွဲ့"



"ဩော်… ဟုတ်ကဲ့၊ ဦးလေးတို့ပြန်ဖို့ စီစဉ်စရာရှိတာတွေကို ကျွန်တော်စီစဉ်ထားလိုက်ပါ့မယ်။ ဒီနေ့တော့ တူရီးနှစ်ယောက် အေးအေးဆေးဆေးသာ စကားပြောရစ်ကြတော့၊ ကဲ … ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

"အေး… အေး ခုလိုကူညီတဲ့အတွက် မောင်ရင့်ကို ကျေးဇူးတင်ပါတယ်ကွယ်"

"ရပါတယ်ဗျာ၊ ကျေးဇူးတွေဘာတွေမလိုပါဘူး ကျွန်တော်တို့ ရွာကို လာတဲ့ဧည့်သည်ပဲ၊ ကူညီရမှာပေါ့၊ ကဲ … ကျော်စွာရေ အစ်ကိုသွားပြီ"

"ဟုတ်ကဲ့ အစ်ကို"

ထွက်ခွာသွားသော ကိုအောင်ကြီး၏ ကျောပြင်ကို ငေးကြည့် နေရာမှ ဦးလေးထံအကြည့်ပို့လိုက်ပြီး ကျော်စွာမေးမိသည်။

"ဦးလေးက မနက်ဖြန် တကယ်ပြန်တော့မှာလား"

"အေးလကွာ ဟိုမှာ အလုပ်တွေ နည်းနည်းရှိသေးလို့၊ နက်ဖန်ပဲ ပြန်လိုက်တော့မယ်၊ ဘာလဲ ငါ့တူက မသွားချင်သေးဘူးလား"

"မဟုတ်ပါဘူး၊ ကျွန်တော်က ဒီရွာလေးနဲ့ ချက်ချင်းကြီး ခွဲသွားရမှာဆိုတော့ စိတ်ထဲတစ်မျိုးဖြစ်သွားလို့ပါ၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ဦးလေးလည်း အလုပ်ရှိသေးတယ်ဆိုတော့

www.burmeseclassic.com



[illegible] ဖြန့်လိုက်တာကောင်းပါတယ်၊ ဒါနဲ့ ဦးလေးက ဘာအလုပ်လုပ်တာလဲဟင်”

“ဦးလေးက ခုလောလောဆယ်တော့ မိဘလက်ငုတ် လက်ရင်း မြေလုပ်ငန်းတွေကိုပဲ ဦးစီးလုပ်ကိုင်ရတာပေါ့၊ တစ်ခါတစ်လေ ကျရင် ကိုယ်ဝါသနာပါတဲ့ မနုဿဗေဒပညာကို လေ့ လာရင်း ခရီးတွေဘာတွေထွက်တာပေါ့ကွာ”

ဦးလေးပြောသော စကားထဲတွင် မနုဿဗေဒပညာဆိုသည့် စကားကို သူ့အဖို့အဆန်းသားဖြစ်သွားရ၏။ သိပ်နားမလည်ပေမယ့် ဦးလေးအားထပ်မေးရန်လည်းမကြိုးစားတော့ပေ။ ဦးလေးမှာ ခရီးပန်းလာသဖြင့် ပင်ပန်းနွမ်းနယ်နေပုံရသောကြောင့်ဖြစ်၏။ သူက အလိုက် တသိပင် ခေါင်းအုံးနှင့် စောင်များကို ထုတ်ယူလာ၍ခင်းပေးလိုက်လျှင် ဦးလေးမှာ ဟန်မဆောင်နိုင်တော့ဘဲ ကျောချအိပ်ပျော်သွားတော့၍ သူလည်း ဦးလေးအားမှ အသာခွာကာ နေ့လည်စာချက်ပြုတ်ရန်မီးဖို ချောင်ထဲသို့ ဝင်လာခဲ့ပါတော့၏။

* * *

## အခန်း (၃)

မြို့အကျယ်ကြီးနှင့် နန်းတော်တမျှ ကြီးကျယ်ခမ်းနားသော အိမ်ကြီးကိုမြင်လိုက်ရကတည်းက ကျော်စွာအဖို့ အံ့သြခြင်းတို့ အတော မသတ်နိုင်အောင်ဖြစ်မိရတော့၏။ တအံ့တသြမျက်လုံးများဖြင့် လိုက်လံ ငေးမောကြည့်ရှုနေသော သူ့ကိုဦးလေးကပြုံးရယ်ကာစကားဆိုလာ၏။

“ငါ့တူ ဒါ ဦးလေးအိမ်ပဲ၊ ကိုယ့်အိမ်ကိုယ့်ယာလို သဘောထားပြီးနေ … ဟုတ်လား၊ ဘာမှ အားနာစရာမလိုဘူး”

“ဟုတ်ကဲ့ ဦးလေး”

“ဟော့ … မောင်လှ အထုပ်တွေသယ်လာခဲ့၊ မောင်ကျော်စွာရဲ့အဝတ်အစားအိတ်ကို သူနေမယ့်အခန်းထဲမှာ သွားထည့်ထားလိုက်”

ဦးလေးက နံဘေးတွင် ရိုရိုလေးရပ်နေသော လူငယ်လေးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အားပြောလိုက်လေရာ ထိုသူမှာ အိတ်တွေကိုသဲယ်ယူ၍ ခပ်သုတ်သုတ် ထွက်သွားလေတော့၏။ ကျော်စွာသည် ဦးလေးနောက်မှအသာလိုက်လာမိသည်။ ဧည့်ခန်းထဲသို့ရောက်လျှင် ဦးလေးက ဆိုဖာပေါ်ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီးမှ ...

"ထိုင် ... ငါ့တူ၊ နားနားနေနေပေါ့၊ ငါ့တူကြည့်ရတာ မဝံ့မရဲ ဖြစ်နေသလိုပဲ၊ ဘာမှ ကြောက်စရာလည်းမလိုဘူး၊ ရှိန်စရာလည်း မလိုဘူးနော်၊ ငါ့တူ စိတ်လွတ်ကိုယ်လွတ် ပျော်ပျော်သာနေ ကြားလား၊ ဒီအိမ်မှာ ဦးလေးနဲ့အတူ အလုပ်သမားငါးယောက်နေကြတယ်၊ ခြံစောင့်ကြီးဦးဘဖွေးရယ်၊ ကားဒရိုင်ဘာမောင်လှတို့က အိမ်ဘေးက ကားဂိုဒေါင်ထဲမှာနေကြတယ်၊ ထမင်းချက်ဒေါ်တုတ်နဲ့ အိမ်သန့်ရှင်းရေးလုပ်တဲ့သံချောင်းတို့ကတော့ အိမ်နောက်ဖေးက အခန်းတွေမှာ နေကြတယ်၊ အဲ ... နောက်တစ်ယောက်ကတော့ ဦးလေးရဲ့ လူယုံတော်ကြီးဦးလှမင်းတဲ့၊ သူကတော့ အိမ်အောက်ထပ်မှာ အခန်းတစ်ခန်းနဲ့နေတယ်၊ ငါ့တူ လိုအပ်တာရှိရင် သံချောင်းတို့ ဒေါ်တုတ်တို့ရှိတယ်၊ သူတို့ကို ခိုင်းပေါ့၊ ခုချိန်ကစပြီး ငါ့တူဟာ ဒီအိမ်ရဲ့အိမ်သားတစ်ယောက် ဖြစ်သွားပြီ၊ ကိုယ့်အိမ်ကိုယ့်ယာလို သဘောထားပြီး လွတ်လွတ်လပ်လပ်သာနေ ဟုတ်ပလား"



"ဟုတ်ကဲ့ပါ ဦးလေး"

သူ့အဖို့ အိပ်မက်များလားဟုထင်မိနေတော့၏။ နန်းတော်တမျှ ခမ်းနားကြီးကျယ်လွန်းသော အိမ်ကြီးတွင်နေနေရသည့် မိမိအဖြစ်ကိုမယုံနိုင်သလို အံ့သြစိတ်နှင့် ဝမ်းသာစိတ်တို့ တစ်ပြိုင်တည်းခံစားနေရ၏။ အမေ့ကို ဖျတ်ခနဲသတိရလိုက်မိသည်။ အမေသည် သူ့ကိုနောက်ကြောင်း ရာဇဝင်တွေ ဘာဆိုဘာမှမပြောပြခဲ့။ သူက မေးသည့်တိုင် လိုးလွဲရှောင်ကွင်းသော စကားများဖြင့်သာ နှစ်သိမ့်ပြောဆိုခဲ့သည်။ ကြာတော့ သူလည်း အမေ့ကို ထပ်မမေးဖြစ်တော့ပေ။

တစ်ကယ်တော့ သူတို့နေသည့် ရွာကလေးသည်လည်း အဖေ၏ဇာတိချက်ကြွေမှ မဟုတ်ခဲ့တာ။ ဆွေမျိုးသားချင်းတစ်ယောက်တလေတောင်မရှိသော ထိုရွာကလေးတွင် သူတို့မိသားစု ဇာတ်မြှုပ်နေထိုင်ရင်း ရွာရိုးလူများကိုသာ ခင်ရာဆွေမျိုးလုပ်ခဲ့ကြရသည် မဟုတ်ပါလား။

မိဘနှစ်ပါးဆုံးပါးသွားပြီးကတည်းက အထီးကျန်ဖြစ်နေသော သူ့ဘဝထဲသို့ တွယ်မှီစရာ ဆွေမျိုးရင်းချာဦးလေးတစ်ယောက်ရှိခြင်းသည် သူ့အတွက် ကံကောင်းမှုတစ်ခုဟုသာ ဆိုလိုက်ချင်မိတော့သည်။

"ဆရာကြီး"

လူတစ်ယောက်က ဦးလေးအနားသို့ ရောက်လာကာ ခေါ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သံကြောင့် သူ့အတွေးစတို့ပြတ်သွားရသည်။

ဦးလေးက ထိုသူအားလှမ်းကြည့်ကာ··

"ဘာလဲ ကိုလှမင်း"

ဦးလေးပြောသော လူယုံတော်ကြီးဟု သူ သိလိုက်ရသည်။ ဦးလှမင်း၏လက်တွင် အရာတစ်ခုကို ကိုင်ထားသည်ကိုတွေ့ရ၏။

"ဆရာကြီးမရှိတုန်း လူတစ်ယောက်ရောက်လာတယ်၊ ပြီးတော့ ဒါလေးကို ဆရာကြီးကိုပေး,ပေးပါဆိုပြီးမှာသွားလို့"

ဦးလှမင်းကပြောပြီး လက်ထဲမှ အရာကိုကမ်းပေးလိုက်သည်။ ကျောက်သင်ပုန်းတစ်ချပ်ပဲဖြစ်၏။ ဦးလေးက ဦးလှမင်းကမ်းပေးသော ကျောက်သင်ပုန်းကို လှမ်းယူလိုက်ပြီး မျက်မှောင်ကြုတ်၍ကြည့်သည်။

ကျောက်သင်ပုန်းပေါ်တွင် စာများရေးထားဟန်တူ၏။ ဦးလေးက ကျောက်သင်ပုန်းရှိစာများကို ဖတ်နေသလိုအတန်ကြာငြိမ်သက်နေသောကြောင့်ဖြစ်၏။

အတော်ကြာမှ ဦးလေးက စာဖတ်ပြီးသွားကာ အသံရခက်စွာ ပြုံးလိုက်၏။

ဦးလေးအပြုံးကြောင့် ကျောက်သင်ပုန်းပေါ်ရှိစာများကို စိတ်ဝင်စားသွားမိသည်။

ဘာတွေရေးထားလို့ ဦးလေးပြုံးရတာလဲ။



"သြော်··· ဦးလှမင်း ဒီကျောက်သင်ပုန်းကိုလာပေးသွားတဲ့ လူကဘယ်လိုပုံစံလဲဗျ"

"အဲဒီလူပုံစံက သိုက်ဆရာလိုလို မှော်ဆရာလိုလိုပုံစံပဲ၊ အရပ်ကတော့ ခပ်ပျတ်ပျတ်ပါပဲ၊ သူ့မျက်နှာမှာ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတွေနဲ့ ခေါင်းပေါင်းပေါင်းထားတယ် ဖျင် လွယ်အိတ်ကြီးတစ်လုံးကိုလည်း လွယ်ထားသေးတယ်၊ ရှမ်းအင်္ကျီ၊ ရှမ်းဘောင်းဘီကြီးနဲ့ဆိုတော့ သူက ရှမ်းလူမျိုးတစ်ယောက်ဖြစ်ဖို့များတယ်"

"သူဘာတွေ ပြောသွားသေးလဲ"

"ဘာမှတော့ ထွေထွေထူးထူး ပြောမသွားပါဘူး၊ သူရောက်လာပြီး ဆရာကြီးကိုမေးတယ်၊ ဆရာကြီးမရှိဘူးလို့ပြောလိုက်တော့ လွယ်အိတ်ထဲက အဲဒီကျောက်သင်ပုန်းကိုထုတ်ပြီး စာရေးတယ်၊ သူရေးတဲ့စာတွေကဘာစာတွေမှန်း မသိဘူး၊ ကျုပ်လည်းမဖတ်တတ်ဘူး၊ စာရေးပြီးတော့ အဲဒီ ကျောက်သင်ပုန်းကို ဆရာကြီးလာရင် ပေးပေးဖို့မှာပြီးထွက်သွားတော့တာပဲ"

"သြော်··· ကိုလှမင်း ကျုပ်တူကိုသူနေမယ့် အခန်းကို လိုက်ပြပေးလိုက်ပါဦး"

"ဟုတ်ကဲ့ ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



"ငါ့တူ ဦးလှမင်းနောက်ကို လိုက်သွားလိုက် အခန်းထဲမှာ အေးအေးဆေးဆေးနားလိုက်ပါဦး"

ကျော်စွာက ခေါင်းကိုအသာဆတ်၍ ဦးလှမင်းနောက်ကိုလိုက်ရန်ပြင်လိုက်၏။ မျက်လုံးများက ဦးလေးလက်ထဲမှာ ကိုင်ထားသော ကျောက်သင်ပုန်းပေါ်မှစာများကို ကြည့်ဖြစ်အောင်ကြည့်လိုက်မိသေး၏။

အတွန့်တွေအတက်တွေနှင့် ရှုပ်ယှက်ခတ်နေသော စာများကို မြင်လိုက်၍ သူခေါင်းနဲနဲတော့ ခြောက်သွားမိသည်။ သူတစ်ခါမှ မမြင်ဖူးသောစာများဖြစ်၏။ ဦးလေးမှာ ကျောက်သင်ပုန်းပေါ်ရှိ ထိုစာများကိုဖတ်ရှုရင်း ပြုံးလျက်ကျန်ရစ်ခဲ့လေတော့သည်။

*　*　*

## အခန်း (၄)

နောက်တစ်နေ့နံနက်တွင် ဦးလေးဦးမင်းထင်က မြို့နှင့် မနီးမဝေး ရွာတစ်ရွာသို့ သွားရောက်မည်ဖြစ်ကြောင်းပြောကာ သူ့ကိုပါ လိုက်စေခဲ့၏။

"ဦးလေးက အဲဒီရွာကို ဘာသွားလုပ်မှာလဲဟင်"

သူက စပ်စုချင်စိတ်တစ်ဝက်ဖြင့် မေးလိုက်မိသည်။

"ဒီလို ငါ့တူရဲ့ ခုသွားမယ့် ရွာရဲ့ ရွာဦးကျောင်းဆရာတော် ဘုရားက ဦးလေးနဲ့ရင်းနှီးတယ်လေ၊ ဆရာတော်က အရေးတကြီးကိစ္စ ပြောစရာရှိလို့ လာခဲ့ပါဦးလို့မှာလိုက်တာနဲ့ ... အဲဒါသွားရမယ်၊ ငါ့တူလည်းလိုက်ခဲ့လေ ဆရာတော်နဲ့ တွေ့ဖူး သွားတာပေါ့"

သူက ခေါင်းကိုသာအသာညိတ်မိသည်။ ဘာအလုပ်မှ

www.burmeseclassic.com

www.burmeseclassic.com



ခင်မင်ရုရင်းနှီးသော၍ အားနေမယ်အတူတူ အခုလိုသွားလာနေတာ အမှ သူ့အတွက်အရှင်းပြနိုင်လိမ့်မည်ဟု သူထင်မိသည်။ ထို့ကြောင့် ဦးလေးနှင့်အတူလိုက်ရန် ဆုံးဖြတ်လိုက်မိသည်။

ရွာကလေးသို့သူတို့ကိုယ်ပိုင်ကားလေးဖြင့် ရောက်ရှိလာခဲ့ကြ၏။ သာသာယာယာရှိလှသော ရွာကလေးကိုမြင်မိစဉ်ခဏ၌ ကျော်စွာသည် မိမိနေခဲ့သည့်မွေးရပ်မြေရွာကလေးကို ပြန်လည်သတိရလာမိသည်။ ထိုရွာကလေးတွင်သူ့ကိုမွေးခဲ့သည်။ ဒီအရွယ် ရောက်သည်အထိ နေထိုင်ကြီးပြင်းလာခဲ့ရ၏။ သူ၏ မိဘနှစ်ပါးစလုံး ခေါင်းချခဲ့ရသည့် သူ့မွေးရပ်မြေရွာကလေးကို သူဘယ်လိုအခြေအနေမျိုးပဲ ရောက်နေသည်ဖြစ်ပါစေ၊ ဘယ်တော့မှမမေ့နိုင်လိမ့်မည်မဟုတ်ပေ။ ခဏပဲဖြစ်ဖြစ် တစ်ခေါက်တစ်လေတော့ သူပြန်လည်သွားရောက်ချင်ပါသေးသည်။ ကားဘရိတ်အုပ်ကာ ကျွီကနဲရပ်လိုက်တော့မှ သူ၏ တွေးလက်စအတွေးတို့ပြတ်သွားကာ ဝန်းကျင်ကိုဝေ့ဝဲကြည့်ရှုမိသည်။

ဟော ဘုန်းကြီးကျောင်းရှေ့တောင် ရောက်လာပြီပဲ။ ဦးလေးတောင် ကားပေါ်မှဆင်းနေပြီ။

"ငါ့တူရေ လာဟေ့။ ကျောင်းပေါ်တက်ရအောင်"

ရေနံရည်ဝနေသောကျောင်းကြီးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီးမှ ဦးလေးနောက်သို့လိုက်ခဲ့၏။ ကျောင်းကြီးကနှစ်ထပ်



ဖြစ်သည်။ လှေကားအတိုင်းတက်၍ ဇရပ် အပေါ်ကိုရောက်သည်နှင့် အသင့်စောင့်ကြိုနေသော ဆရာတော်က လှမ်း၍မိန့်လိုက်၏။

"ဒကာကြီးတို့ ရောက်လာကြပြီလား။ လာကြ… လာကြ"

"တင်ပါ့ဘုရား"

ဦးလေးက ဆရာတော်အားပြန်လည်ဖြေကြားလိုက်ပြီး ရိုကျိုးစွာဦးသုံးကြိမ်ချ၍ ရှိခိုးလိုက်၏။သူလည်း ဦးလေးနောက်နားဆီမှာ ခပ်ယို့ယို့ဝင်ထိုင်လိုက်ပြီး ဆရာတော်အား ဦးချရှိခိုးလိုက်သည်။

"ဟဲ့… ဒကာကြီး၊ ဒါက ဒကာကြီးရဲ့တူဆိုတာလား"

"တင်ပါ့ဘုရား"

"ဩော်… အေး အမေတူမို့လို့လားမသိဘူး၊ အချော သားပဲဟဲ့"

ဆရာတော်က သူ့အား စေ့စေ့ကြည့်ကာဆို၏။ သူတို့အကြောင်း ဆရာတော်ကသိရှိထားပုံရသည်။

"ဒကာလေး ရှေ့တိုးထိုင်လေ၊ ဘယ့်နှယ့် နောက်ကြီးမှာကပ်နေဘာတုန်း။ ကဲ့ … ကဲ၊ ရှေ့ကိုတိုးထိုင်ဦး လာ… လာ"

ဆရာတော်က မိန့်နေသည်မို့ သူလည်း ရှေ့ကိုတိုးကာထိုင်ရတော့၏။ ဆရာတော်က ခေါင်းတစ်ဆတ်ဆတ်ညိတ်ကာဖြင့် ပြုံး၍

www.burmeseclassic.com

www.burmeseclassic.com



ပြည့်နေသည်။

"တပည့်တော်လဲ တူလေးကျော်စွာကို သွားခေါ်နေတာ၊ မနေ့ကမှအိမ်ပြန်ရောက်တယ်၊ အိမ်ရောက်မှဆရာတော် အခေါ်လွှတ်ထားတယ်ဆိုတာသိရလို့ ဒီနေ့မှ ရောက်လာခဲ့တာ။ ဒါနဲ့ ဘာအရေးကိစ္စများရှိလို့ပါလဲဘုရား"

ဆရာတော်က ဦးလေးစကားကြောင့် တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် မျက်နှာပျက်သွား၏။

"အေး ဒကာကြီးကိုခေါ်ရတဲ့အကြောင်းကတော့ အရေးကြီးကိစ္စတိုင်ပင်မလို့ပဲကွဲ့။ ဒီလို… ဒကာကြီးရေ၊ ဦးဇင်းတို့ ကျောင်းမှာနေတဲ့ ဖိုးသူတော်လေးကို သိတယ်မဟုတ်ဘူး"

"တင်ပါ့ သိပါတယ်ဘုရား"

"အေး အဲဒီဖိုးသူတော်လေး ရုတ်တရက်ပျောက်သွားတဲ့ကိစ္စကိုပြောချင်လို့ခေါ်လိုက်ရတာပဲကွဲ့"

"ဗျာ၊ ဖိုးသူတော်လေးပျောက်သွားတယ် …ဟုတ်လား၊ ဘယ်လိုဖြစ်ရတာလဲ ဆရာတော်ဘုရား၊ ဘာလို့ ရုတ်တရက်ကြီးပျောက်သွားရတာလဲ"

"အဲဒီကိစ္စကိုပဲ ဦးဇင်းတို့လည်း ခေါင်းခဲနေကြတာ၊ အဲဒီဖိုးသူတော်လေးက တစ်နယ်တစ်ကျေးကနေပြီး ဦးဇင်းတို့ကျောင်းမှာလာနေတာ၊ ကိုယ့်လက်အောက်မှာနေတုန်းပျောက်



သွားတာဆိုတော့ ဦးဇင်းတို့လည်း အတော်စိတ်ပူနေမိတယ်၊ ထွက်သွားမယ်ဆိုရင်လည်း ဦးဇင်းကိုလျှောက်သွားရမှာပေါ့၊ ခုတော့မပြောမဆိုနဲ့ ထွက်သွားတာလားလဲ မသိဆိုတော့ ဦးဇင်းတို့ အတော်ကလေး ပူပန်နေရတာပေါ့၊ ဒကာကြီးရဲ့"

"ဟို … ဖိုးသူတော်လေးဆီကို ဒီကြားထဲ စာတွေဘာတွေများလာသေးလားဘုရား၊ ဒါမှမဟုတ် ထူးထူးခြားခြားဘာတွေဖြစ်သေးလဲ ဘုရား"

ဆရာတော်က စဉ်းစားသလို မျက်မှောင်ကြုတ်ကြည့်၏။

"စာတွေဘာတွေတော့ မလာဘူး ဒကာကြီးရဲ့၊ ဒါပေမယ့် ထူးခြားတာဆိုလို့ ဟိုတစ်ပတ်က ပစ္စည်းတစ်ခုရောက်လာခဲ့တယ်၊ အဲဒီ ပစ္စည်းရပြီးကတည်းက ဖိုးသူတော်လေး မူပျက်နေတာ ဦးဇင်းသတိထားမိတယ်၊ ဆွမ်းတောင်ကောင်းကောင်း မစားတော့ဘူး၊ တမှိုင်မှိုင်တတွေတွေဖြစ်နေတော့တာ ဒကာကြီးရဲ့ အဲဒါနဲ့များ သက်ဆိုင်နေမလား မသိဘူး"

"ဘာပစ္စည်းမို့လို့လဲ ဆရာတော်ဘုရား၊ တပည့်တော်ကို ပြပါဦး"

"အေး… အေး ဖိုးသူတော်လေး ကျန်ခဲ့တဲ့ပစ္စည်းတွေကို ဦးဇင်းသိမ်းထားတယ်ကွဲ့၊ ဦးဇင်းသွားယူလိုက်ဦးမယ်"

ဆရာတော်က တစ်စုံတစ်ရာကိုသွားယူပြီးနောက် ဦးလေး

www.burmeseclassic.com

www.burmeseclassic.com



အား ထိုပစ္စည်းကို ကမ်းပေးလိုက်၏။

"ဒါပဲ ဒကာကြီး"

ဦးလေးက ဆရာတော်ပေးလာသောပစ္စည်းကို အသေအချာကြည့်ရှုနေ၏။ သူလည်း စိတ်ဝင်စားသွားမိကာ ဦးလေးလက်ထဲမှ အရာကိုလှမ်းကြည့်မိသည်။

ဘံဆိပ်ပြားလိုလို၊ ဘာလိုလိုနှင့် ကျောက်သားတစ်ခုပေါ်တွင် အသေအချာထွင်းထုထားသည့်ရုပ်ပုံများမှာ ဘယ်လိုပုံတွေမှန်းမသိ။ ပုံတစ်ခုကိုတော့ သူနားလည်မိသည်။ လမင်း၏ပုံသဏ္ဌာန်ကို စိတ်ဆိုးဒေါသထွက်ဟန်ဖြင့် ပြုလုပ်ထားသည့်ပုံပင်ဖြစ်၏။

ကျော်စွာသည် ထိုကျောက်သားတံဆိပ်ကလေးကို ကြည့်ရင်းမှ ခေါင်းထဲမှ တဆစ်ဆစ်ထိုးကိုက်လာသလိုခံစားလိုက်ရ၏။

"ဒကာကြီး ဒီပစ္စည်းဟာ ဘာပစ္စည်းလဲဟင်"

"ရှေးဟောင်းတံဆိပ်တစ်ခုပဲလို့ ထင်တာပါပဲ ဘုရား"

"ဖိုးသူတော်လေးဆီ ဒီပစ္စည်းရောက်လာပြီးမှ ဖိုးသူတော်လေးပျောက်သွားတာဆိုတော့… ဒီပစ္စည်းဟာသင်္ကေတတစ်ခုခုဖြစ်မယ်ထင်တယ်၊ တစ်ယောက်ယောက်က ဖိုးသူတော်လေးကို ခြိမ်းခြောက်တာနဲ့ဘဲ့တယ် ဒကာကြီးရဲ့ ဒါဆိုရင်တော့ဒုက္ခပါပဲ၊ ဖိုးသူတော်လေးတော့ အန္တရာယ်နဲ့ တွေ့နေပြီထင်ပါတယ်ကွယ်"



ကျော်စွာသည် ခေါင်းကိုက်သည့် ဝေဒနာကိုအား တင်းခံနေရ၏။ ခေါင်းထဲမှ ရှူးရှူးနစ်နစ်ကိုက်ခဲမှု တစ်ဖြည်းဖြည်း ပိုမိုပြင်းထန်လာသည်။ ဆရာတော်နှင့်ဦးလေးကတော့ သူ့အဖြစ်ကိုသတိမမူမိ။ ကျောက်သားတံဆိပ်နှင့်ဖိုးသူတော်ပျောက်ဆုံးသွားမှုကိစ္စကို ဆွေးနွေး၍ ကောင်းနေကြဆဲ။

"ဒီလောက်လည်းစိတ်မပူပါနဲ့ ဆရာတော်ဘုရား၊ တပည့်တော်တို့လည်း ဖိုးသူတော်လေးကို ဝိုင်းရှာပေးပါ့မယ်"

"အေးအေး ရှာပေးကြပါဦးဒကာကြီးရယ်၊ ကိုယ့်ကျောင်းက လူပျောက်နေတော့ ဦးဇင်းမှာတာဝန်ရှိတယ်၊ ဒကာကြီးတို့ကို အားကိုးပါတယ်ကွယ်၊ ဝိုင်းဝန်းရှာပေးကြပါဦး"

ထိုစဉ်မှာပင် ကျော်စွာမှာ ဘယ်လိုမှခံနိုင်ရည်မရှိတော့ပါချေ။

"အား"

မခံမရပ်နိုင်အောင် ခေါင်းကိုက်မှုကြောင့် သူအော်ဟစ်ညည်းညူမိသည်။ သူ့အော်သံကြောင့် ဆရာတော်နှင့်ဦးလေးက အထိတ်တလန့်လှည့်ကြည့်လာ၏။

"ဟဲ့ ဒကာလေး ဘာဖြစ်တာလဲ"

"ကျော်စွာ တူလေး ဘာဖြစ်တာလဲဟင်"

"ခေါင်းထဲက မခံမရပ်နိုင်အောင်ကိုက်တယ်၊ အား…"

www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းကို လက်ဖြင့်အသာဖိကိုင်ကာ ပြောမိသည်။

"ဟဲ့…ဟဲ့၊ ဒါဆို ငါဖော်ထားတဲ့ဆေး တိုက်ကြည့်စမ်းမယ်၊ သြော်အရေးထဲ ဆေးဗူးကဘယ်ရောက်နေတယ်မသိဘူး"

ဆရာတော် ဆေးဗူးကိုဟှာဟှာသလဲရှာ၏။ ထို့နောက် သူ့ကို ဆေးတစ်ခွက်တိုက်သည်။ ဆရာတော်တိုက်သည့်ဆေးကိုသောက်ပြီး တော့မှ အတော်အတန်သက်သာသွားတော့၏။

"ကဲ … ကဲ ဒကာကြီးတို့ပြန်ရမှာ မိုးလည်းချုပ်နေပြီ၊ မပြန်ကြနဲ့တော့ ဒီည ဒီကျောင်းမှာပဲအိပ်လိုက်ကြတော့ ဒကာလေးကလည်း နေသိပ်မကောင်းသေးဘူးမို့လား"

"တင်ပါ့ ဆရာတော်ဘုရား တပည့်တော်တို့ ဒီညဒီမှာပဲ အိပ်လိုက်တော့မယ်ဘုရား"

ဦးလေးက သူ့ကို တစ်ချက်လှမ်းကြည့်ပြီးမှ ပြောလိုက်လေတော့သည်။

* * *

## အခန်း (၅)

ထိုနေ့ညက သူအတော်ကလေးနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားမိသည်။ဆရာတော်တိုက်သည့် ဆေးကြောင့်လားမသိ။ နံနက်မိုးသောက်တော့ ခေါင်းကိုက်ဝေဒနာမှာအလျှဉ်းမရှိတော့။ ယူပစ်သလိုပင် ပျောက်ကင်းသွားတော့၏။ အိပ်ရေးဝဝအိပ်လိုက်ရသဖြင့် ခွန်အားတွေပင် ပြန်လည်ပြည့်ဖြိုးလန်းဆန်းနေတော့သည်။

အိပ်ရာနိုးနိုးချင်း သူ ဦးလေးကိုလိုက်ရှာမိသည်။ ကျောင်းဝင်းအတွင်းနေရာအနှံ့လိုက်ရှာကြည့်သော်လည်း ဦးလေးကိုမတွေ့ရ။ ဦးလေးဘယ်များရောက်နေပါလိမ့်။

"ကိုမောင်လှ ဦးလေးဘယ်သွားလဲဗျ"

ဒရိုင်ဘာကိုမောင်လှက ကျောင်းဝင်းအတွင်းတံမြက်လှည်းပြီး ဆုံးလိုက်ပြုနေသည်ကိုတွေ့ရ၍ သူလှမ်းမေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရွာထဲခဏသွားမယ်လို့ပြောသွားတာပဲ…မောင်ကျော်စွာ"

"ထွက်သွားတာကြာပြီလား"

"တစ်နာရီလောက်တော့ရှိပြီထင်တယ်"

ဦးလေးရွာထဲကို ဘာသွားလုပ်တာလဲ။ တကယ်ဆိုသူ့ကိုပါ ခေါ်သွားသင့်သည်ဟု တွေးမိပြီးမှ ငါအိပ်နေလို့မခေါ်တာနေမှာဟု ပြန်ဖြေတွေးမိသည်။ ဦးလေးနောက်ကို လိုက်သွားရကောင်းနိုးနိုး ချီတုံချတုံဖြစ်နေမိစဉ် ကျောင်းပေါက်ဝတွင် ဦးလေးဝင်လာသည်ကို လှမ်းတွေ့လိုက်ရ၏။

ဦးလေးနှင့်အတူ လူတစ်ယောက်ပါလာသည်။ထိုသူ၏ပုံစံက ရှမ်းလူမျိုးတစ်ယောက်၏ အသွင်အပြင်မျိုးဝတ်စားဆင်ယင်ထားပြီး ကြီးမားသောဖျင်လွယ်အိတ်ကြီးတစ်လုံးကိုလည်း လွယ်ထားသေး၏။ ခေါင်းပေါင်းကြီးကိုလည်း ပေါင်းထားသေးရာ သူ့ပုံစံကသိုက်ဆရာလိုလို၊ မှော်ဆရာလိုလိုပါပဲ။

လူယုံတော်ကြီးဦးဘမင်းပြောသော ကျောက်သင်ပုန်းပေးသွားသူမှန်း သူချက်ချင်းရိပ်စားမိလိုက်သည်။ သူ့အနားသို့ ဦးလေးတို့ ရောက်လာ၏။

"ဟော့ ငါ့တူ နိုးပြီလားကွ"

"ဟုတ်ကဲ့ ဦးလေး"

ဦးလေးက သူ့ကိုနှုတ်ဆက်စကားပြောပြီး နံဘေးရှိလူကြီး



အား လှည့်၍ပြောလိုက်သည်။

"ဦးခွန်ချိုရေ ဒါ ကျုပ်တူမောင်ကျော်စွာ ကျုပ်တို့ခရီးမှာ သူ့ကိုပါ ခေါ်သွားရမယ်၊ ဘယ်လိုလဲ သဘောတူရဲ့လား"

ထိုလူကြီးက သူ့ကို စူးစူးစိုက်စိုက်ကြည့်ကာ နှစ်လိုစွာပြုံး၏။

"ကောင်းတာပေါ့ဗျာ၊လူငယ်ဆိုတော့သွက်သွက်လက်လက် ရှိတာပေါ့၊ ဦးမင်းထင်ရဲ့တူပဲ၊ ဘာစိတ်မချစရာရှိလဲမဟုတ်ဘူးလား"

ဦးလေးက သဘောကျသလို ခေါင်းတဆတ်ဆတ်ညိတ်၏။ ဦးလေးတို့နှစ်ယောက်ပြောနေသောစကားများကို ကျော်စွာအဖို့ နားမလည်နိုင်သလို မျက်စိသူငယ်နားသူငယ်ဖြစ်နေမိသည်။

"ဟို… ဦးလေးကခရီးထွက်ဦးမယ် ဟုတ်လား"

"ဟုတ်တယ် ငါ့တူရဲ့ ဦးလေးတို့ ခရီးတစ်ခုထွက်ဖို့ရှိသေးတယ်၊ အဲဒီခရီးကို မင်းပါလိုက်ခဲ့ရမယ်"

"ဟင်… ဘယ်ကိုသွားမှာလဲ"

"မြန်မာပြည်ရဲ့ နယ်ဖျားတစ်နေရာပေါ့၊ အဲဒီမှာ ဦးလေးက မနုဿဗေဒနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို သွားလေ့လာမလို့၊ ဒီက ဦးခွန်ချိုက ဦးလေးရဲ့ဝါသနာကိုသိလို့ ထူးဆန်းတဲ့လူမျိုးတွေရှိတဲ့ဒေသအကြောင်း စာရေးပြီး အကြောင်းကြားလာတယ်လေ၊ အခု ဦးလေးတို့က အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ဒေသကို ခရီးထွက်ရမယ်၊ ငါ့တူအနေနဲ့လည်း ဒေသန္တရ ဗဟုသုတရတာပေါ့ကွာ၊ သြော် ဒါနဲ့ ကိုခွန်ချိုရေ ခရီး ဘယ်နေ့ထွက်ရင်ကောင်းမလဲ''

ဦးလေးက သူ့ကိုပြောနေရာမှ ဟိုလူကြီးဘက်လှည့်ကာ မေးလိုက်၏။

''ဒီနေ့ မြို့ကိုပြန်ရောက်ပြီး စီစဉ်စရာရှိတာတွေကို စီစဉ်ရဦး မှာဆိုတော့ သန်ဘက်ခါလောက်ထွက်ရင်ကော''

''အင်း … ဟုတ်တယ်၊ သဘက်ခါလောက်ထွက်မှ အဆင်ပြေမယ်၊ ကျုပ်လည်း ခြံလုပ်ငန်းတွေနဲ့ပတ်သက်ပြီး ဦးဘမင်းကို မှာစရာရှိတာ မှာရဦးမယ်ဗျ''

''ဒီလိုဆိုရင်တော့ ဦးမင်းထင်ရေ သန်ဘက်ခါနံနက်စောစော မှပဲ ကျုပ် ခင်ဗျားအိမ် လာခဲ့တော့မယ်၊ ကျုပ်လည်း ခရီး ထွက်ဖို့ စီစဉ်စရာရှိတာတွေစီစဉ်ရဦးမယ်ဗျ၊ ခုတော့ ကျုပ်ကို သွားခွင့်ပြုပါဦး''

''ဟာ ဦးခွန်ချိုကလည်း ကျုပ်တို့ကားနဲ့လိုက်ခဲ့ပါဗျ၊ ကျုပ်တို့ လည်း ခုပဲ ဆရာတော်ကို လျှောက်ပြီးပြန်တော့ မယ့်ဟာ''

''နေပါစေ ဦးမင်းထင် ကျုပ်မလိုက်တော့ဘူး၊ ရွာထဲ ခဏ ဝင်လိုက်ဦးမယ်၊ လိုအပ်တဲ့ပစ္စည်းတွေသွားယူမလို့လေ''

''ဒါဆိုလည်းသဘောပါဗျာ၊ သြော် ဦးခွန်ချို သဘက်ခါ



ဘျရင် စောစောလာခဲ့ဖို့မမေ့နဲ့''

''စိတ်ချ၊ စိတ်ချ ဦးမင်းထင် ကျုပ်သွားပြီနော်''

ထွက်ခွာသွားသော ဦးခွန်ချို၏ကျောပြင်ကို ငေးကြည့်နေရာမှ ဦးလေးက သူ့ဘက်ငဲ့ကြည့်ကာ·

''ကဲ လာဟေ့၊ တို့တွေ ဆရာတော့်ကို ပြန်တော့မယ့် အကြောင်း သွားလျှောက်ရအောင်''

ပြောပြောဆိုဆိုဖြင့် ဦးလေးက ရှေ့မှထွက်သွားလေတော့၏။ သူလည်း ဦးလေးနောက်မှ အသာလိုက်လာခဲ့တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ခရီးမထွက်ခင် တစ်ရက်အလိုညက ကျော်စွာသည်မဆီမဆိုင် အိပ်မက်တစ်ခုကိုမြင်မက်နေခဲ့၏။

အိပ်မက်ထဲတွင် သူသည် ကျေးရွာတစ်ခုသို့ရောက်ရှိနေသည်။ ထိုရွာကလေးတွင်ရှိသော အိမ်ခြေများမှာ ယခုခေတ်လို အိမ်ပုံစံမျိုးမဟုတ်ပေ။ မြေစိုက်တဲလိုလို ခပ်ပိုင်းပိုင်းတဲအိမ်လေးများဖြစ်၏။ ထိုသို့သော တဲအိမ်ကလေးအတွင်းမှထွက်လာသူမှာ သူဖြစ်နေသည်ကို စိတ်မျက်စိမြင့်မြင်နေရ၏။

သူ့ပုံစံမှာ ဂုတ်အထိဝဲကျနေသော ဆံပင်ရှည်များကို မစည်းမနှောင်ဘဲသည်အတိုင်းချထားပြီး အဝတ်အစားများမှာလည်း အမျိုးအမည်မသိရသော တိရစ္ဆာန်တစ်ကောင်၏ သားရေတစ်ခုကို အထက်အောက်ဝတ်ဆင်ထား၏။ ကြည့်ရသည်မှာ တောတွင်းလူသား



လိုလိုဘာလိုလိုနှင့် လက်ထဲတွင် မြားတံတစ်ခုကိုလည်း ကိုင်ဆွဲထား ပြန်သေး၏။

သူက တဲအိမ်လေးအတွင်းမှအပြင်ထွက်လာပြီး ကောင်းကင် ကြီးကို မော့ကြည့်နေ၏။ ထိုစဉ် နောက်နားဆီမှ ပုရိပ်သဏ္ဍာန်တစ်ခု ထွက်လာကာ သူ၏ နောက်ကျောမှသိုင်းဖက်လိုက်၏။

သူက နောက်မှဖက်ထားသူကို ပြန်လည်၍ထွေးပွေ့လိုက်ပြီး စကားတတွတ်တွတ်ဆိုနေသည်။ သူ၏ ရင်ခွင်ထဲတွင်သူ့အားအတင်း အကျုပ်ပြန်လည်ဖက်ထားပြီးငိုရှိုက်နေသူမှာ မိန်းကလေးတစ်ယောက် ဝင်ဖြစ်၏။

ထိုမိန်းကလေးက မျက်ရည်များအိုင်ထွန်းနေသော မျက်ဝန်း များဖြင့်ကြည့်၍ စကားတတွတ်တွတ်ဆိုနေသည်။ သူက မိန်းကလေး ကို နှစ်သိမ့်သလို ပြန်လည်ထွေးပွေ့လိုက်ပြီးနောက် ကောင်းကင်ကြီးကို တစ်ခါမော့ကြည့်လိုက်ပြန်၏။

ထို့နောက် မိန်းကလေးကို ရင်ခွင်ထဲမှ ဖယ်ခွာလိုက်ပြီးနောက် တောလှမ်းကျဲကြီးများဖြင့် သူထွက်သွားလေတော့သည်။ မိန်းကလေးမှာ သူ့အားတကြော်ကြော်ခေါ်ရင်း ရှိုက်ကြီးတငင်ငိုကြွေးပြီး ကျန်ရစ်ခဲ့တော့ ၏။ သူက မိန်းကလေးကို တစ်ချက်မျှလှည့်မကြည့်တော့ပဲ တစ်နေရာ သို့ ဦးတည်ကာသွားနေတော့သည်။

ထိုအိပ်မက်ကို မြင်မက်ပြီး သူ အိပ်ရာမှဖျတ်ခနဲလန့်နိုးလာခဲ့

www.burmeseclassic.com

www.burmeseclassic.com



[illegible] ရင်ထဲမှာ တင်းတင်းကျပ်ကျပ်ဆို့ဆို့နင့်နင့်ကြီးခံစားနေရ၏။ ထူးဆန်းသောအိပ်မက်ကို ပြန်စဉ်းစားမိတော့ သူပြုံးမိသည်။

အိပ်မက်ထဲတွင် ကောင်မလေးတစ်ယောက်ကို သူကတွေ့ထားပြီး ကောင်မလေးကလည်း သူ့ကို ပြန်လည်ပွေ့ဖက်ထားသတဲ့။ သူ့ရင်သည် တဖျတ်ဖျတ်ခုန်လာရ၏။ ကြည်နူးစိတ်ကြောင့်လား၊ ရှက်စိတ်ကြောင့်လားမသိ၊ သူ၏ခန္ဓာကိုယ်ထဲရှိသွေးကြောများ တဖျဉ်းဖျဉ်းနှင့်ပူထူလာသလိုခံစားလိုက်ရ၏။

အသံထွက်၍ ခပ်ဟာဟာ ရယ်မိသည်။

"ဘယ်လိုအိပ်မက်ကြီးပါလိမ့်၊ အိပ်မက်ထဲကမိန်းကလေးက ငါ့ရဲ့ဖူးစာရှင်များလားမသိဘူး"

သူခပ်တိုးတိုးရေရွတ်မိသည်။ ထို့နောက် သဘောတကျအားပါးတရပြုံးလိုက်မိလေတော့၏။

* * *

## အခန်း (၇)

သတ်မှတ်ထားသည့်ရက်သို့ရောက်သောအခါ သူတို့အဖွဲ့ခရီးထွက်ခဲ့ကြ၏။ အဖွဲ့ဟုဆိုသော်လည်း ကျော်စွာရယ်၊ ဦးလေးရယ်၊ ဦးလေးမိတ်ဆွေ ဦးခွန်ချိုရယ် သုံးယောက်သာပါ၏။

သူတို့ခရီးစဉ်သည် အထက်ချင်းတွင်းဒေသဆီ ဦးတည်သွားနေခြင်းဖြစ်၏။

ကားတစ်တန်၊ မီးရထားတစ်တန်ဖြင့် အမြို့မြို့အရွာရွာများကို သူတို့ဖြတ်ကျော်ခဲ့ရ၏။ တစ်ခါတစ်ရံ ခြေလျင်ခရီးဆက်ကြရသေး၏။

ခရီးသာထွက်လာရသော်လည်း ယခုအထိ ခရီးထွက်ရခြင်းအကြောင်းအရာကို လုံးစေ့ပတ်စေ့မသိရသေးချေ။ ဘယ်အရပ်ကိုသွားနေတာလဲ။ ဘာသွားလုပ်မှာလဲဟူသောမေးခွန်းတွေကို သူ မမေးမိသလို ဦးလေးတို့ကလည်း ရှင်းလင်းပြောပြဖို့ စိတ်ကူးရှိပုံ မပေါ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



မြို့စဉ်ကြည် နယ်စွန်နယ်ဖျားက လူထူးလူဆန်းမျိုးနွယ်တွေအကြောင်း သွားရောက်လာခဲ့လျှင် ဦးလေးပြောပြခဲ့တာကိုပဲ ယောင်ဝါးဝါးသိခဲ့ရ၏။

ဦးလေးနှင့်ဦးခွန်ချိုမှာ နှစ်ယောက်သားခေါင်းချင်းတဆိုင်ဆိုင် တိုးတိုးကြိတ်ကြိတ် ဆွေးနွေးတိုင်ပင်နေကြချိန်ဝယ်ကျော်စွာမှာ ပတ်ဝန်းကျင် ရှုမျှော်ခင်းများကိုငေးကြည့်ရင်း လိုက်ပါလာခဲ့ရ၏။

ယခုဆို ခရီးထွက်လာရတာ ၁၀ ရက်ပင်ရှိနေပြီ။ မြို့ကြီးရွာကြီးများကို အသီးသီးဖြတ်ကျော်ခဲ့ပြီးနောက် နယ်စွန်နယ်ဖျား ရွာသိမ်ရွာမွှားလေးများအထိ သူတို့ ရောက်ရှိလာခဲ့ကြ၏။

မှောင်မနေတော့ ခရီးဆက်ခဲ့ကြသည်မှာ တကယ့်ကို ကုန်းတစ်တန် ရေတစ်တန်။ နောက်ဆုံး ကားလမ်း မပေါက်သောနေရာသို့ပင် ရောက်ရှိလာခဲ့ကြတော့၏။

"ကဲ ဦးမင်းထင်ရေ ကားလမ်းနဲ့သွားလို့မရတော့ဘူး၊ ကျုပ်တို့ ခြေကျင်ခရီးဆက်ရတော့မယ်၊ ဟောဒီတောလမ်း အတိုင်းသွားရတော့မယ်ဗျို့"

"အေးလေ ဘယ်တတ်နိုင်မလဲ၊ ကိုယ့်ခြေထောက်ကို အားကိုးပြီး တောလမ်းအတိုင်းဆက်သွားဖို့ပဲရှိတော့တာပေါ့၊ ဒါနဲ့ လမ်းပြတစ်ယောက်လောက်တော့ ရရင်ကောင်းမယ်ဗျနော် ဦးခွန်ချို"

"ဒီအတွက် စိတ်မပူပါနဲ့ ဦးမင်းထင်ရယ်၊ ကျုပ်အားလုံး



စီစဉ်ထားပြီးပါပြီ၊ တော်ကြာနေ ကျုပ်တို့ကိုလမ်းပြပေးမယ့်သူ ရောက်လာပါလိမ့်မယ်"

"ဟင်… ခင်ဗျားက ဘယ်တုန်းကဘယ်လို စီစဉ်လိုက်တာလဲ"

ဦးခွန်ချိုက လျှို့ဝှက်သလိုပြုံးနေ၏။

"နောက်က ကျုပ်တို့နားခဲ့တဲ့ရွာကလေးမှာ ကျုပ်မေးကြည့်မိတော့ တောလမ်းဖြတ်ရမယ်ဆိုတာနဲ့ လမ်းပြပေးနိုင်မယ့်သူရှိလားလို့ တစ်ခါတည်းမေးခဲ့မိတယ်၊ လူတစ်ယောက်ကသူ လမ်းပြလုပ်ပေးနိုင်တယ် ပြောလာတာနဲ့ ကျုပ်လည်းတစ်ခါတည်းမှာခဲ့လိုက်တယ်လေ၊ တော်ကြာနေ သူ ရောက်လာပါလိမ့်မယ်၊ ကျုပ်တို့ ခဏစောင့် ကြည့်ကြတာပေါ့"

"ဩော်… ဒီလိုဆိုတော့လည်း ဦးခွန်ချိုက ကြိုမြင်သားပဲဗျ ကောင်းပါတယ်ဗျာ၊ လမ်းပြပါလာတော့ ကျုပ်တို့ခရီးလမ်း မခက်ခဲတော့ဘူးပေါ့"

"ဟော … ပြောရင်းဆိုရင်း ဟိုမှာလမ်းပြကြီးလာပါပြီဗျာ"

ဦးခွန်ချိုလှမ်းပြရာသို့ ဦးလေးနှင့်ကျော်စွာ လှမ်းကြည့်မိကြသည်။ အသားမည်းမည်းတုတ်တုတ်ခိုင်ခိုင်နှင့် လူတစ်ယောက် လျှောက်လာနေသည်ကိုတွေ့လိုက်ရ၏။ သူ၏ မြင့်မားသောအရပ်ကြောင့် အဝေးကပင် ထင်းထင်းလင်းလင်းမြင်နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေတို့ စောင့်နေရတာကြာပြီလားဗျ၊ ကျုပ်နည်းနည်း နောက်ကျသွားတယ်"

ထိုသူက စကားသံခပ်ဝဲဝဲဖြင့်ပြောလိုက်ပြီး အားနာသလို ရယ်ပြရှာ၏။ ကွမ်းချိုးတက်နေသောသွားများ အထင်းသားပေါ်လာ၏။

"ရပါတယ်၊ ကျုပ်တို့လည်းရောက်တာမကြာသေးပါဘူး၊ ကဲ… အချိန်ရှိတုန်းလေး ကျုပ်တို့သွားကြရအောင်"

ဦးခွန်ချိုက ထိုသူအား လှမ်းပြောလိုက်ကာ လောဆော်လိုက်၏။ လမ်းပြက သူ၏ခါးကြားထဲမှတစ်စုံတစ်ခုကို ဆွဲထုတ်လိုက်သည်။ ထင်းခုတ်ဓါးတစ်လက်ပင်ဖြစ်၏။ ထို့နောက် သူက ရှေ့မှဦးဆောင်ကာ တောလမ်းအတွင်းသို့ဝင်သည်။ ပိတ်ကာတားဆီးနေသောသစ်ခက် ဝါးခက်များကို လမ်းပြကခုတ်ထွင်လမ်းရှင်းကာသွားနေ၏။

မကြာမီ တောနက်တွင်းသို့သူတို့ရောက်ရှိလာကြ၏။ နေပြောက်ပင်မထိုးနိုင်လောက်အောင် တောကြီးကပိန်းပိတ်အောင် သစ်ပင်ဝါးပင်များကာဆီးနေ၏။ သစ်ရိပ်ဝါးရိပ်များကြောင့်တောတွင်း၌ စိမ့်အေးနေသည်။ လမ်းပြ၏ခရီးလမ်းကျွမ်းကျင်မှုကြောင့် သူတို့ တစ်စုံ တရာအခက်အခဲမတွေ့ရသော်လည်း လူကတော့ အလွန် မောဟိုက်၍ နေပေပြီ။ ဦးလေးကိုလှမ်းကြည့်မိသည်။

ဦးလေးမှာ ချွေးပြိုက်ပြိုက်ကျအောင်မောဟိုက်နေသော်လည်း ရယ်မောချင်သည့်စိတ်ကူးရှိပုံမတူပေ။အလွန်တရာမှစိတ်အားထက်သန်



နေပုံဖြင့် ခပ်သွက်သွက်သွားနေ၏။ ဦးခွန်ချိုကတော့ တစ်စုံတစ်ရာကို တွေးတောနေပုံမျိုးဖြင့် ငြိမ်သက်တိတ်ဆိတ်ကာလိုက်ပါလာ၏။ သူတို့ တစ်ဦးကိုတစ်ဦး စကားမဆိုမိကြ။ သုံးနာရီခန့်မျှ ခရီးပြင်းပြင်းနှင်လာခဲ့ ကြပြီးနောက် တစ်ဖက်တောဝသို့ရောက်ရှိလာကြ၏။

"ကဲ … လမ်းဆုံးပြီ၊ ကျုပ်တာဝန်ပြီးပြီ၊ ဒီကနေမိတ်ဆွေတို့ ဆက်သွားရင်တော့ ရှေ့မှာ ရွာတစ်ရွာတွေ့ရလိမ့်မယ်၊ကျုပ်ကတော့ ဒီအထိပဲလိုက်ပို့နိုင်မယ်"

"ကောင်းပြီ၊ ခုလို လမ်းပြပေးတဲ့အတွက် သိပ်ကိုကျေးဇူး တင်ပါတယ်"

ဦးလေးက လမ်းပြအားပြောလိုက်ပြီး ပိုက်ဆံရှင်းပေး လိုက် [illegible] လမ်းပြမှာငွေရပြီးသည်နှင့်နှုတ်ဆက်ကာ တောတွင်းသို့ ပြန်လည် ဝင်ရောက်သွားလေတော့၏။

သူတို့အဖွဲ့မှာ …

အတန်ငယ်ကြာအောင် ဆက်လျှောက်လာကြပြီးနောက်မှ လမ်းပြညွှန်လိုက်သော ရွာကလေးသို့ ရောက်ရှိလာခဲ့ကြတော့သည်။

ရွာကလေးက အတော်စည်ကားပုံရသည်။ ဈေးရှိသည်။ လက်ဘက်ရည်ဆိုင်ရှိသည်။ ရွာလမ်းတစ်လျှောက်တွင် ဟိုဟိုဒီဒီ သွားလာနေကြသော ရွာသားများဖြင့် စည်ကားလျက်ရှိနေသည်။ [illegible]ဦးစနစ်ဦးစမှာ သူတို့အဖွဲ့အား စူးစူးစိုက်စိုက် အကဲခတ်သလို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်သွားရုံမျှလဲ၍ စပ်စပ်စုစုမေးမြန်းပြောဆိုခြင်းလည်း မရှိကြချေ။ သူစိမ်းတစ်ယောက်နှင့်သည်များလာခြင်းမှာ ယင်းတို့အတွက်တော့ အဆန်းတကြယ် ဖြစ်ဟန်မတူကြပေ။

ကျော်စွာတို့လည်း ရွာလမ်းအတိုင်းဟိုငေးဒီငေးဖြင့် လျှောက်လာခဲ့ကြ၏။ လျှောက်လာရင်းနှင့်ပင် လမ်းတစ်နေရာအရောက်တွင် လူများအုံ့၍ကာ တစ်စုံတစ်ရာဝိုင်းဝန်းကြည့်ရှုနေသည်ကို မြင်လိုက်ရ၍ သူတို့မှာစပ်စုချင်စိတ်ဖြင့် ဝင်တိုးကြည့်မိကြသည်။

''အလိမ္မာယ် မြပွဲပဲကွ''

ဦးခွန်ရှိုက ရှေ့ဆုံးမှဝင်တိုးကြည့်ကာ အော်ပြောလေ၏။ ကျော်စွာကစိတ်ဝင်စားသွားပြီး လူများကြားမှတိုးဝှေ့ကြည့်မိသည်။ ပုလွေမှုတ်နေသည့် လူကြီးတစ်ယောက်၏ရှေ့တွင်ပါးပျဉ်းထောင်၍ စည်းချက်အတိုင်း ယိမ်းနွဲ့လှုပ်ရှားနေသော မြွေဟောက်ကြီး တစ်ကောင်နှင့်လူတစ်ယောက်ကို တွေ့လိုက်ရ၏။ ထိုလူ၏ပုံသဏ္ဌာန်မှာ ရုတ်တရက်အားဖြင့်ကြည့်လျှင် ယောက်ကျားလား၊ မိန်းမလားဟု ခန့်မှန်းခွဲခြားရခက်လှချေ၏။

အနက်ရောင် ဖျင်အင်္ကျီလက်ရှည်နှင့် ဘောင်းဘီကိုတွဲ၍ ဝတ်ဆင်ထား၏။ ခေါင်းတွင်ခမောက်ကြီးကြီးတစ်ခုကိုလည်း ဆောင်းထားသေးသည်။ မျက်နှာတွင်လဲ နှာခေါင်းနှင့်ပါးစပ်ကို အနက်ရောင်ပုဝါတစ်ခုဖြင့် ဖုံးအုပ်ထားသေးရာမျက်လုံးနှစ်လုံး ကိုသာမြင်ရလေ



၏။

ထိုလူ၏လှုပ်ရှားမှုအတိုင်း မြွေဟောက်ကြီးမှာ ယိမ်းနွဲ့နေခြင်းဖြစ်သည်။ ထိုလူကတစ်ဘက်သို့ယိမ်းလျှင် မြွေဟောက်ကြီးက ထိုအတိုင်းလိုက်ယိမ်း၏။ ရှေ့တိုးနောက်ဆုတ်လုပ်လျှင် မြွေဟောက်ကြီးမှာ ထိုအတိုင်းလိုက်လုပ်၏။ စည်းချက်နှင့်အံဝင်ခွင်ကျဖြစ်အောင် လှုပ်ရှားနေပုံကြည့်ရသည်မှာ ကနေသည်နှင့်ပင် တူနေသေးတော့၏။

ခမောက်ဆောင်းထားသောလူက မြွေကြီးကို တဖြည်းဖြည်းချဉ်းကပ်၍ သူ၏လက်များဖြင့် မြွေခေါင်းကိုကျွမ်းကျင်စွာကိုင်လိုက်၏။ လက်ထဲတွင်ပါလာသော မြွေကြီးကိုပုခုံးများထက်သို့တင်လိုက်ပြီး ပုလွေသံနှင့်အတူ စည်းချက်ညီညီကနေပြန်၏။

ကြည့်ရှုနေကြသူတို့မှာအသည်းတယားယားရင်တစ်ထိတ်ထိတ်ဖြစ်မိနေကြသည်။ အဆုံးသတ်ပြကွက်အနေဖြင့် ခမောက်ဆောင်းထားသည့်လူက မြွေခေါင်းကိုကျင်လည်စွာကိုင်၍ နှုတ်နမ်းပြလိုက်လေသောအခါကြည့်ရှုသောပရိသတ်တို့မှာ 'ဟာ'ခနဲ 'ဟင်'ခနဲ ဖြစ်သွားကြလေ၏။

ထို့နောက် ခမောက်ဆောင်းထားသည့်လူက မြွေကြီးကိုပုခုံးထက်မှ ပြန်လည်လျှော့ချပြီး တောစပ်ဝသို့သွားကာ လွှတ်ပေးလိုက်လေ၏။ ပုလွေသံမှာလည်း တိခနဲ ရပ်တန့်သွားပြီဖြစ်သည်။ မြွေကြီးမှာ တောမှ သတ်ဝင်လာသည့်အလား တောစပ်သို့ကြော့ကြော့အားလန့်အား

www.burmeseclassic.com



ဖြင့် ပြန်လည်တိုးဝင်ပျောက်ကွယ်သွားလေတော့၏။

"ဟာ မြွေကြီးကို ဒီအတိုင်းလွှတ်လိုက်မလို့လား၊ ပြန်ထွက်လာပြီးအန္တရာယ်ပေးနေရင် ဘယ်လိုလုပ်မလဲ"

ပရိသတ်ထဲမှ လူတစ်ယောက်ကအလန့်တကြားထပြောသည်။

"စိတ်ချပါ၊ သူဘယ်တော့မှပြန်ထွက်လာမှာမဟုတ်တော့ပါဘူး၊ သူ့လမ်းသူသွားတာပါ"

ချိုသာကြည်လင်စွာ ပြောလိုက်သောအသံကြောင့် အားလုံးလှမ်းကြည့်မိကြသည်။ ခမောက်ဆောင်းထားသောလူက ပြောလိုက်ခြင်းဖြစ်၏။ အသံကိုကြားရတော့မှ မိန်းကလေးတစ်ဦးဖြစ်မှန်းသိရှိရတော့တာဖြစ်သည်။

ကျော်စွာကိုယ်တိုင်ပင် အံ့သြမိရတော့သည်။ မြွေဆိုး တစ်ကောင်နှင့် လက်ပွန်းတတီးကပြဖျော်ဖြေခဲ့သော မိန်းကလေးကိုကြည့်၍ စိတ်ထဲမှ အာဂမိန်းကလေးဟု ကြိတ်၍ချီးကျူးလိုက်မိသည်။

မိန်းကလေးက ဆောင်းထားသောခမောက်ကို ချွတ်၍ …

"ကျွန်မကအဖေ မျက်မမြင်ကြီးကိုလုပ်ကျွေးနေတဲ့သူပါ။ ယော…ဟိုကပုလွေမှုတ်နေတဲ့သူက ကျွန်မရဲ့အဖေ မျက်မမြင်ကြီးလေ၊ ကျွန်မတတ်ကျွမ်းတဲ့ပညာလေးနဲ့ ဖျော်ဖြေပြီး ဝမ်းစာရှာရတဲ့သူမို့သဒ္ဓါသလောက်လေး လှူသွားကြပါဦးလို့



မေတ္တာရပ်ခံပါတယ်ရှင်"

မိန်းကလေးကသနားစဖွယ်ပြောလိုက်သောအခါ လူအုပ်ကြီးမှာ လှုပ်လှုပ်ရွရွဖြစ်သွားကြပြီး မိန်းကလေးကိုင်ထားသောခမောက်ထဲသို့ ပိုက်ဆံများအသီးသီးထည့်လိုက်ကြ၏။

ကျော်စွာမှာ ခမောက်ချွတ်လိုက်၍ ရှင်းရှင်းလင်းလင်းမြင်နေရသော မိန်းကလေး၏မျက်ဝန်းများကိုကြည့်ကာ စိတ်ထဲစနိုးစနောင့်ဖြစ်မိနေသည်။

"ဒီမျက်ဝန်းတွေ သူနဲ့ရင်းနှီးနေသလိုပါပဲ၊ ဘယ်မှာမြင်ဖူးတာပါလိမ့်၊ သူဘယ်သူလဲ၊ ဘာကြောင့် ဒီမျက်ဝန်းတွေကို မှတ်မှတ်ရရရှိနေမိတာလဲ"

ဟုတွေးရင်းမှင်သက်အံ့သြစွာငေးကြည့်နေမိသည်။ဦးခွန်ချိုက လွယ်အိတ်ထဲမှ ပိုက်ဆံအချို့ကိုထုတ်ကာ မိန်းကလေးရှိရာသို့သွား၏။ မိန်းကလေး၏ခမောက်ထဲသို့ ပိုက်ဆံထည့်မည်အပြုတွင် မိန်းကလေးသည် ခမောက်ကိုဆတ်ခနဲဆွဲယူလိုက်ပြီးနောက် ဦးခွန်ချိုအား စူးစူးဝါးဝါး စိုက်ကြည့်ကာ လှည့်ထွက်သွားလေ၏။

မိန်းကလေး၏အပြုအမူကြောင့်ဦးခွန်ချိုသည်အံ့တိုးအမ်းတမ်းဖြစ်သွားကာ နားမလည်နိုင်သလို ငေးကြည့်နေ၏။ မိန်းကလေးမှာ သူ့အဖေမျက်မမြင်ကြီးကိုခေါ်၍ လူအုပ်နှင့်ဝေးရာသို့ ထွက်သွားတော့သည်။ လူအုပ်ကြီးမှာလည်း ကိုယ်စီကိုယ်စီအသီးသီး ထွက်သွားကြ

www.burmeseclassic.com



ရာ လမ်းအလယ်၌သူတို့သုံးဦးသာရပ်ငေးလျက် ကျန်ရစ်ခဲ့တော့သည်။

ဦးစွန်ရှိုက မျက်မှောင်ကြုတ်ကာ ခေါင်းကိုအသာရမ်း၍

"ဘယ်လိုမိန်းကလေးလဲမသိဘူး၊ စေတနာနဲ့ပိုက်ဆံပေးတော

မယူဘဲ လူကိုရန်သူလိုကြည့်သွားတယ်"

ဟု မကျေမနပ်ရေရွတ်နေလေ၏။

ကျော်စွာသည် အဖြစ်အပျက်အလုံးစုံကို ကြည့်ရှုရင်း မှင်သက်မိနေသည်။ တရင်းတနှီးရှိနေသော မျက်ဝန်းလေး။ ဘယ်မှာ တွေ့ဖူးနေပါလိမ့်။ စဉ်းစား၍မရနိုင်အောင်ဖြစ်နေမိတော့သည်။

* * *

## အခန်း (၈)

ရွာတွင်းရှိ ထမင်းဆိုင်တစ်ဆိုင်တွင်ဝင်စားရင်း သူတို့စကားစမြည် နေမိသည်။ ရှေ့ဆက်ရမယ့်ခရီးအတွက် ဦးလေးနှင့်ဦးစွန်ရှိုတို့ကခေါင်း ချင်းဆိုင်၍ နှစ်ယောက်သားတီးတိုးဆွေးနွေးနေသည်။ ကျော်စွာသည် ထမင်းစားနေရာမှ ဘာရယ်မဟုတ် လမ်းဘက်အကြည့် ရောက်သွား မိ၏။

သူမြင်ကွင်းထဲသို့ စောစောကတွေ့ခဲ့ရသော ကောင်မလေးတို့ သားအမနှစ်ယောက်၏ပုံရိပ်များတန်းဝင်လာ၏။ သူမတို့က လမ်းမ အတိုင်းလျှောက်လာကြသည်။ မချိုမချဉ်ဖြစ်နေသော ထိတ်ခနဲ ရင်ခုန်သွားကာ မှင်သက်စွာငေးမောနေမိသည်။

ကောင်မလေးကသူမ၏အမေကိုဖေးမတွဲကာ ဖြည်းဖြည်း လျှောက်လာ၏။ ကောင်မလေး၏ပုခုံးထက်တွင် အထုပ်တစ်ထုပ်

www.burmeseclassic.com



ကိုလွယ်ထားပြီး လက်တစ်ဘက်တွင်လည်း အထုပ်တစ်ထုပ်ကိုချိတ်ဆွဲထားသေး၏။ တစ်ဖက်ကလည်းဖခင်ကြီးကို ဖေးမတွဲကူထားလိုက်သေးသည်။ ခမောက်နှင့်နှာခေါင်းစည်းပုဝါကိုတော့ခုထိမချွတ်သေးဘဲရှိနေရာ သူမ၏ပုံစံကိုကြည့်ရသည်မှာ အတော်ကလေးစိတ်မသက်မသာဖြစ်မိရသည်။

သူမတို့ ဒီရွာကတော့ဟုတ်ဟန်မတူပေ။ သူတို့လိုပဲခရီးသွားတွေဖြစ်မည်ထင်သည်။

'ဘယ်ကနေပြီးဘယ်ကိုသွားကြမှာလဲ၊ ဒီလိုပဲ နယ်လှည့်ပြီးဝမ်းစာရှာနေကြတာပဲလား၊ မင်းဘဝက သနားစရာကောင်းလိုက်တာမိန်းကလေးရယ်' ဟု ကျော်စွာကရုဏာသက်စွာတွေးမိသည်။

ဒီမိန်းကလေးရဲ့မျက်ဝန်းတွေက သူနဲ့အတော်ကလေး ရင်းနှီးနေသလိုပဲဟု သူထင်မိသည်။ သူမကို ဘယ်နေရာမှာတွေ့ခဲ့ဖူးလဲဆိုတာတော့ သူစဉ်းစား၍မရနိုင်အောင်ရှိနေ၏။

မျက်ဝန်းတွေက ဒီလောက်လှနေပါလျက်နဲ့ မျက်နှာအလုံးစုံ...ိုးအော်ပြြ...ုံ...ှယ်ထားရတာ ဘာကြောင့်များပါလိမ့် ၊ လူမြင်သူမြင်မခံဝံ့တဲ့ ချို့ယွင်းချက်တစ်ခုခုများရှိနေလို့များလား။

ကျော်စွာသည် တွေးရင်းငေးနေမိ၏။ စားလက်စထမင်းကိုရပ်လျက်ငေးမိနေခြင်းဖြစ်ရာ တိတ်ဆိတ်နေသဖြင့် ဦးလေးကလှည့်ကြည့် လာ၏။ ပြီးနောက် သူကြည့်ရာနေရာသို့ လိုက်ကြည့်လိုက်ပြီး



သဘောပေါက်သွားသလိုခေါင်းတဆတ်ဆတ်ညိတ်ကာပြုံးလိုက်သည်။

ထိုစဉ် ထိတ်လန့်တကြားအော်ဟစ်သံကြီးနှင့်အတူဆူညံသည့်အသံများကို ရုတ်တရက် ကြားလိုက်ရလေတော့သည်။

"ပြေးကြဟေ့ နွားရိုင်းကြီးလွတ်လာပြီ၊ လွတ်ရာရှောင်ကြဟေ့"

နွားရိုင်းကြီးတစ်ကောင်သည် မည်းမည်းမြင်ရာတိုးခွေ့နေပြီးလမ်းတည့်တည့်အတိုင်း ပြေးလာနေသည်ကိုတွေ့လိုက်ရ၏။

လမ်းပေါ်ရှိလူများမှာ ကြောက်လန့်တကြားဖြင့်လွတ်ရာရှောင်တိမ်းပြေးလွှားနေကြ၏။

အော်သံ၊ ဟစ်သံ၊ ပြေးသံ၊ လွှားသံများဖြင့် ကမ္ဘာပျက်သလိုဆူညံပွက်လောရိုက်နေတော့၏။

ကျော်စွာ ထိတ်ခနဲရင်ခုန်သွား၏။ ခေါင်းနပန်းတွေကြီးသွားရသည်။ ဟိုမိန်းကလေးတို့သားအဖလမ်းပေါ်မှာပဲရှိသေးသည်။ ...ရိုင်း ကြီးမှာ လမ်းပေါ်၌ထီးထီးရပ်လျက်ရှိနေသော မိန်းကလေးတို့...အဖ ရှိရာသို့ တစ်ဟုန်ထိုးပြေးဝင်လာနေ၏။

မိန်းကလေးတို့မှာ ထွက်ပြေးဖို့ရာ ဖခင်မျက်မမြင်ကြီးက...က်တွဲထားရသည့်အပြင် အထုပ်တွေကတစ်ဖက်ကြောင့် လွတ်...အောင် ပြေးနိုင်တော့မည်မဟုတ်ပေ။

နွားရိုင်းကြီးမှာ တစ်စတစ်စသူမတို့နှင့် နီးကပ်လာချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သတကြီးတစ်ဟုန်ထိုးပြေးဝင်လာနေသည်မှာမြန်ဆန်လွန်းလှချေ၏။ အားလုံးစိုးရိမ်တကြီး မိန်းကလေးတို့အား အော်ဟစ်သတိပေးနေကြသည်။

"မြန်မြန်ပြေးလာ၊ ဒီဘက်ကိုမြန်မြန်ပြေးလာ"

"နွားရိုင်းကြီး မှီတော့မယ်"

မိန်းကလေးက မလွှတ်နိုင်တော့မှန်းရိပ်စားမိကာ သူမ၏ အဖေအား လမ်းဘေးတစ်ဘက်သို့တွန်းပို့၍နွားရိုင်းလာရာဘက်သို့ မမှိတ်မသုန် စူးစိုက်ကြည့်နေလိုက်၏။

သူမပုံစံကနွားရိုင်းကြီးအား တန်ပြန်တိုက်ခိုက်တော့မည့်ဟန် အပြည့်နှင့်။ လာမည့်ဘေးပြေးတွေ့မည့်သဘော စိတ်ကိုဒုန်းဒုန်းချ ထားလိုက်ပုံရသည်။

ကြည့်ရှုနေသူအားလုံးတို့မှာအသက်ပင်မရှူမိကြ။ စိုးရိမ် ပူပန်ခြင်းမျက်ဝန်းများဖြင့်သာ စောင့်ကြည့်နေမိတော့သည်။ ကျော်စွာ သည် မိန်းကလေးအတွက် စိုးရိမ်ပူပန်မှုအထွဋ်အထိပ်သို့ရောက်ရှိ လာမိသည်။ မိန်းကလေးကိုကယ်တင်ရန် သူခြေလှမ်းတို့လှမ်းလိုက်မိ ၏။ သို့သော် ခန္ဓာကိုယ်မှာရှေ့သို့မရောက်၊ သူ၏လက်တစ်ဘက်ကို ဆောင့်ဆွဲခြင်းခံလိုက်ရကာ တုံ့ခနဲဖြစ်သွား၏။ သူနောက်သို့ဆတ်ခနဲ လှည့်ကြည့်မိသည်။ ဦးလေးကသူ့လက်ကိုဖမ်းဆွဲထားပြီး ခေါင်းကို အသာရမ်းပြ၏။



"ငါ့တူ မသွားနဲ့ နှစ်ယောက်စလုံးဆို ရှုပ်ပြီးပိုအန္တရာယ်ကြီး ကုန်မယ်၊ ဟို မိန်းကလေးပုံစံကြည့်ရတာ ဒီကိစ္စကိုကိုင်တွယ် နိုင်ပုံပဲ ခဏလောက်စောင့်ကြည့်လိုက်ပါဦး"

ဦးလေးက ကျော်စွာကို တားမြစ်လေ၏။ ကျော်စွာမှာ တည် တည်ငြိမ်ငြိမ်မနေနိုင်ပဲ စိတ်တွေယောက်ယက်ခတ်နေလျက်က မိန်းကလေးကို စောင့်ကြည့်နေမိသည်။

ထိုစဉ်မှာပင် ထူးဆန်းမှုတစ်ခုကို သူမြင်လိုက်ရတော့သည်။ မိန်းကလေးသည်တိုးဝှေ့လာသော နွားရိုင်းကြီး၏ ဦးခေါင်းကြီးကို ကျော်လည်လှစွာ ရှောင်တိမ်းနေခြင်းပင်။ နွားရိုင်းကြီးမှာ မိန်းကလေးကို မမီသောကြောင့် ပို၍ဒေါသထွက်လာဟန်ဖြင့် အတင်းတိုးဝှေ့ တိုက် ခိုက်နေ၏။

မိန်းကလေးက ပွတ်ကာသီကာဖြင့် ရှောင်တိမ်းနေခဲ့။ ကြည့် ရသည်မှာ အသည်းတယားယားရင်တလှပ်လှပ်နှင့်။

"နမ သတိထား၊ အနားသိပ်မကပ်နဲ့၊ နည်းနည်း ခွာထား"

ကျော်စွာသည် လည်ချောင်းတွေကွဲမတတ်အော်ဟစ် သတိ ပေးနေမိ၏။ နွားရိုင်းကြီးကအနက်ရောင်၊ ဧရာမအကောင်ကြီး။ ဦးချိုကားကားကြီး၏ထိပ်ဖျားနှစ်ဖက်က အပ်သွားလိုချွန်မြနေ၏။

မိန်းကလေးက နွားချိုများနှင့် အလွန်အမင်းနီးကပ်စွာ ရှောင် တိမ်းလိုက်သည့်အချိန်တိုင်း သူမှာ အသက်ပင်မရှူမိ၊ ရင်တွေ ဒိန်းခနဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဒိန်းခနဲ ဆောင့်၍ခုန်နေမိ၏၊ ချိုဖျားမှာ အသက်ပါသွားတော့မလား အောက်မေ့ရအောင် ကောင်မလေးကသက်စွန့်ဆံဖျား ရှောင်တိမ်းနေလေသည်။

တစ်ကြိမ်တွင် မိန်းကလေးသည် နွားရိုင်းကြီးနှင့် အတော်ဝေးဝေး ခွာသွားမိစဉ် ခါးကြားထဲမှ တစ်စုံတစ်ရာကို ဆွဲထုတ်လိုက်လေ၏။ လက်ထဲတွင်ပါလာသည်ကား အသွားထက်လှသော ဓါးမြှောင်တစ်ချောင်း။ နေရောင်အောက်တွင်လက်ကနဲ ဖြစ်သွား၏။

မိန်းကလေးက ထီမထင်ဟန်ဖြင့် နွားရိုင်းကြီးအား အသံပေးပြီးခေါ်လိုက်သည်။ ဒေါသထွက်လှပြီဖြစ်သည့်နွားရိုင်းကြီးမှာ သူမကို အသေချေမှုန်းရန် ခွာသံတဖြောင်းဖြောင်းနှင့်ကဆုန်စိုင်းပြေးချလာသည်။ နွားရိုင်းကြီးက ခေါင်းငုံ့ကာ ချိုနှစ်ဘက်ရှေ့သို့ တန်း၍ထိုးလာခြင်းဖြစ်ရာ အကောင်ကြီးကမြင့်သော်လည်း ချိုဖျားကတော့ အောက်နားဆီတွင် ရောက်နေသည်။

မိန်းကလေးက ခြေလှမ်းမရွေ့၊ နေရာမှာပင် မြဲမြဲစွာရပ်ကာ နွားရိုင်းကြီးကို မမှိတ်မသုန်ကြည့်နေ၏။ ဓားကိုအသင့်ချိန်ရွယ်သည်။ ခြေဖျားတစ်ဖက်မှာ အားပြုရပ်သည်။ ခုန်လွှားရန်အသင့်အနေအထားဖြင့်။

မြင်ကွင်းကအလွန်ရင်ထိတ်စရာကောင်းလှသည်။ ကြည့်ရှုနေသူအားလုံး အသံတွေတိတ်ကာ မျက်တောင်မခတ်စတမ်း အသက်ပင်



မရှူစတမ်း ပါးစပ်အဟောင်းသားဖြင့်။

နွားရိုင်းကြီးသည် သူမကိုဒေါသတကြီးတိုးအဝေ့မှာနွားချိုဖျားဆီသို့လွှားခနဲခုန်ပျံကျော်လျက် ပုခုံးနှစ်ဘက်ကြားသို့ဓားကိုတအားစိုက်ချလိုက်၏။

နွားရိုင်းကြီးမှာ ဆတ်ခနဲဖြစ်သွားပြီး ချိုဖြင့်ပင့်ဝိုက်၍ဝေ့လိုက်သည်။ မိန်းကလေးက နွားချိုဖျားကို လျင်မြန်စွာ တိမ်းရှောင်ကာ မြေပေါ် ဆတ်ခနဲခုန်ဆင်းလိုက်ကာ အဝေးသို့ ပြေးထွက်လိုက်၏။ နွားကြီးမှာ စိတ်ဆိုးမာန်ဆိုးဖြင့် လိုက်လံထိုးသတ်ရန် ပြင်လိုက်သည်။ သို့သော် ခန္ဓာကိုယ်ကြီးမှာဒယီးဒယိုင်ဖြစ်လာပြီး နောက်ဆုံး မြေပြင်ပေါ်သို့ ဘိုင်းခနဲပစ်လဲကျသွားလေတော့၏။ တဆတ်ဆတ်တုန်ယင် နေပြီးတော့မှ နောက်ဆုံး လုံးဝငြိမ်သက်သွားတော့၏။ လူအားလုံးမှာ ငြိမ်သက်စွာကြည့်ရှုနေမိရာမှ သတိပြန်ဝင်လာသည့်ပမာ ဝမ်းသာအားရ လက်ခုပ်တဖြောင်းဖြောင်းတီးလိုက်ကြလေ၏။

"သူ့ရဲ့ကောင်းမလေး၊ အာဂမိန်းကလေးပဲ"

ဟု ပြောဆိုချီးကျူးသံများ တခဏတွင်းဆူညံပွက်လှင့်သွားတော့သည်။ ကျော်စွာသည် ယခုမှပင် ရင်ထဲစိုးရိမ်ပူပန်နေမှု အလုံးကြီးပြေကျသွားကာ အသက်ကိုအငမ်းမရရှူမိတော့သည်။

"တော်ပါပေ့ရဲ့ မိန်းကလေးရယ်"

တစ်ကိုယ်တည်းရေရွတ်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် လမ်းဘေးရှိလူမအဖေကြီးကို သွားရောက်တွဲခေါ်ကာ လမ်းအတိုင်းဆက်လျှောက်လာ၏။

သောင်းသောင်းဖြဖြခိုးကျူးပြောဆိုသံများဖြင့် လူများက မိန်းကလေးတို့အား ဝိုင်းလိုက်ကြ၏။ မိန်းကလေးကလူများကို ရှောင်ကာ သူမလမ်းသူမ ဆက်သွားနေသည်။ လူတွေနှင့်တရင်းတနှီး ဆက်ဆံလိုပုံ မရှိပေ။

ဦးခွန်ချိုသည် မိန်းကလေးထံသို့ပြေးသွားလိုက်ပြီး

"ကောင်မလေး၊ မင်းရဲ့သတ္တိနဲ့အစွမ်းအစက အံ့မခန်းပါပဲ"

မိန်းကလေးက ဆတ်ခနဲလှည့်ကြည့်လာသည်။

"ဟိုလေ ··· မင်းရဲ့သတ္တိကိုဂုဏ်ပြုချင်လို့ပါ၊ ဘယ်လိုမှ မအောက်မေ့ပါနဲ့၊ ဦး မင်းကိုထမင်းဖိတ်ကျွေးပါရစေ"

မိန်းကလေးမျက်ဝန်းများကစူးစူးဝါးဝါး၊ ပြီးနောက် ဆတ်ခနဲ အကြည့်လွှဲကာ ဆက်လျှောက်ရန်ပြင်သည်။ ဒီမိန်းကလေး အပြုအမူကြောင့် ဦးခွန်ချိုသည်မျက်နှာပျက်သွား၏။ ထို့နောက် ဘာမှမဖြစ်သလို ချက်ချင်းဣန္ဒြေဆည်၍··

"ဩော် ··· မင်းတို့ ဘယ်ကိုသွားမှာလဲဟင်၊ ဦးတို့လည်း ခရီးသွားတွေပါ၊ လမ်းတူရင်ဦးတို့နဲ့ လိုက်ခဲ့ပါလား၊ မင်းတို့ သားအဖ အဖော်ရတာပေါ့"

လှမ်းမည့်ဆဲဆဲခြေလှမ်းတို့ တန့်သွားကာ မိန်းကလေး



စူးစူးဝါးဝါးပြန်ကြည့်သည်။ ဒါကို ဦးခွန်ချိုက သူ့စကားကိုစိတ်ဝင်စားသည်ဟုထင်ဟန်ဖြင့်··

"ဟိုထမင်းဆိုင်ထဲမှာ ဦးတို့ရဲ့အဖွဲ့တွေပါတယ်၊ မင်းတို့ကို ဝိုင်းဝန်းစောင့်ရှောက်ကြပါလိမ့်မယ်"

မိန်းကလေးကဦးခွန်ချိုလှမ်းပြရာ ထမင်းဆိုင်အတွင်းသို့ လှမ်းကြည့်လိုက်သည်။

ငေးမောကြည့်ရှုနေသော ကျော်စွာ၏မျက်ဝန်းများနှင့် တည့်တည့်မတ်မတ်ဆုံဆည်းမိလိုက်သည်။

မိန်းကလေးက အကြည့်ကိုဆတ်ခနဲလွှဲဖယ်ကာ ဦးခွန်ချိုအား စူးစူးဝါးဝါးပြန်ကြည့်ပြီး··

"ကျွန်မတို့ ကိုယ့်ဘာသာကိုယ်ကာကွယ်စောင့်ရှောက်နိုင်ပါတယ်၊ လူကြီးမင်းတို့ရဲ့စေတနာကိုကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်မ,မလိုက်နိုင်ပါဘူး၊ ကျွန်မတို့ကိုသွားခွင့်ပြုပါဦး"

မိန်းကလေးက ပြတ်သားစွာပြော၍ လှမ်းထွက်ဟန်ပြင်သည်။ ပြီးမှ တစ်စုံတစ်ရာကိုသတိရသွားဟန်ဖြင့် ထမင်းဆိုင်အတွင်းသို့ငေးကြည့်သည်။

ကျော်စွာထံ၌ အကြည့်တို့စူးစူးရှရှကျရောက်လာ၏။ ခတန့်ကြာအောင် စူးစူးစိုက်စိုက်ကြည့်ပြီးမှ အကြည့်တို့ရုတ်သိမ်းကာ

www.burmeseclassic.com

လှမ်းထွက်သွားလေတော့၏။

နားလည်ရခက်လှသော အကြည့်များကြောင့် ကျော်စွာသည် တအံ့တသြဖြစ်မိရ၏။

ဦးခွန်ချိုမှာ မျက်နှာကြီးသုန်မှုန်လျက် ပြန်လှည့်လာသည်။ ကျော်စွာကတော့ နားလည်ရခက်ခဲလှသောမျက်ဝန်းပိုင်ရှင်လေးကို တအံ့တသြဖြင့် ငေးမောနေမိပါတော့သည်။

* * *

## အခန်း (၉)

ရွာကလေးတွင် တစ်ညတာမျှ ခေတ္တတည်းခိုခဲ့ပြီးနောက် နောက်နေ့မိုးသောက်တာနှင့် သူတို့ခရီးဆက်ကြရတော့သည်။ ရွာကလေးမှအတော်ကြာအောင် ခရီးပြင်းပြင်းနှင်လာခဲ့ကြပြီးနောက် ထူထပ်သိပ်သည်းသော တောကြီးထဲသို့ တိုး၍ဝင်လာခဲ့ကြသည်။

ဦးလေးက လက်ထဲမှသံလိုက်အိမ်မြှောင်ကိုတကြည့်ကြည့်ဖြင့် ရှေ့မှဦးဆောင်ကာသွားနေ၏။ တစ်ခါတစ်ရံ မြေပုံလိုလို စာရွက်တစ်ရွက်ထုတ်ကြည့်သည်။ ဦးလေးမှာ ဒီခရီးအတွက် အလွန်တရာပင် စိတ်အားထက်သန်လျက်ရှိပုံမျိုးဖြင့် ရှေ့သို့တရကြမ်း ချီတက်နေတော့သည်။ သွားနေရင်းမှလည်းသူတို့ကိုလောဆော် နေပြန်သေး၏။

"မြန်မြန်လေးလာကြ၊ နေမဝင်ခင်တော်တော်လေး ခရီးပေါက်မှဖြစ်မယ်၊ ခပ်သွက်သွက်လေးလျှောက်ကြ"

www.burmeseclassic.com



“လျှောက်နေပါတယ် ဦးလေးရဲ့၊ ဒီမှာ လူလည်းမောလို့ သေတော့မယ်”

ကျော်စွာက ခပ်ညည်းညည်းလေးပြောလိုက်၏။ ဦးလေးက ရှေ့မှလျှောက်နေရာမှ ကျော်စွာအား လှည့်ကြည့်လာပြီး…

“ငါ့တူ သိပ်မောနေပြီလား”

“ဟုတ်တယ် ဦးလေး၊ ကျွန်တော်အရမ်းမောနေပြီ”

“အရမ်းမောရင်လဲ ခဏနားကြတာပေါ့၊ ကဲ ဦးခွန်ချိုရေ ခဏနားကြရအောင်”

သူက ဦးလေးခွင့်ပြုချက်ရတာနှင့် လမ်းဘေးရှိသစ်ပင်တစ်ပင်အောက်သို့ဝင်ကာ ခြေပစ်လက်ပစ်ထိုင်ချမိလိုက်သည်။

ရွာမှာတုန်းက တောထဲတောင်ထဲ ထင်းခုတ်၊ ငှက်ပစ်မျှစ်ချိုးသွားလာခဲ့ရသည့်သူ့အတွက်တောလမ်းခရီးကအစိမ်းသက်သက်ကြီးတော့မဟုတ်ပေ။ သို့သော် ယခုကဲ့သို့ တခါမှလည်း ခရီးရှည်ထွက်မှုခြင်း မရှိခဲ့သည့်အတွက် သူ့အဖို့ရာ အလွန်ပင်ပန်းလှချေ၏။

လူက ခွေယိုင်ချင်လုမတတ်ပင်။ အားတင်းကာလျှောက်နေမိခြင်းဖြစ်သည်။

ကျော်စွာသည် လွယ်ထားသောကျောပိုးအိတ်ဘေးမှ ချိတ်ဆွဲထားသော ရေဘူးကိုဖြုတ်ကာ တဂွပ်ဂွပ်မော့သောက်ချလိုက်၏။



ပူနွေးနွေးရေက လည်ချောင်းတလျှောက်စီးဝင်သွားတော့မှ အတန်ငယ်အမောပြေသလိုဖြစ်သွားရတော့သည်။

သူက သစ်ပင်၏ပင်စည်ကို ခေါင်းလေးမှီကာ မျက်လုံးများကို ခဏမှိတ်ထားလိုက်မိသည်။ သစ်ရိပ်ဂါးရိပ်က စိမ့်စိမ့်လေးအေးနေသည်။ မကြာမီတွင် ခန္ဓာကိုယ်ပေါ်ရှိစေးကပ်နေသောချွေးများ တိတ်သွားရတော့သည်။

မောပန်းနွမ်းနယ်မှုကြောင့် အိပ်ချင်စိတ်တို့ အလုအယက်တိုးဝင်လာကာ သူ့မျက်ခွံများလေးလံလာ၏။ သူက အိပ်မပျော်အောင်ထိန်းနေရသဖြင့် မျက်ခွံတို့လေးလံမှုကိုသိရှိခံစားနေခြင်းဖြစ်သည်။

ဖြန်းဆို သူ့ပုခုံးထက်သို့ ရိုက်ပုတ်နိုးခြင်းကြောင့် သူရုတ်တရက် လန့်ဖြန့်သွားကာ မျက်လုံးများပင်ပြူးကျယ်သွားရ၏။

“အမောပြေပြီလား မောင်ကျော်စွာ”

ဦးခွန်ချိုက အပေါ်စီးမှအုံ့မှိုးကြည့်ကာ သူ့ကိုပြောလာ၏။

“ဟုတ်ကဲ့”

သူက ခေါင်းကိုအသာဆတ်ရင်း ပြန်ဖြေလိုက်၏။

“အမောပြေရင်ဆက်သွားမယ်တဲ့၊ ဦးမင်းထင်က ပြောနေတယ်”

သူက ဦးလေးကိုလှမ်းကြည့်မိသည်။ ဦးလေးက ခေါင်းကိုအသာဆတ်ပြ၏။ ရှေ့ဆက်သွားရန်အတွက် ခြေလှမ်းပင်လှမ်းနေချေပြီ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

သူက ထိုင်ရာမှ လေးပင်စွာထလိုက်မိသည်။ ဦးလေးနှင့် ဦးခွန်ချိုတို့က ရှေ့မှခပ်သွက်သွက်ထွက်သွားကြ၏။ သူမှာတုံ့နှေးလေး သော ခြေလှမ်းများဖြင့် နောက်မှအသာလိုက်လာမိခဲ့သည်။

စောစောကအိပ်ချင်စိတ်တွေ အလန့်တကြားထပြေးကုန်ပြီ ထင်ပါရဲ့၊ ခုတော့လည်း မျက်ဝန်းများကကြည်လင်လို့နေပြန်တော့၏။

နာရီပေါင်းအတော်ကြာအောင် သူတို့မနားတမ်း ခရီးဆက်ခဲ့ ကြသည်။ ကျော်စွာမှာ မောတိုင်းရေကိုချည်းဖိသောက်လာခဲ့ရာ သူ့တွင် ရေမှာတက်တက်စင်အောင်ပြောင်သွားခဲ့ချေပြီ။

"ဦးလေး"

ရှေ့မှသွားနေသော ဦးလေးက လှည့်ကြည့်လာသည်။

"ရေရှိသေးလား"

ဦးလေးသူ့ကျောပိုးအိတ်ထဲမှ ရေဘူးကိုထုတ်သည်။ ရေဘူးထဲတွင်ရေတစ်စက်ကလေးမှမရှိတော့။

"မရှိတော့ဘူး၊ ဦးခွန်ချိုမှာရောရှိသေးလား"

"ကျုပ်မှာလည်း ရေမရှိတော့ဘူး"

သူတို့ စိတ်ပျက်လက်ပျက်ဖြစ်သွားကြ၏။

ကျော်စွာသည် ရေပြတ်လပ်မှုအခြေအနေကြောင့် စိတ်



အကြီးအကျယ်ညစ်သွားမိတော့သည်။ ရေမရှိဘဲ ရှေ့ခရီးကိုသူဘယ်လို ဆက်ရတော့မလဲ။ ခရီးကလည်းကြမ်း၊ ရေကလည်းငတ်ဆိုတော့ သေဖို့သာရှိတော့သည်။

"ဦးလေး ကျွန်တော်ဒီနားတဝိုက်မှာ ရေသွားရှာလိုက်ဦး မယ်၊ ဦးလေးတို့ ဒီနားမှာပဲခဏစောင့်နေကြနော်"

"ကျော်စွာ မင်းတစ်ယောက်တည်းဖြစ်ပါ့မလား"

ဦးခွန်ချိုက စိုးရိမ်သလိုလှမ်းပြော၏။

"ဖြစ်ပါတယ်၊ ကျွန်တော်အဝေးကြီးမသွားဘူး၊ ဒီနားတဝိုက် ပဲ"

"ငါ့တူ ဂရုစိုက်ပြီးသွားနော်"

"ဟုတ်ကဲ့ ဦးလေး"

ကျော်စွာက ရေဘူးများကိုပိုက်၍ တောလမ်းအတိုင်း တိုးဝင်သွားလေတော့၏။ ဦးမင်းထင်နှင့်ဦးခွန်ချိုမှာ ကျော်စွာကို စိတ်မချသလိုကြည့်ရင်းကျန်ရစ်ခဲ့ကြလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ကျော်စွာသည် သူတို့နားနေရာနေရာနှင့် သားဘက်ရှိ တောလမ်းအတိုင်း လျှောက်လာခဲ့သည်။ လျှောက်လာရင်းရေရှိမည့်နေရာကို မျက်လုံးများကလည်းဝေ့ဝဲရှာရသေးသည်။

တော်တော်ကလေးသွားမိသည့်ထိ စမ်းချောင်းလေးသော်လည်းကောင်း၊ ရေအိုင်ငယ်လေးသော်လည်းကောင်း မတွေ့ရသေးချေ။ ဦးလေးတို့နားနေရာနေရာနှင့် အတော်ခပ်ဝေးဝေးသို့ရောက်နေပြီမှန်းသတိထားမိသော်လည်း ရေငတ်နေခြင်းကြောင့်ရေတွေ့ရနိုးနိုးနှင့်ရှေ့ဆက်သွားနေမိ၏။

သို့စဉ် သူ၏နားထဲ၌ အသံတသံကိုကြားလိုက်မိရသလိုရှိ၍ နားစွင့်မိလိုက်သည်။ အသံက သူ၏နံဘေးရှိ တောင်ကမူလေးအကွယ်မှလာနေခြင်းဖြစ်သည်။ အသေအချာနားစွင့်ကြည့်ရာ လူတစ်ယောက်



စကားပြောနေသံမျိုးနှင့်ပင်တူသည်ဟု ထင်လိုက်မိသည်။

သူ့စိတ်ထဲတွင် အရမ်းအံ့ဩသွားမိ၏။ တောထဲတောင်ထဲဘယ်ကလူတွေရောက်နေပါလိမ့်။

အလွန်ပင်သိချင်သွားမိကာ တောင်ကမူလေးပေါ်သို့တက်၍ကြည့်လိုက်မိသည်။ မြင်လိုက်ရသည့်မြင်ကွင်းကြောင့် သူ့ပါးစပ်အဟောင်းသားဖြစ်သွားရတော့၏။

"ဟို… ဟို ကောင်မလေးပဲ"

သူ အထိတ်တလန့် တအံ့တဩရေရွတ်မိလိုက်သည်။ ဟုတ်သည်။ သူတို့နားခဲ့သောရွာတွင်တွေ့ခဲ့ရသည့်ကောင်မလေး။နွားရိုင်းကြီးတို သေအောင်သတ်နိုင်ခဲ့သည့် ကောင်မလေး။ ထူးဆန်းသည့်မျက်ဝန်းပိုင်ရှင်လေးပဲ။

ကောင်မလေးသည် ရေအိုင်ကလေးထဲတွင် ဦးခေါင်းဖော်၍ဆလးရှိနေပြီး သူ၏ဖခင်ဆိုသည်မှာ ရေကန်စပ်ဘေးတွင်ငုတ်တုတ်ထိုင်နေ၏။ ကောင်မလေးကသူ့ဖခင်အားစကားလှမ်းပြောနေခြင်းဖြစ်သည်။

"ဒါလေးတောင် စောင့်မကြည့်နိုင်ဘူးလား၊ ကျွန်မ ဘယ်လိုလုပ်ရတော့မလဲ၊ ခု ဝတ်စရာအဝတ်မရှိတော့ဘူး၊ မျောက်တွေလာတာ အသံကြားကတည်းက ခြောက်လှန့် မောင်းထုတ်ပစ်ရမှာပေါ့၊ ခုတော့ မျောက်တွေကျွန်မ အဝတ်အစားအကုန် ယူပြေးပြီ။ ကဲ ခုဘယ်လိုလုပ်ရတော့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ရေထဲမှနေ၍ သူ့အဖေကို ဒေါနှင့် မောနှင့် မာန်မဲပြောဆိုနေ၏။ ဖအေဖြစ်သူက တစ်စုံတစ်ရာ ပြန်ပြောသော်လည်း လေသံတိုးတိုးလေးမို့သူမကြားရပေ။

ကောင်မလေး၏ ပြောစကားရ သူမရေဆင်းချိုးနေတုန်း အဝတ်အစားတွေကို မျောက်များကယူပြေးသွားဟန်တူ၏။ ဖအေကြီးကလည်း မျက်မမြင်ကြီးမို့ မျောက်တွေယူပြေးတာကိုသိပုံမရချေ။ ဒါကြောင့် ကောင်မလေးက စိတ်ဆိုးမာန်ဆိုးပြောနေတာဖြစ်မည်။

ရော် ခက်ချေပြီ။ မျက်မမြင်အဖေကြီးကမမြင်လို့ မျောက်တွေကို မမောင်းမိတာကို သူမမှာ စိတ်ဆိုးအပြစ်တင်လို့ကောင်းတုန်း။

ကောင်မလေးက ရေချိုးတာတောင်မှ မျက်နှာပေါ်တွင် စည်းထားသောပဝါစကိုမဖြုတ်ပေ။

သူက ကောင်မလေးကိုကြည့်ရင်း ရယ်ချင်ပက်ကျိ ဖြစ်သွားရ၏။

"ခြော် မိန်းကလေးနှယ် သူမျက်နှာကို ဘာလို့ ဒီလောက် တောင်ဖုံးကွယ်နေရပါလိမ့်"

**သူနားမလည်နိုင်သလိုတွေးမိသည်။**တွေးရင်းမှကောင်မလေး၏ ဒုက္ခကိုကိုယ်ချင်းစာမိရသည်။ သူ၏အဝတ်အစားများကိုချွတ်၍ ကောင်မလေးကိုပေးရန် ဆုံးဖြတ်မိသည်။

"ငါ့အဝတ်အစားတွေ သူဝတ်ပါ့မလား၊ ငါ့ကိုတွေ့သွားရင်



သူရှက်သွားဦးမယ်၊ ဒုက္ခပဲ ဘယ်လိုလုပ်ရပါ့မလဲ"

သူ ချီတုံချတုံဖြစ်နေမိသည်။ ထိုသို့ဖြစ်နေစဉ် ဆူဆူညံညံ အသံများကို ကြားလိုက်မိ၍ အသံလာရာသို့ လှမ်းကြည့်မိလိုက်လေရာ သစ်ပင်များထက်ပေါ်မှ မျောက်များက ကောင်မလေး၏အဝတ်အစားများကိုအဆန်းသဖွယ် လုယက်ကြည့်ရှုနေကြသည်ကို တွေ့လိုက်ရ၏။

ကောင်မလေးက ရေကန်ထဲမှနေ၍ မျောက်များကိုအော်ဟစ်နေ၏။

"ဟိတ် မျောက်တွေ ငါ့အဝတ်တွေ ပြန်ပေးစမ်း၊ တောက် ဒီမျောက်တွေ"

ကျော်စွာသည် ထိုအခြေအနေ၌ ရုတ်တရက် ဘာလုပ်လို့ ဘာကိုင်ရမလဲမသိဖြစ်နေမိသည်။ ထို့နောက် သူဆုံးဖြတ်ချက်ကို ချကာ မျောက်များရှိရာ သစ်ပင်အောက်သို့ပြေးဝင်သွားသည်။

တွေ့ရာခဲတစ်လုံးကိုယူ၍ မျောက်များရှိရာသို့ ပစ်တင်လိုက်သည်။ သူပစ်လိုက်သောခဲမှာ ကောင်မလေး၏ အဝတ်အစားတွေကို ကိုင်ထားသော မျောက်၏နဖူးတည့်တည့်သို့ထိမှန်သွားလေ၏။

မျောက်မှာခဲမှန်သဖြင့် ဒေါသထွက်သွားကာ သူ့အား ...တွင်ကိုင်ထားသော အဝတ်နှင့်ပြန်လည်ပစ်ပေါက်လေ၏။

သူတွက်ထားသည့်အတိုင်း ဖြစ်လာပြီး သူကအလျင်အမြန် ... လွှင့်ပစ်ခဲလာသော ကောင်မလေး၏အဝတ်အစားများကို

www.burmeseclassic.com

www.burmeseclassic.com



ဆီး၍ဖမ်းလိုက်သည်။ မျောက်များမှာ သစ်ကိုင်းသစ်ခက်များဖြင့်သူ့ကို ပစ်ပေါက်ပြန်၏။ ကောင်မလေး၏ အဝတ်အစားလက်ထဲရောက်သည် နှင့် သူ တစ်ချိုးတည်း လစ်ပြေးခဲ့တော့သည်။ သူ၏နံဘေးဝဲယာမှ သစ်ကိုင်းသစ်ခက်များက အရှိန်ပြင်းပြင်း ဝီခနဲ ဝီခနဲ ဖြတ်ပြေးသွား လေတော့၏။

သူ့မှာ တစ်ချိုးတည်း ကောင်မလေးရှိရာသို့။

ရေကန်နားသို့ရောက်သော် သူ့အား မျက်လုံးကြီးပြူးလျက် အံ့သြတကြီးငေးနေရှာသော ကောင်မလေး၏မျက်ဝန်းများနှင့်ဆုံလိုက် ရ၏။

သူက အားနာအနေခက်ဟန်ဖြင့် ဟက်ခနဲ တချက်ရယ် လိုက်ပြီး ...

"မိန်းကလေး ဒီမှာ မင်းအဝတ်အစားတွေ၊ ရော့ ဒီမှာ ထားခဲ့တယ်"

ရေကန်နံဘေးကျောက်တုံးလေးပေါ်သို့ အဝတ်အစား များကိုတင်၍ သူတစ်ဖက်သို့လှည့်နေလိုက်၏။

"မိန်းကလေး အဝတ်အစားဝတ်ပြီးရင်ပြော၊ကျုပ်သောက်အ ထည့်ချင်လို့"

"အင်း ... ရှင်လှည့်မကြည့်နဲ့နော်"

သူ ပြုံးမိသည်။



"စိတ်ချအမိ ကျုပ် လုံးဝလှည့်မကြည့်ဘူး၊မြန်မြန်လေးတော့ ဝတ်ပါ၊ ဒီမှာရေဆာနေပြီ"

ကောင်မလေးထံမှဘာသံမှမကြားရတော့၊ တဖျပ်ဖျပ်နှင့် သူ့ထံသို့လှမ်းလာနေသော ခြေသံကိုကြားလိုက်ရ၏။

ဝတ်တာမြန်လှချည်လားဟု သူတွေးမိတော့ အံ့သြသွားရ သည်။ သို့သော် သူ၏အထင်မှာတလွဲဖြစ်သွား၏။ သူ့အနားသို့ ရောက်လာသူမှာ ကောင်မလေးမဟုတ်ဘူးဆိုတာကို သူ့မျက်နှာဆီသို့ ဆီတွေ့လာသော လက်ကြမ်းကြမ်းကြောင့် သိလိုက်ရတော့သည်။

"စိတ်မရှိပါနဲ့ မောင်ရင်၊ သမီးလေး လုံခြုံရေးအတွက်ပါ"

ကောင်မလေးအဖေက သူ့အားပြောလိုက်ပြီး သူ၏ မျက်..ဖုံး ခြင်းကိုစမ်းကာ သူ့မျက်ဝန်းများကိုလက်များဖြင့်ဖုံးထား... ၊"

သူ နည်းနည်းလေးမျှပင် ခေါင်းမလှည့် ...သွားမှာစိုးသည်။

"အင်းလေ သူ့သမီးအတွက် သူစိုးရိမ်ရှာမှာပေါ့"

ဟု နားလည်သဘောပေါက်မိကာ ထိုလူကြီး၏အပြုအမူ ...တွက် စိတ်မဆိုးချင်တော့။

"ရှင်လှည့်ကြည့်လို့ရပါပြီ"

တအောင့်ကြာမှ မိန်းကလေး၏ အသံကထွက်လာ၏။ သူ့ ...ဝန်းများကို ပိတ်ကာထားသော လက်များဆတ်ခနဲရုတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ သူကကောင်မလေးဘက်သို့လှည့် ကြည့်လိုက်ရသည်။

ရေစိုနေသော ဆံနွယ်ရှည်များကို သည်အတိုင်းဖြန့်ချထား သဖြင့် ကောင်မလေး၏ပုံစံမှာ သူ့မျက်စိထဲတွင်တစ်မျိုးဖြစ်သွားရ၏။ ကြိုးသိုင်းခမောက်ကိုဆောင်းထားပြီး ဆံပင်များကိုထုံးဖွဲ့ထားသည့် ရုပ်သွင်နှင့် ယခုမြင်နေရသောရုပ်သွင်မှာ တစ်မူထူးခြားနေသလိုပင်။

"ရှင်က ဒီတောထဲ ဘယ်လိုရောက်နေတာလဲ၊ ပြီးတော့ ရှင်တစ်ယောက်တည်းလား၊ ရှင်တို့အဖွဲ့ရောဘယ်ရောက်သွား လဲ"

ကောင်မလေးက သူ့ကိုမှတ်မိသည့်ပုံစံဖြင့် မေးခွန်းများကို ရစပ်မေး၏။

လိုက် "ကျွန်တော်တို့က ဒီတောလမ်းအတိုင်းခရီးဆက်နေတာပါ။ ကျွန်တော်တို့အဖွဲ့က ဒီနေရာနဲ့မနီးမဝေးမှာ ကျန်ခဲ့တယ်၊ ကျွန်တော် ရေကူးချင်လို့ ရေလာရှာရင်းဒီရောက်လာတာ"

ကောင်မလေးက မျက်မှောင်ကြုတ်၍ကြည့်၏။ ယခု သတိထားမိသည်။ သူ့မျက်နှာတွင်စည်းထားသောပဝါမှာ အသစ် တပ်ဆင်ထားဟန်တူ၏။ ရေစိုနေတာကိုလည်းမတွေ့ရပေ။

"ရှင်တို့အဖွဲ့က ဘယ်ကိုသွားနေတာလဲ"

ကောင်မလေးအမေးကြောင့် သူဖြေရမှာခက်သွားသည်။ သူကိုယ်တိုင်တောင် ဘယ်အရပ်ကိုသွားရောက်နေတာလဲဆိုတာ



ရေရေရာရာမသိဘူးမဟုတ်လား။

"ကျုပ်တို့က လေ့လာရေးခရီးထွက်လာခဲ့ကြတာလေ။ ကျုပ် ဦးလေးက မနုဿဗေဒပညာရှင်တစ်ယောက် ဆိုပါတော့၊ ဦးလေးကထူးဆန်းတဲ့လူမျိုးတွေအကြောင်းလေ့လာချင်တယ် ဆိုတာနဲ့ ကျုပ်တို့ခရီးထွက်လာခဲ့ကြတာ"

"ဘယ်လို ထူးဆန်းတဲ့လူမျိုးတွေဟုတ်လား"

"ဟုတ်တယ် ဦးလေးပြောတာပဲ၊ ကျုပ်လည်း ရေရေရာရာ တော့မသိပါဘူး၊ ကျုပ်က အဖော်လိုက်လာရုံသဘော ဆိုပါ တော့"

"ရှင့်ဦးလေးဆိုတာက ဟို မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတွေနဲ့ လွယ်အိတ်အကြီးကြီးလွယ်တဲ့သူကိုပြောတာလား"

"ဟာ… မဟုတ်ပါဘူး၊ အဲဒါက ဦးလေးရဲ့မိတ်ဆွေပါ"

"သြော်… ဒါဆို အသားဖြူဖြူနဲ့ မျက်မှန်နဲ့လူကြီးဟာ ရှင့်ဦးလေးပေါ့"

"ဟုတ်တယ် မိန်းကလေးကသိလို့လား"

"အင်း… ကျွန်မ ရှင်တို့အဖွဲ့ကိုသိပါတယ်"

သူတို့နှစ်ယောက်ကြား ပြောစရာစကားမရှိတော့သလို ဆိတ်ငြိမ်သွား၏။ ကောင်မလေးက သူမ၏ရေစိုဆံပင်များကို ကြောင်းမဲ့ခပ်ဖွဖွပွတ်သပ်နေသည်။ နောက် သူ့ဘက်သို့ မျက်လွှာ

www.burmeseclassic.com

www.burmeseclassic.com



ဝင့်ကြည့်လာပြီး…

"ရှင် သောက်ရေထည့်မလို့ ဆို"

"ဪ ဟုတ်ပါရဲ့ ရေထည့်ရဦးမယ်"

ကျော်စွာသည် ယခုမှရေထည့်ရန်သတိရသွားဟန်ဖြင့် ရေကန်ဆီသို့ ကပျာကယာပြေးသွားလိုက်ကာ ရေဘူးထဲရေထည့်လိုက်၏။ ထိုနေရာမှာပင်သူလည်း ရေကိုအငမ်းမရသောက်မိသည်။မျက်နှာ၊ လည်ပင်းနှင့်လက်များကို ရေအေးအေးနှင့် ဆေးကြောသန့်စင်လိုက်တော့မှ လူက လန်းဆန်းသွားသလိုရှိတော့၏။

"ကျွန်မအဝတ်အစားတွေကို မျောက်တွေလက်ထဲက ပြန်ယူပေးတဲ့အတွက် ရှင့်ကိုကျေးဇူးတင်ပါတယ်"

ကောင်မလေးက သူ့အနားသို့လာရပ်ပြီး ပြောလာ၏။ကျော်စွာသည် မျက်နှာသစ်နေရာမှ ကောင်မလေးကိုလှည့်ကြည့်မိသည်။ သူမ၏ ရွှန်းစိုတောက်ပသောမျက်ဝန်းများနှင့်ဆုံလိုက်ရ၏။ သူမ နှုတ်ခမ်းတွေကိုမမြင်ရသော်လည်း ထိုနှုတ်ခမ်းတွင်အပြုံးတစ်ခုကို ဆင်မြန်းထားလိမ့်မည်ဟု သူအသေအချာသိနေ၏။ သူမ၏မျက်ဝန်းများတွင် အပြုံးရိပ်များယှက်သန်းနေတာကို မြင်တွေ့နေရသောကြောင့် ဖြစ်သည်။

"ရပါတယ်ဗျာ… ကျေးဇူးတင်စရာမလိုပါဘူး၊ကိုယ့်မျက်စိ ရှေ့အောက်မှာ အခက်အခဲတွေ့နေတဲ့သူဆိုရင်ကူညီချင်တဲ့



အကျင့်ကြီးကပါနေလို့ကူညီလိုက်မိတာ၊ ဘယ်လောက်မှ လည်းအပန်းကြီးသွားတာမှမဟုတ်ပဲ"

ကျော်စွာသည်ပြောနေရာမှ တစ်စုံတရာကို သတိရသွားဟန်ဖြင့် မျက်နှာပျက်ခနဲညို့သွား၏။

"နွားရိုင်းကြီးလာတုန်းကလည်း ကျွန်တော် ခင်ဗျားကို ကယ်ဖို့ကြိုးစားပါသေးတယ်၊ ကျွန်တော့်ဦးလေးကကျွန်တော်ကိုဆွဲထားတာနဲ့ ပြီးတော့ ခင်ဗျားလောက် ကျွန်တော်က တိုက်ရည်ခိုက်ရည်လည်း မကောင်းဘူးလေ၊ အဲဒီတုန်းက ကျွန်တော် ခင်ဗျားကို စိတ်ပူလိုက်ရတာအရမ်းပဲ၊ အသံတွေ ပြာအောင်ကို အော်ပြီးသတိပေးနေခဲ့တာ"

"ကျွန်မကိုအသံကျယ်ကြီးနဲ့အော်ပြီးသတိပေးနေတာ ရှင်ပေါ့ ဟုတ်လား"

ကျော်စွာ ပြုံးရယ်ကာ ခေါင်းကိုဆတ်ခနဲညိတ်ပြလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျွန်မရှင့်ကို ကျေးဇူးတင်ရတော့မှာပေါ့၊ အခါအခွင့်သင့်ရင်တော့ ရှင့်ကျေးဇူးတွေကို ကျွန်မပြန်ဆပ်ချင်ပါသေးတယ်"

ကောင်မလေးက ကြည်လင်ရွှင်ပျသော အသံဖြင့်ပြော၏။ ကျော်စွာက ခေါင်းကိုသာ ညိတ်ပြမိလိုက်သည်။ ကောင်မလေးတစ်ယောက်၏ ကျေးဇူးတင်စကားအပြောခံရသည်ကို သူမှာ ရှိုးတိုးရှန့်တန့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေမိသည်။

"ဟို… ရေလဲထည့်ပြီးပြီဆိုတော့ ကျွန်တော်သွားပါဦးမယ်၊ ထွက်လာတာလဲကြာနေတော့ ဦးလေးတို့စိတ်ပူနေလောက်ပြီ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ကျော်စွာက နှုတ်ဆက်ကာ ကျောခိုင်း၍လှည့်ထွက်ရန် ပြင်လိုက်သည်။

"ဟိတ် … ရှင့်နာမည်ပြောသွားဦးလေ"

သူ့ခြေလှမ်းတို့တုံ့ခနဲ ရပ်သွား၏။ အံ့သြဝမ်းသာသည့် မျက်ဝန်းများဖြင့် နောက်ကိုလှည့်ကြည့်လာ၏။

"နောက်တစ်ခါလမ်းမှာတွေ့ရင် ခေါ်ရအောင်လို့နာမည်လေးတော့ သိထားသင့်တာပေါ့"

ကောင်မလေးက ခပ်တည်တည်ဆိုသည်။

"ကျုပ်နာမည်က ကျော်စွာ၊ ဒီက အမိရဲ့နာမည်ကရော"

ကောင်မလေး အသံတိတ်နေ၏။ နာမည်ပြောသင့်မပြောသင့် စဉ်းစားနေပုံရသည်။ အတန်ကြာမှ လေသံတိုးတိုးဖြင့်ပြော၏။

"မှုံးရာ"

"ဩော် … ဒါနဲ့ မှုံးရာတို့ ဘယ်ကိုသွားမှာလဲ၊ လမ်းကြုံရင် ကျွန်တော်တို့နဲ့အတူလိုက်ခဲ့ပါလား၊ အဖော်ရတာပေါ့"

"အို … နေပါစေ ကျွန်မတို့ဖာသာပဲ သွားပါရစေ၊ မလိုက်တော့ပါဘူး"



ကောင်မလေးကအတင်းငြင်းနေသဖြင့် ကျော်စွာက အံ့သြသလို မျက်လုံးဝိုင်းလျက်ကြည့်မိသည်။ ဒါကို ရိပ်စားမိသော ကောင်မလေးက ချက်ချင်းလေသံပြောင်းကာဖြင့် အလောတကြီးလေး ပြောလိုက်သည်။

"ဟိုလေ ကျွန်မတို့သားအဖက တောထဲမှာဆေးဖက်ဝင်သစ်ဥသစ်ဖုတွေကိုရှာပြီး ဆေးဖော်သေးတာ၊ အဲဒါသွားရင်းနဲ့ ဆေးမြစ်တွေဘာတွေလည်းရှာရဦးမှာဆိုတော့ ရှင်တို့နဲ့ လိုက်ရင် ကျွန်မတို့ကြောင့်ခရီးဖင့်နေမှာစိုးလို့လေ၊ အဲဒါကြောင့် မလိုက်တာပါ"

ကျော်စွာက သဘောပေါက်သလို ခေါင်းညိတ်ကာပြုံးမိ၏။

"အင်းလေ မမှုံးရာသဘောပါပဲ၊ ဩော် … ကျွန်တော့်ကို သွားခွင့်ပြုပါဦးနော်"

ကျော်စွာသည် ကောင်မလေးအား နှုတ်ဆက်ပြီးလှည့်ထွက်လာခဲ့တော့သည်။

ခုလောက်ဆိုရင်တော့ သူ့ကို ဦးလေးတို့ စိတ်ပူနေကြပြီထင်ပါရဲ့။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဟာ ငါ့တူရယ် စိတ်ပူလိုက်ရတာ၊ မင်း လမ်းမှားနေပြီ ထင်လို့ ဦးလေးတို့မှာ စောင့်ရနိုးနိုး လိုက်ရှာရနိုးနိုးဖြစ်နေတာ ဘယ်တွေလျှောက်သွားနေတာလဲဟင်"

သူရောက်ရောက်ချင်း ဦးလေးကစိုးရိမ်ပူပန်ဟန်ဖြင့် ပြောလေတော့၏။ သူကပြေးလာရသဖြင့် အလွန်မောပန်းနေဟန်ဖြင့် ယောယဲဆိုက်ကာ ခြေပစ်လက်ပစ်ထိုင်ချလိုက်မိသည်။ ပြီးမှ သောက်ရေထည့်လာသော ရေဘူးကိုဖွင့်၍ သောက်လိုက်၏။ ဦးလေးနှင့်ဦးခွန်ချိုတို့က သူ့အား စိတ်ပူပန်သောမျက်ဝန်းများဖြင့်ကြည့်ကာသူပြောလာမည့်စကားတို့ကို ငံ့လင့်နေကြ၏။

ကောင်မလေးတို့သားအဖနှင့်တွေ့ခဲ့ရတယ်ဟု သူဖွင့်ပြောလိုက်ရင်ကောင်းမလားဟုစဉ်းစားမိသည်။ မဖြစ်သေးပါဘူး ကောင်း



လေးက ဦးခွန်ချိုကို သိပ်ကြည်ပုံမရဘူး၊ ငါဖွင့်ပြောလိုက်မှ ဦးခွန်ချိုက ကောင်မလေးတို့ကိုအတူလိုက်ခဲ့ဖို့ခေါ်နေဦးမယ်။ ကောင်မလေးတို့တွေ သူတို့ဖာသာသူတို့ အေးအေး ဆေးဆေးသွားပါစေ။ ငါဖွင့်မပြောတော့ပါဘူး။

"ကျွန်တော် လမ်းမှားနေတာဦးလေးရ၊ ရေကလည်းသွားရှာရတာ တော်တော်ဝေးတယ်၊ ပြန်လာတော့ဘယ်လမ်းက ပြန်လာရမှန်းကျွန်တော်မသိတော့ဘူး၊ အဲဒါကြောင့် ကြာနေတာဦးလေးရေ"

"အမလေး တော်သေးတာပေါ့ ငါ့တူရယ်၊ ဒီကိုတော့ ပြန်ရောက်လာပေလို့၊ နို့မို့ ဦးလေးတို့လည်း ဘယ်လိုက်ရှာရမှန်း သိမှာမဟုတ်ဘူး"

ဦးလေးက သက်မချကာပြော၏။

"မောင်ကျော်စွာရယ် ဟောဒီအနီးတဝိုက်မှာရေမရှိဘူးဆိုရင်လည်း ဦးတို့ကိုပြန်လာခေါ်ပေါ့၊ ဘာလို့တစ်ယောက်တည်း အဝေးကြီးကိုသွားရတာလဲ၊ မတော် အန္တရာယ်တစ်ခုခုနဲ့ကြုံရင် ဘယ်နှယ့်လုပ်မလဲ"

"ကျွန်တော်လည်း ရေတွေ့ရနိုးနိုးနဲ့ စိတ်လောပြီး ဆက်သွားနေမိတာ၊ လာတဲ့လမ်းကိုလည်းသတိထားပြီးကြည့်လာခဲ့တာပဲ၊ နောက်မှဘယ်ကနေဘယ်လိုလမ်းမှားသွားတယ်

www.burmeseclassic.com

www.burmeseclassic.com



မသိပါဘူး''

ကျွန်တော်က ခပ်တည်တည်နှင့်လိုမ့်လိုက်၏။ ဦးခွန်ချိုက ကျွန်တော့်စကားကို ယုံကြည်ပုံရသည်။

''နောက်ဆို… ဘယ်သွားသွား တစ်ယောက်တည်းမသွားနဲ့တော့၊ ကျုပ်တို့သုံးယောက်လုံးအတူတူသွားကြတာပေါ့၊ ကျုပ်တို့အဖွဲ့က လူအင်အားကလည်းနည်းတော့တာပဲဖြစ်ဖြစ် ကျုပ်ကတော့ စည်းစည်းလုံးလုံးဖြစ်စေချင်တာပါပဲ''

ဦးခွန်ချို၏ ပြောစကားကို ဦးလေးနှင့် သူကခေါင်းညိတ်ကာ လက်ခံမိလိုက်သည်။

''ဦးခွန်ချိုပြောတာ မှန်ပါတယ်၊ ကျုပ်တို့ဆက်သွားရမဲ့ လမ်းမှာ ဘယ်လိုအန္တရာယ်မျိုးတွေကြုံလာမယ်ဆိုတာ မသိဘူး၊ ဒီတော့ ခုကစပြီး ပိုသတိထားဖို့တော့လိုလိမ့်မယ် နားနဲ့မျက်စိကို အစွမ်းကုန်ဖွင့်ထားစွင့်ထားကြရမယ်၊ ရှေ့ဆက်ရမဲ့ခရီးက ပန်းခင်းလမ်းမဟုတ်ဘူးဆိုတာကိုတော့ သဘောပေါက်ထားကြပါ''

လူကြီးနှစ်ယောက်ရဲ့ စကားကို သူငြိမ်ငြိမ်လေးနားထောင်နေလိုက်၏။ ဒီခရီးမှာ သူက နောက်လိုက်သက်သက်မဟုတ်လား။ ဒီတော့ ဦးဆောင်သူနှစ်ယောက်၏ စကားကိုနားထောင်လိုက်တာမှ အကောင်းဆုံးဖြစ်ပေလိမ့်မည်။

## အခန်း (၁၂)

ထိုနေရာမှတဆင့် သူတို့ခရီးဆက်လာခဲ့ကြပြန်သည်။တောမှာ နက်သထက်နက်လာ၏။ သစ်ပင်ချုံနွယ်များ ထူထဲသိပ်သည်းစွာ ကာဆီးနေသဖြင့် သူတို့မှာခုတ်ထွင်ရှင်းလင်း၍ ခက်ခဲပင်ပန်းစွာ တိုးဝင်လာခဲ့ကြရသည်။

တောရိပ်တောင်ရိပ်က စိမ့်အေးသက်ဖြာနေသည်။ သို့သော် သူတို့၏ ခန္ဓာကိုယ်များတွင် ချွေးတဒီးဒီးကျကာ မြင်၍မကောင်းအောင် ရွဲရွဲစိုနေတော့၏။

သူတို့သည် အားသွန်ခွန်စိုက် မနားမနေခရီးဆက်လာကြ၏။ ခရီးကအတော်ကလေးပေါက်လာကြပြီဖြစ်သော်လည်း ယခုထိ တောထဲမှ မထွက်ရသေးသည့်အဖြစ်ကြောင့် သူတို့ စိတ်ပျက်ကြီး ပျက်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာမှာတော့ နဂိုကတည်းက ဒီခရီးကိုစိတ်အား ထက်သန်နေသူမဟုတ်တဲ့အတွက် ပို၍ပင်စိတ်အားလျော့ချင်ချင် ဖြစ်မိရသည်။ ခရီးကကြမ်းလွန်းလှသည်။ လူမှာလည်းအဲတော့ ကလေး နွမ်းနယ်ပင်ပန်းနေချေပြီ။ လွယ်ပိုးထားရသည့် လွယ်အိတ်ကြီး ကလည်း ပို၍လေးလံလာသည်ဟုထင်မိသည်။ အဝေးသို့လွင့်ပစ်ချင် စိတ်ပင်ပေါက်လာမိရတော့သည်။ ခြေလက်များကိုပင်မသယ်ချင် တော့။ ခုနေ ငှက်ကလေးတစ်ကောင်လို ပျံဝဲသွားလိုက်ရရင် သိပ် ကောင်းမှာပဲဟု ရူးနှမ်းနှမ်း စိတ်ပေါက်ပေါက်ဖြင့် တွေးမိသည်။

ဦးလေးနှင့် ဦးခွန်ချို့မှာ အလွန်တရာမှစိတ်အားထက်သန် နေပုံမျိုးဖြင့် တချက်ကလေးမှတုံ့ဆိုင်းရပ်တန့်ခြင်းမရှိပဲ သစ်ပင်ချုံနွယ် များကို ခုတ်ထွင်းရှင်းလင်းကာ ခပ်သွက်သွက်လှမ်းနေ၏။

လူကြီးနှစ်ယောက်မှာ အားတက်သရော ရှေ့မှဦးဆောင်ကာ လှမ်းနေသဖြင့် ကျော်စွာမှာအလွန်ပင်ပန်းမောဟိုက်နေသော်လည်း နည်းနည်းလေးမှမညည်းရဲ၊ မနားရဲ၊ မခိုမကပ်ဘွာဖြင့်လျှောက်နေရ တော့သည်။

"ဟိုရှေ့က သစ်ပင်အောက်မှာခဏနားကြရအောင်ဟေ့"

ဦးလေးမင်းထင်က အရိပ်အာဝါသကောင်းသော သစ်ပင်ကြီး ကို လမ်းညွှန်ပြရင်းပြောလိုက်၏။ နားရမည်ဆိုသဖြင့် သူတို့မှာ ထိုသစ်ပင်ရှိရာသို့ ခပ်သွက်သွက်လှမ်းလာမိကြသည်။



ထိုသည်ကိုက သူတို့အတွက် အမှားဖြစ်သွားစေ၏။ သစ်ပင် အောက်ရောက်ရှိရေးသာ စိတ်စောနေမိကြသဖြင့် သူတို့ပတ်ဝန်းကျင်ကို သတိမမူမိလိုက်ကြပေ။ သူတို့၏ ရှေ့ဆီတွင်ပြန့်ကျဲကြွေကျနေသော သစ်ရွက်ခြောက်များနှင့် သစ်ကိုင်းသစ်ခက်များစုပုံနေ၏။

ထိုနေရာသို့ သူတို့ ခြေချမိကြသည်နှင့် တပြိုင်နက် ဝုန်းကနဲ မြည်သံကြီးတစ်ခုနှင့်အတူ သူတို့၏ခန္ဓာကိုယ်များ လေဟာနယ်ထဲ လွင့်ပါသွားသလိုဟာခနဲ။

ရုတ်တရက် သူတို့၏ခန္ဓာကိုယ်များ မြေအောက်ထဲ ကျုံကျ ဆင်းသွားတာကိုတော့ ချက်ချင်းသတိထားမိလိုက်သည်။ အမှိုအတွယ် မဲ့ လေဟာနယ်ထဲယက်ကန်ကန်ဖြင့် ကြောက်လန့်တကြား အော်ဟစ်မိ ကြသည်။

သူတို့၏ အထိတ်တလန့် အော်ဟစ်သံများကြောင့်တောတစ်ခု လုံး သွက်သွက်ခါသွားမလားအောက်မေ့ရ၏။

လေဟာနယ်ထဲ အရှိန်ပြင်းပြင်းပြုတ်ကျလာသော သူတို့၏ ခန္ဓာကိုယ်များ မြေပြင်ပေါ်သို့ဖုတ်ခနဲကျလာ၏။

ခန္ဓာကိုယ်တစ်ခုလုံး ကိုင်ရိုက်လိုက်သည့်နှယ် အိစိမ့်သွား တော့၏။

"အား.... ကျွတ်ကျွတ်"

www.burmeseclassic.com

www.burmeseclassic.com



"အမလေး သေပါပြီ"

"အီး… အား"

တညီးညီးတညူညူဖြင့် သူတို့သုံးယောက် လူးလဲကုန်းထကာ အခြေအနေကို အကဲခတ်မိကြသည်။

သူတို့၏ခေါင်းပေါ်တွင် တွင်းဝကြီးတစ်ခုကိုတွေ့လိုက်ရသည်။ အပြာရောင်မိုးသားက သူတို့အား အပေါ်စီးမှ ငုံ့မိုးကြည့်ရှုနေသည်။

"ဒါ ထောင်ချောက်ဆင်ထားတာထင်တယ်"

ဦးခွန်ချိုစကားကြောင့် သူအံ့ဩသွားကာ နားမလည်သလို မေးမိသည်။

"ကျွန်တော်တို့ကို ထောင်ချောက်ဆင်ထားတာဟုတ်လား"

ဦးခွန်ချိုက ခေါင်းရမ်းလိုက်၏။

"**မဟုတ်နိုင်**ပါဘူး၊ ဒါတောကောင်တွေကိုဖမ်းဖို့ဆင်ထားတဲ့ **ထောင်**ချောက်ပဲဖြစ်ရမယ်၊ ငါတို့ကမမြင်ပဲ နင်းမိလို့ကျလာ ... တော်သေးတာပေါ့၊ ဒီအောက်မှာ ဆူးတွေဘာတွေ **မထောင်ထား**လို့ နို့မို့ စောစောကိစ္စချောလောက်ပြီ"

ကျော်စွာက မျက်လုံးကြီးပြူးကာ ဘေးဘီဝဲယာဝေ့ကြည့်လိုက်သည်။ တော်ပါသေးရဲ့ ဘာမှမရှိလို့။

စိတ်ချရတော့မှ ဟင်းခနဲသက်မချနိုင်တော့သည်။

"ဒါဆိုရင် ဒီအနီးအနားမှာ ရွာတစ်ရွာရှိမယ်ထင်တယ်၊ အဲဒီရွာက လူတွေ ဒီမှာတောကောင်တွေလာဖမ်းကြတာဖြစ်မယ်၊ ကျုပ်အထင်မှန်ရင်တော့ မကြာခင်ရွာကိုတွေ့ရတော့မှာပေါ့"

ဦးလေးက ဝမ်းသာအားရထပြော၏။

"ဦးလေးကလည်း ရွာကိုတွေ့ဖို့မပြောနဲ့ဦး၊ ခု ဒီတွင်းပေါ်က အပေါ်ကို ဘယ်လိုတက်ရမလဲဆိုတာသာ စဉ်းစားပါဦး"

ကျော်စွာက စိတ်ပျက်သံကြီးဖြင့်ပြောကာ ခြေပစ်လက်ပစ်ဆိုင်ချလိုက်၏။ ဦးလေးက သူပြောမှတွင်းပေါ်မော့ကြည့်ကာ မျက်နှာညိုးသွား၏။

ကြည့်ဦးလေ၊ တွင်းကြီးကဒီလောက်နက်တာ တွင်းပေါ်ကို နင်တက်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး။ အဲ… တစ်ယောက်ပေါ်တစ်ယောက်ဆင့်ပြီးတက်ရင်တောင်…

"ကျွန်တော်တို့ တစ်ယောက်ပေါ်တစ်ယောက် ဆင့်ပြီး တက်ကြည့်ရအောင်"

သူက ဝမ်းသာအားရဖြင့်အကြံပေးလိုက်၏။ ဦးလေးတို့နှစ်ယောက်၏ မျက်နှာများ ချက်ချင်းဝင်းလဲ့သွား၏။ သူ၏အကြံကို ထောက်ခံလိုက်ကြသည်။

"အေးလေ တို့တွေကြိုးစားကြည့်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူက အသက်အငယ်ဆုံးဖြစ်သည်မို့ အောက်ဆုံးမှ နေလိုက်သည်။ သူ့ပုခုံးပေါ်သို့ ဦးခွန်ချိုကတက်၏၊ ဦးလေးက တဆင့်တဆင့်တက်ပြီး အပေါ်ဆုံးမှဆွဲတက်ဖို့ကြိုးစားသည်။

"ဦးလေး မှီလား"

"နည်းနည်းလိုသေးတယ် ငါ့တူရ"

"ဘယ်လောက်လိုသေးလဲ"

"လက်တစ်ကမ်းလောက်"

ဟား... စိတ်ဓါတ်ကျစရာကြီး။ လက်တစ်ကမ်းလောက်တောင်လိုသတဲ့ လူနှစ်ယောက်၏အလေးချိန်ကို သူခါးချိအောင်တောင့်ခံထားရသည်။ ဒူးများက ညွတ်ခွေယိုင်နဲ့ချင်နေပြီ။

"ဦးမင်းထင် မှီပြီလားဗျို့"

"မရဘူး ဦးခွန်ချိုရေ ဘယ်လိုမှမမှီဘူးဖြစ်နေတယ်၊ ကျုပ်ပြန်ဆင်းတော့မယ်၊ ခဏလေး.. ခဏလေး"

ဦးလေးက လက်လျှော့ပြီး ဖျတ်ခနဲခုန်ဆင်းလာ၏။ သူတို့အကြံအစည်မှာအထမမြောက်ခဲ့။ သူတို့ အကြီးအကျယ်စိတ်ဓာတ်တွေကျမိနေပြီ။

ဟောဒီတွင်းထဲမှာဘယ်အထိအောင်နေရမှာလဲ၊ထောင်ချောက်ဆင်ထားတဲ့သူတွေလာတော့မှ သူတို့ကိုတွေ့ပြီးလွတ်မြောက်နိုင်တော့မည်။ဘယ်အချိန်ထိအောင်စောင့်ဆိုင်းရမှာလဲ။ ဒုက္ခတော့



ရောက်ပြီထင်ပါရဲ့။

သုံးဦးသားစိတ်ပျက်လက်ပျက် ထိုင်လျက်မှိုင်နေကြသည်။ လွတ်မြောက်ဖို့လမ်းကိုလည်း မကြံတတ်တော့။ သည်အတိုင်းလက်မှိုင်ချ၍ထိုင်နေမိကြတော့သည်။ ခရီးပန်းလာသဖြင့်လူမောရသလိုခုတော့ စိတ်ပါမောရပြီ။

ခရီးပန်းလာရသည်ကတစ်ကြောင်း၊ တွင်းပေါ်တက်မရတဲ့အဆုံး စိတ်ကိုဖုံးဖုံးချလိုက်ပြီဖြစ်ခြင်းတို့ကြောင့် မကြာမီပင် စိတ်ပင်ပန်းလူပင်ပန်းဖြင့် အိပ်ပျော်ခြင်းအဖြစ်သို့ ရောက်သွားကြလေတော့သည်။

ပထမဦးဆုံးလန့်နိုးလာသူမှာ ကျော်စွာပင်ဖြစ်သည်။ သူတော်တော်ကြာအောင် အိပ်ပျော်သွားခဲ့တာဖြစ်၏။ နိုးလာလာခြင်းသူသတိပြုလိုက်သည်မှာ တွင်းထိပ်မှတွဲလောင်းကျနေသော ကြိုးရှည်တစ်ချောင်းကိုပဲဖြစ်၏။

သူထိတ်ခနဲ ဝမ်းသာသွားမိသလို အံ့သြမှင်သက်သွားရ၏။ ကြိုးက ဘယ်လိုလုပ်ပြီးတွင်းထဲကျလာပါလိမ့်။တစ်ယောက်ယောက်များ သူတို့ကိုကယ်တင်ဖို့ကြိုးစားနေတာများလား။

သူကြိုးကိုသွားဆွဲကြည့်မိသည်။ ကြိုးမှာတင်းခနဲဖြစ်သွား၏။ သူ၏ ရုတ်တရက်ပျော်ရွှင်သွားသော ရယ်သံကြောင့်အိပ်ပျော်နေသော ဦးလေးတို့နှစ်ယောက် လန့်နိုးလာကြသည်။

"ဟင်... ဒီကြိုးကဘယ်လိုလုပ်ပြီး"

www.burmeseclassic.com

www.burmeseclassic.com



သူ ဆွဲကိုင်ထားသော ကြိုးကိုမြင်၍ဦးလေးက တအံ့တသြ ဟန်ဖြင့်ပြော၏။

"ကျွန်တော်လည်းမသိဘူး၊ ကျွန်တော်နိုးလာတော့ ဒီကြိုး ကြီးတွဲလောင်းကျနေတာကို တွေ့လိုက်ရတာပဲ၊ ဟား…ဟား ကျွန်တော်တို့လွတ်ပြီ၊ နေဦး … ကျွန်တော် အရင်တက် ကြည့်လိုက်ဦးမယ်"

သူက ပြောပြောဆိုဆိုဖြင့် ကြိုးကိုဆွဲ၍ဆွဲ၍ ထိုးတက်သွား လိုက်သည်။ ခဏကြာတော့ သူ အပေါ်ရောက်လာ၏။ ချက်ချင်း ဘေးဘီဝဲယာ လှည့်ပတ်ကြည့်မိသည်။ ဘယ်သူမှမတွေ့ရ။

သူတို့ကို ကယ်တင်ဖို့ကြိုးစားတဲ့သူဟာ ဘယ်သူများပါလိမ့်။ ဘာလို့သူတို့ကိုလာမတွေ့တာလဲ။ ကြိုးကို သူတို့အိပ်ပျော်နေတုန်းလာ ချပေးသွားတာဖြစ်မည်။ တစ်ဘက်ကြိုးစကိုသစ်ပင်ကြီးတစ်ပင်အား ရစ်ပတ်၍ခိုင်မာစွာ ချည်နှောင်ထားလေ၏။

"မောင်ကျော်စွာရေ၊ အပေါ်မှာဘယ်သူရှိလဲ"

တွင်းထဲမှ ဦးခွန်ချို၏အသံက ဟိန်း၍ပျံ့တက်လာ၏။

"ဘယ်သူမှလည်းမရှိဘူး၊ ဦးလေးတို့ တက်ခဲ့တော့လေ"

ကျော်စွာက လှမ်းအော်ပြောလိုက်ပြီးနောက် ဝန်းကျင် ပတ်လည်သို့ ဟိုဟိုဒီဒီဝေ့ကြည့်မိပြန်သည်။



ထူးထူးခြားခြား ဘာသဲလွန်စလေးကိုမှ မတွေ့ရ။

"အထုပ်တွေကိုအရင်ဆွဲယူပါဦး မောင်ကျော်စွာရေ"

အောက်ကအော်သံက ဟိန်းတက်လာပြန်သည်။ သူက သဲလွန်စရှာဖွေခြင်းကို ရပ်လိုက်ကာကြိုးတွင်ချည်ထားသောအထုပ်များ ကို တဖြည်းဖြည်းဆွဲတင်ယူလိုက်၏။ အထုပ်တွေအပေါ်ရောက်သည် နှင့်ကြိုးဖြည်ပြီး အောက်ကိုပြန်ချပေးလိုက်၏။

ခဏကြာတော့ ဦးလေးကအပေါ်သို့ရောက်လာသည်။ ပြီးမှ ဦးခွန်ချိုကတဖြည်းဖြည်းတက်လာ၏။ အားလုံးအပေါ်ရောက်မှပင် အားအင်ကုန်ခမ်းသွားသလို ခြေပစ်လက်ပစ် ထိုင်ချလိုက်ကြ၏။

ကျော်စွာသည် ထိုင်နေရာမှ ကြိုးကိုကြည့်ပြီးအကြံရသွား၏။

"ဒီကြိုးကိုဖြတ်ပြီးယူသွားရမယ်၊ လမ်းခရီးမှာလိုလိုမယ်မယ် သုံးရတာပေါ့"

ကျော်စွာက ရေရွတ်သလိုပြောလိုက်ပြီး ကြိုးဖြတ်ရန်ပြင်လိုက် ၏။

"ကောင်းတယ် မောင်ကျော်စွာ ဖြတ်ယူသွားလိုက်"

ဦးခွန်ချိုက သူ့အကြံကို ထောက်ခံသလိုဝင်ပြော၏။ ကျော်စွာ သည် ကြိုးဖြတ်ရန် ကြိုးချည်ထားသောသစ်ပင်ကြီးဆီသို့ လျှောက်သွား လိုက်၏။ ခါးကြားထဲတွင်အသင့်ဆောင်ထားသော ဓါးကိုထုတ်ပြီး ကြိုးကိုဖြတ်ရန်ပြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သူ၏မျက်ဝန်းထောင့်များမှ တစွန်းတစမြင်လိုက်ရသောအရာတစ်ခုကြောင့် သူအသေအချာကြည့်လိုက်မိသည်။ ချည်ထားသောကြိုးနှင့်သစ်ပင်ကြားညှပ်လျက်နေသော အနက်ရောင် အဝတ်ပိုင်းလေးတစ်ခု။

သူက ထိုအရာကိုယူပြီး ဖြန့်ကြည့်မိလိုက်သည်။

"ဟင် ပုဝါစလေးပဲ၊ ဒါ..ဒါ.."

စိတ်အာရုံထဲ မှူးရာဆိုသောမိန်းကလေး၏ မျက်နှာတွင် အမြဲလိုလိုစည်းနှောင်ထားသော အနက်ရောင်ပုဝါစလေးကို ဖျတ်ခနဲမြင်ယောင်မိလိုက်သည်။

"ဒါဆို မှူးရာ ငါတို့ကိုကယ်ခဲ့တာပေါ့"

ပုဝါစကို သူကအင်္ကျီကြားထဲသို့ အလျှင်အမြန်ထိုးဝှက်လိုက်မိသည်။ ဦးလေးတို့မြင်သွားလို့မဖြစ်ဘူး၊ ဒီကိစ္စကိုမပြောဘဲထားမည်ဟုသူဆုံးဖြတ်လိုက်မိ၏။ ဟန်မပျက်ကြိုးကိုဖြတ်ကာ ဦးလေးတို့ရှိရာသို့ ပြန်လျှောက်လာလိုက်၏။ မျက်ဝန်းများကတော့ ကျိုးကန်းတောင်မှောက် လိုက်ရှာနေဆဲပင်ဖြစ်တော့သည်။ သူ့အဖြစ်ကို လူကြီးနှစ်ယောက်မှာ နည်းနည်းလေးမှမရိပ်မိကြချေ။ သူသည် ဝမ်းသာစိတ်ကို လိုက်ကနဲ ခံစားနေမိရတော့၏။

* * *

## အခန်း (၁၃)

အချိန်ကလည်း နေမွန်းတည့်လုပြီမို့ ကျွန်တော်တို့လည်း [illegible]ကြီးနှင့်မလှမ်းမကမ်းသစ်ပင်အောက်တွင် ထိုင်နားရင်းနေ့လည်စာ [illegible]ပြင်ကြသည်။

ကျော်စွာသည်ပါလာသည့် မုန့်ခြောက်များ၊ စည်သွပ်ဘူး[illegible]ကိုသာဖွင့်ဖောက်၍ဟာနေသည့် ဝမ်းထဲအလျှင်အမြန်သွတ်သွင်း[illegible]၏။ ခရီးပန်းရသည့်အထဲတွင်းထဲပြုတ်ကျထားသည့်အရှိန်[illegible]ကြောင့် လူကမလုပ်ချင်မကိုင်ချင်တော့ တစ်ကိုယ်လုံးလဲနာကျင်[illegible]လို့နေပြီ။

ရှေ့ဆက်သွားရမည့် ခရီးအတွက်အတော်ပင်ဝန်လေး[illegible]သည်။

www.burmeseclassic.com



"ဦးလေး ကျွန်တော်တို့ ဒီနေရာမှာပဲ ညအိပ်လိုက်ကြရင်ကောင်းမလား"

ဦးလေးက မြေပုံစာရွက်ထုတ်ကြည့်နေရာမှ သူ့ကိုလှမ်းကြည့်လာပြီး ...

"ဘာဖြစ်လို့လဲငါ့တူရ၊ ဆက်မသွားနိုင်တော့လို့လား။ နည်းနည်းတော့အားတင်းထားလိုက်ပါကွာ၊ ရှေ့မှာရွာတစ်ရွာရှိလိမ့်မယ်လို့ ဦးလေးထင်တယ်၊ အဲဒီကိုရောက်မှနားကြတာပေါ့၊ ဒီတောထဲမှာညအိပ်ရတာထက်စာရင် ရွာထဲမှာဆိုတော့ ပိုပြီးသက်တောင့်သက်သာရှိတာပေါ့"

"ဦးလေးကလဲ ရှေ့မှာရွာရှိတာသေချာလို့လား"

"ဦးလေးခန့်မှန်းမိရသလောက်တော့ ရွာရှိကိုရှိရမယ်ကွ"

ကျော်စွာက ဘာမှမပြောတော့ပဲ အသာနှုတ်ဆိတ်နေလိုက်တော့သည်။ ဦးလေးထင်သလိုရွာရှိပါစေဦး။ သူတို့လိုသူစိမ်းတရံတွေကို ရောရောရှုရှု ခိုနားခွင့်ပေးပါ့မလား။ ပြီးတော့ ဤမျှဝေးလံခေါင်သီတဲ့အရပ်မှာ ဘယ်လိုလူမျိုးတွေက ရွာတည်ပြီးနေကြမှာမို့လဲ။ သူတော့မတွေးတတ်အောင်ပင်ဖြစ်နေမိတော့သည်။

'ဖောက်'ကနဲ အသံကြားလိုက်၍ ကျော်စွာကနံဘေးသို့ငဲ့ကြည့်မိသည်။ ဦးခွန်ချိုသည် စည်သွပ်နှစ်ဘူးကို ကျကျနနဖောက်၍ထိုင်ရာမှထသည်။ စည်သွပ်ဘူးနှစ်ဘူးကိုကိုင်၍ သူတို့နှင့်အတော်



ခပ်ဝေးဝေးနေရာသို့ လှမ်းသွားလိုက်၏။

ထို့နောက် သစ်ပင်ချုံနွယ်များကြားထဲသို့ တိုးဝင်သွားသည်။ ကျော်စွာနှင့်ဦးလေးက ဦးခွန်ချို၏ အပြုအမူကြောင့် နားမလည်နိုင်သလို တစ်ယောက်နှင့်တစ်ယောက်မျက်လုံးချင်းဆုံလိုက်မိကြ၏။

ထိုစဉ် ဦးခွန်ချို၏ကျယ်လောင်လှသောအသံကြီးပျံ့လွင့်လာသည်။

"တောင်စောင့်နတ်၊ တောစောင့်နတ်ကြီးများခင်ဗျား ပူဇော်ပါတယ်၊ ပသပါတယ်၊ သုံးဆောင်တော်မူကြပါ၊ ကျွန်တော်မျိုးတို့ အမှားအယွင်းများပြုလုပ်မိခဲ့သည်ရှိသော် ဖွဲမယူပါနဲ့၊ ခွင့်လွှတ်တော်မူကြပါ"

ကျော်စွာပြုံးမိသည်။ ခပ်တည်တည်နှင့် ပြန်လာကာဝင်ထိုင်လိုက်သည်။

"အမောပြေပြီဆိုရင် ကျုပ်တို့ဆက်သွားကြရအောင်၊ နေမဝင်ခင် ရွာကိုရောက်မှဖြစ်မယ်ဗျို့"

ဦးလေးကပြောပြီး ဝန်စည်စလွယ်များကိုကောက်လွယ်လိုက်သည်။

"အင်းလေ ... သွားကြတာပေါ့"

ဦးခွန်ချိုက သဘောတူစွာပြော၏။ ထိုနေရာမှ သူတို့ခရီးဆက်လာခဲ့ကြသည်။ ရှေ့တွင်ရွာတစ်ရွာရှိမည်ဟူသော မျှော်လင့်ချက်

www.burmeseclassic.com

www.burmeseclassic.com



ကလေးဖြင့် သူတို့ခွဲရှိရှိတာအိအိကြိုးစားလျှောက်လာခဲ့ကြ၏။

ခရီးထွက်လာရသည့်အချိန်တွေကြာလာသည်နှင့်အမျှ ခရီးကြမ်းတမ်းခက်ခဲမှု၊ ပင်ပန်းမှုဒဏ်ကို အတော်အတန်ခံနိုင်ရည်ရှိလာတော့သည်။

မျှော်လင့်ချက်ကိုယ်စီဖြင့် ခရီးဆက်လာကြသဖြင့်ပင်ပန်းနွမ်းနယ်မှုကို တခဏတော့ သူတို့မေ့လျော့ထားလိုက်ကြသည်။

လျှောက်လာရင်းဖြင့် ကျော်စွာသည် ဦးခွန်ချိုတစ်ယောက်တောစောင့်နတ်တွေကိုပူဇော်သည်ကို စိတ်ထဲနိုးလုခုလုဖြစ်နေရကာ ထုတ်မေးရန်ဆုံးဖြတ်လိုက်မိသည်။

"ဦးခွန်ချိုကို ကျွန်တော်မေးစရာတစ်ခုရှိတယ်"

"ဘာလဲမောင်ကျော်စွာရ မေးလေ"

"ဟို… စောစောတုန်းက ဦးခွန်ချို တောစောင့်နတ် တောင်စောင့်နတ်တွေကို ပူဇော်တာလေ၊ အဲဒါ ကျွန်တော်တို့ တွင်းထဲကျတာ တောင်စောင့်နတ်တွေက မကျေနပ်လို့ လုပ်တယ်လို့ထင်ပြီး ပူဇော်တာမဟုတ်လား"

သူ့စကားကြောင့် ဦးခွန်ချို၏ မျက်နှာတဖြည်းဖြည်းပြုံးရိပ်သန်းလာ၏။ ထို့နောက် သဘောကျသလို တဟားဟားဖြင့်အော်ရယ်ပါတော့သည်။



"မောင်ကျော်စွာက အဲလိုထင်နေတာကိုး"

"မဟုတ်ဘူးလား"

သူကနားမလည်သလိုမေးမိသည်။ ဦးခွန်ချိုကခေါင်းကို အသာယမ်း၍ သူ့အနားတဖြည်းဖြည်းတိုးကပ်လာကာ လေသံတိုးတိုးဖြင့်ပြောသည်။

"ငါတို့ရဲ့အနီးအနားမှာ ဟိုကောင်မလေးတို့သားအဖ ရှိနေတယ်ကွ"

သူ့စိတ်ထဲ ထိတ်ခနဲပူသွားသည်။

"ဘယ် … ဘယ်ကောင်မလေးလဲ"

ဦးခွန်ချိုက ဘေးဘီဝဲယာသို့ ဝေ့ကြည့်လိုက်ပြီးနောက် [illegible]ကိုနှိမ့်ကာ…

"နွားရိုင်းသတ်တဲ့ကောင်မလေးလေကွာ၊ အမှန်တော့ ငါက တောစောင့်နတ်တွေကို ပူဇော်ချင်ယောင်ဆောင်ပြီး သူတို့ကို ကျေးဇူးတာ၊တွင်းထဲကိုကြိုးချပြီးငါတို့ကိုကယ်တာလဲသူပဲကွ"

ကျော်စွာ မျက်ဝန်းအစုံပြူးကျယ်သွားရသည်။

"ဦး ဘယ်လိုသိတာလဲ"

"သိတာပေါ့ကွ၊ တွင်းပေါ်ရောက်တော့ ကြိုးချည်ထားတဲ့ သစ်ပင်ကိုလှမ်းကြည့်လိုက်မိတာ သူ့အမြဲစည်းစည်းထားတဲ့ ဝုဝါစအနက်ရောင်ကလေးကိုတွေ့လိုက်ရကတည်းက သူ့မှန်း

www.burmeseclassic.com

www.burmeseclassic.com



လို့တော့ထင်လိုက်မိသား၊ ငါတို့နဲ့ အနီးအနားမှာပဲရှိနေဦးမယ် ဆိုတာ ငါတွေးမိတယ်လေ၊ ဒါကြောင့် တမင်တကာ အစာ တွေချပေးလိုက်တာ''

ကျော်စွာ မလုံမလဲဖြစ်သွားမိသည်။ ပုဝါစကလေးကို သူ ဝှက်ထားလိုက်မိသည့်အကြောင်းကိုတော့ မပြောဖြစ်တော့ပေ။ ဦးခွန်ချို သည် ပြောပြီးပြီးချင်းအရှေ့ကိုခပ်သွက်သွက် လှမ်းထွက်သွားလေတော့ ၏။ သူ့မှာသာ အတွေးတို့ကြောင့် တုံ့နှေးသောခြေလှမ်းများဖြစ်၏။

* * *

## အခန်း (၁၄)

ကျွန်တော်တို့ နှစ်နာရီလောက်ကြာအောင် ခရီးဆက်လာပြီး ာက်တွင် ဦးလေးပြောသည့်အတိုင်း ရွာဟုထင်ရသော သတစ်ခုသို့ ရောက်ရှိလာခဲ့ကြ၏။

''ဟိုမှာတွေ့လား မီးခိုးတွေမြင်နေရတယ်၊ ငါ့အထင်မှန်ပြီ ဟေ့၊ အဲဒါရွာတစ်ရွာပဲဖြစ်ရမယ်''

ဦးလေးက ဝမ်းသာအားရပြောကာ ရှေ့မှခပ်သွက်သွက် ုက်သွားသည်။ ကျွန်တော်ကတော့ နောက်ဆုံးမှနေ၍ လိုက်လာခဲ့ ည်။ လမ်းတစ်လျှောက်လုံး ကျွန်တော့်မျက်လုံးများ ဂဏာမငြိမ်စွာ ာဘိဝယာသို့ အကဲခတ်ကြည့်ရှုခဲ့ရသည်။ ဦးခွန်ချို ပြောသလို ာင်မလေးတို့ကိုများ တွေ့ရလေမလားဟု မျှော်လင့်မိသော ြောင့်လည်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အတော်အတန်လျှောက်လာမိသောအခါ စည်းရိုးများဖြင့် အကျအနကာရံထားသည့် ရွာဝင်ပေါက်ဟုထင်ရသောနေရာသို့ ရောက်ရှိလာခဲ့ကြသည်။

စည်းရိုးနားအထိ လျှောက်လာမိခဲ့သည့်တိုင် ရွာသားဟူ၍ တစ်ယောက်တစ်လေမှမတွေ့ရ။ အစောင့်တောင်မှမတွေ့ရပဲအသံဗလံ တိတ်ဆိတ်ကာငြိမ်သက်နေသည့်အဖြစ်ကြောင့် သူတို့စိတ်ထဲ သက်ာမကင်းဖြစ်လာရသည်။

"ထူးလှချည်လား၊ ဒီလောက်တိတ်ဆိတ်နေပုံထောက်ရင် တစ်ခုခုတော့တစ်ခုခုပဲ၊ ငါတို့အတွက် အန္တရာယ်ရှိနိုင်တယ် သတိထားကြ"

ဦးလေး၏ သတိပေးစကားသံမဆုံးခင်မှာပဲ ညာသံပေး အော်ဟစ်သံကြီးနှင့်အတူ ချုံပုတ်များဆီမှ လူများတိုးထွက်လာကြကာ သူတို့အဖွဲ့အားဝိုင်းလိုက်ကြ၏။ သုံးယောက်သား အထိတ်တလန့် ကျောချင်းကပ်လိုက်မိကြ၏။

လှံရှည်များ၊ ဝါးချွန်များ၊ တင်းပုတ်လိုလို ကျောက်ထုကြီး များကိုင်ထားသောလူများက သူတို့အားစူးစူးရှရှကြည့်ကာ ပတ်လည် ဝန်းရံထားသည်။

အများစုမှာ ခန္ဓာကိုယ်အပေါ်ပိုင်းဗလာဖြင့် အောက် ပိုင်းကိုတော့ အရွက်လုံရုံ တိရစ္ဆာန်သားရေပြားလိုလိုဟာများဖြင့်



ဖုံးကွယ်ထားကြသည်။ အချို့လူများကတော့ တိရစ္ဆာန်သားရေများဖြင့် သူတို့ခန္ဓာကိုယ်အားလွှမ်းခြုံပတ်ထားကြသည်။

သူတို့၏ အသားအရေများမှာနီညိုရောင်ဖြစ်ပြီး အားလုံးလိုလို မှာ ဆံပင်ရှည်များကို ပွာရရဲ မစည်းမနှောင်ဘဲထားကြ၏။ သူတို့ ဘာလူမျိုးဖြစ်သည်ကိုမှုမခန့်မှန်းတတ်အောင်ပင်။

ကျွန်တော်တို့အား လှံရှည်များဖြင့် ထောက်ထားလိုက်ကြပြီး ကြိုးတုတ်ကာ ဖမ်းဆီးခေါ်ဆောင်လာကြ၏။

ကျွန်တော်တို့လည်းအသာငြိမ်၍ သူတို့ခေါ်ရာနောက်သို့ လိုက်လာခဲ့ရတော့သည်။ ကျွန်တော်တို့အားဖမ်းခေါ်လာစဉ် လမ်း တစ်လျှောက်၌ ရွာထဲမှလူကြီး၊ လူငယ်၊ မိန်းမ၊ ကလေးတို့က အံ့ဩတကြည့်ထွက်၍ကြည့်ကြသည်။ ရွာကလေးမှာ တစ်အိမ်နှင့်တစ်အိမ် ခပ်ပါးပါးရှိပြီး အိမ်ပုံစံများမှာ မြေစိုက်တဲလိုလို အဝိုင်းဝိုင်းတဲအိမ်လေး များပင်ဖြစ်၏။

မိန်းမများမှာ လုံလုံခြုံခြုံဝတ်ဆင်ထားကြပြီး ကလေးသူငယ် အများစုမှာတော့ အဝတ်ဗလာတီးဖြင့် …

သူတို့အတော်ကလေးကြာအောင်လျှောက်လာခဲ့ကြပြီးနောက် တဲခြံတစ်ခုထဲသို့ရောက်လာ၏ ထိုနေရာတွင် လူတစ်ယောက်ထိုင်နေ သည်ကိုတွေ့လိုက်ရ၏။ သူ၏နံဘေးတွင်လှံရှည်ကိုင်ထားသော လူနှစ်ယောက်မတ်တတ်ရပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးရှေ့ရောက်လျှင် ကျွန်တော်တို့အား ဖမ်းလာသူများထဲမှတစ်ယောက်က လူကြီးနားသွားကာ တစ်စုံတစ်ရာတီးတိုးပြောလိုက်၏။ လူကြီးက ခေါင်းတဆတ်ဆတ်ညိတ်ကာ ကျွန်တော်တို့ကို စူးစူးရရကြည့်ပြီး အနားသို့လျှောက်လာ၏။ကျွန်တော်တို့သုံးယောက်အား ခြေဆုံးခေါင်းဆုံးလှည့်ပတ်ငေ့ကြည့်ပြီးနောက် လေသံတီးတိုးဖြင့် ရေရွတ်သလိုပြောနေ၏။ သူပြောသည့်စကားကို နားမလည်မိပေမဲ့ သူ့အမူအရာ သူ့အကြည့်တို့ကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့အား မနှစ်မြို့သည့်အရိပ်လက္ခဏာများ ပေါ်လွင်ထင်ရှားသိသာလှ၏။

ထိုလူကြီးရေရွတ်သံအဆုံး၌ ဦးလေးက လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး နားမလည်နိုင်သည့်စကားများဖြင့်လှမ်းပြောလိုက်သည်။

ထိုလူကြီးမျက်နှာက ရုတ်တရက်အံ့အားသင့်သွားသလိုပြောင်းလဲ၍သွားပြီးနောက် တစ်စုံတစ်ရာပြန်ပြောလိုက်၏။

ဦးလေးနှင့်လူကြီးမှာ အပြန်အလှန် စကားများပြောပြီးနောက် လူကြီးက သူ့လူများကိုအော်ဟစ်ပြောဆိုနေသည်။

"ငါတို့ကို ကြိုးဖြည်ခိုင်းနေတာကွ"

ဦးလေးက ကျွန်တော်တို့အားတီးတိုးပြောပြီး လူကြီးအားပြန်၍လှမ်းပြောလိုက်ပြန်၏။ လူကြီးက သဘောကျသလိုခေါင်းညိတ်ကာပြုံးသည်။

သူတို့အား ကြိုးဖြည်ပေးပြီးသောအခါ ဦးလေးကသူ၏



ကျောပိုးအိတ်ထဲမှ တစ်စုံတစ်ရာကို ထုတ်လိုက်သည်။ ဦးလေး၏ လက်ထဲတွင်ပါလာသည့်အရာများမှာ ရောင်စုံပုတီးလေးများနှင့် ဆေးရွက်ကြီးထုတ်တစ်ထုပ်။

ထိုအရာများကို ဦးလေးကဟိုလူကြီးဆီ ပေးလိုက်ပြီးနောက် ရယ်ရယ်မောမော စကားပြောလိုက်သည်။ လူကြီးမျက်ဝန်းများက ဦးလေးလှမ်းပေးသောအရာများကို စူးစမ်းသလိုတအံ့တသြကြည့်ပြီး အရောင်တဖိတ်ဖိတ်လက်လာ၏။ ထို့နောက် ကျေနပ်သလိုအားပါးတရပြုံးလိုက်ပြီးနောက်၊ ကျွန်တော်တို့အဖွဲ့အား သူ့နောက်မှလိုက်ရန် ခေါ်လေ၏။

လူကြီးက ခပ်လှမ်းလှမ်းက တဲအိမ်တစ်ခုရှေ့ရောက်သော် ဦးလေးအား တစ်စုံတစ်ရာလှမ်းပြောလိုက်ပြီးနောက် သူ့အဖော်များနှင့်ပြန်လည်ထွက်ခွာသွားတော့သည်။

ဦးလေးက ထွက်သွားသောထိုလူကြီးတို့အဖွဲ့အား မျက်စိတစ်ဆုံး ကြည့်နေသဖြင့် ကျွန်တော်လည်း မနေနိုင်မထိုင်နိုင်တော့ဘဲ သိချင်နေသည့်ကိစ္စအားမေးမိလိုက်သည်။

"ဦးလေးနဲ့ အဲဒီလူကြီးတို့ ဘာတွေပြောနေတာလဲဟင်"

ဦးလေး ကျွန်တော့်ကိုစောင်းငဲ့ကြည့်လိုက်ပြီး ခပ်ပြုံးပြုံးဆို၏။

"သူကဒီရွာရဲ့အကြီးအကဲပဲ၊ သူကငါတို့ကိုရန်သူတွေလို့ထင်ပြီး ဖမ်းချုပ်ထားဖို့ သူ့တပည့်တွေကို အမိန့်ပေးနေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ငါကရန်သူတွေမဟုတ်ပါဘူး၊ ခရီးသွားတွေပါလို့ ပြောတော့ သူက သူတို့စကားကို နားလည်တယ်ဟုတ်လား လို့မေးတယ်''

''ဦးလေးက သူတို့စကားကို ဘယ်လိုနားလည်နေတာလဲ'' သူက ဖြတ်မေးလိုက်သည်။

''ဒါကတော့ကွာ ငါလေ့လာထားတာပေါ့ကွ''

''ဪ ... ဒါနဲ့ ဆက်ပြောပါဦး ဦးလေး၊ ဦးလေးက အဲလိုပြောလိုက်တာနဲ့ ကျွန်တော်တို့ကို ကြိုးဖြည်ပေးလိုက် ရောလား''

''ဟာ ဒီလောက်နဲ့ ဘယ်လွှတ်ပေးပါ့မလဲကွ၊ သူကဆင် မေးတယ်၊ ငါတို့ကို ဘယ်ကလာတာလဲဘာလာလုပ်တာလဲ ဘာလဲညာလဲနဲ့စုံနေအောင် မေးတာပေါ့။ ငါလည်းသူတို့ ကျေနပ်လက်ခံလာအောင်ဖြေခဲ့ရတာပေါ့ကွာ၊ သူယုံကြည် စိတ်ချရပြီဆိုတော့မှ ငါတို့ကိုကြိုးဖြည်ပေးတာ ငါ့တူ''

''ဒါဆို ရောင်စုံပုတီးတွေနဲ့ ဆေးရွက်ကြီးထုတ်ပေးလိုက် တာကျတော့ရော''

''အဲဒီပစ္စည်းတွေက သူတို့အတွက် အထူးအဆန်းပေါ့ကွာ ပြီးတော့ သိပ်ကြိုက်ကြတယ်၊ ဒါကိုသိလို့ တမင်တကာ အလေးခံပြီးသယ်လာရတာ အိတ်ထဲမှာကျန်သေးတယ်''



''ဟင် ဦးလေးကလည်း ဘာလို့ချန်ထားတာလဲ၊ အကုန်ပေး လိုက်ပြီးရော''

''အကုန်ပေးလို့ဘယ်ဖြစ်မလဲ၊ ရှေ့မှာပေးစရာရွာတွေ ရှိသေး တယ်''

''ဟင် ရှေ့မှာရွာတွေရှိသေးတယ်ဟုတ်လား''

''ဟုတ်တယ် သူတို့လူမျိုးစုတွေလိုပဲ လူတွေနေတဲ့ ရွာတွေရှိ သေးတယ်''

''ဦးလေး သူတို့ကဘာလူမျိုးတွေလဲဟင်''

''လူရိုင်းအမျိုးအနွယ်ဝင်တွေလို့ပဲ ဆိုရမှာပေါ့''

''ငါတို့နားဖို့နေရာကို အသေအချာအကျအန ပြင်ပေးထား တာပဲ၊ **ခရီးပန်း**လာတာနဲ့အတော်ပဲ၊ ဒီညတော့စိမ်ရှိရှိ အိပ်ရပြီ ပေါ့''

တဲအတွင်းမှ ဦးခွန်ချို၏အသံက ပျံ့လွင့်လာ၏။ သူတို့တူဝရီး နှစ်ယောက်လဲ တဲအတွင်းသို့ဝင်လာလိုက်ကြ၏။မြင်ရသည့်မြင်ကွင်းက စိတ်ချမ်းမြေ့စရာကောင်းလှပါဘိ။

တဲအိမ်လေးက သိပ်မကျယ်ဝန်းလှသော်လည်း သူတို့သုံး ယောက်အတွက် ကောင်းကောင်းလုံခြုံပါ၏။ တဲအတွင်းတွင် စားစရာ သစ်သီးဝလံများနှင့် ရေတာကောင်းဘူးနှစ်လုံးကို ထောင့်တစ်နေရာတွင်

www.burmeseclassic.com

www.burmeseclassic.com



သပ်သပ်ရပ်ရပ်တင်ထားပြီး ဝါးကြမ်းများခင်းထားသော နေရာတွင် တော့ အိပ်စက်ရန်စောင်နွမ်းနွမ်းသုံးထည်နှင့်ခပ်ကြီးကြီး ဝါးတစ်လုံးကို အလောတော်ဖြတ်တောက်ထားသည်။ ခေါင်းခုစရာ ဝါးဆစ်ပိုင်းသုံးခု ကို တွေ့လိုက်ရ၏။

ထိုညက စားစရာများနှင့် ခေါင်းရည်များကို လာပို့သဖြင့် အားပါးတရ စားသောက်ကြပြီးနောက် ခရီးပန်းလာရသည့်အရှိန် ကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားမိလေတော့သည်။

* * *

ဆူဆူညံညံ အသံများကြောင့် ကျော်စွာသည် အိပ်ရာမှ တ်ခနဲ လန့်နိုးလာ၏။ စူးရှသောအလင်းတန်းက သူမျက်ဝန်းထဲသို့ န်းခနဲဝင်ရောက်လာ၏။ အတန်ကြာအောင် မျက်ဝန်းများကို တ်ခတ်ပုတ်ခတ်လုပ်ပြီးမှ ဘေးဘီဝဲယာသို့ကြည့်လိုက်သည်။

ဦးလေးနှင့်ဦးခွန်ချိုမှာလည်း ထိုအသံများကိုကြား၍ လန့်နိုး ကြပြီး ငုတ်တုတ်ထိုင်ကာ အသံတို့ကိုနားစွင့်နေသည်ကို တွေ့လိုက် ။

"ဘာသံတွေလဲဗျ"

"ရွာထဲမှာဘာဖြစ်နေလဲမသိဘူး၊ သွားကြည့်ရအောင်"

အခြေအနေစူးစမ်းရန် သူတို့ထွက်လာခဲ့ကြသည်။ မနေ့က ့ကိုဖမ်းခေါ်လာသည့်နေရာတွင် လူအုပ်ကြီးဝိုင်းရံလျက်ရှိပြီး

www.burmeseclassic.com

www.burmeseclassic.com



အကြီးအကဲဖြစ်သူလူကြီးက တစ်စုံတစ်ရာပြောကြားနေသည်ကို တွေ့လိုက်ရ၏။

"ရန်သူမိလာတယ်လို့ ပြောနေတာကွ"

ဦးလေးကလျှောက်လာရင်းမှ သူတို့ကို စကားပြန်လုပ်လိုက်သေး၏။

သူတို့ကိုမြင်တော့ လူကြီးကလှမ်းပြုံးပြ၍ သူ့လူများကို တစ်စုံတစ်ရာပြောလိုက်သည်။ ထိုအခါ ဝိုင်းထားသည့် လူအုပ်ကြီးက ဘေးသို့ရှဲလိုက်ကြပြီး လုံ့ရှည်ကိုင်ထားသော လူများကကြိုးတုတ်ခံထားရသော လူနှစ်ယောက်ကိုတစ်နေရာသို့ဖမ်းခေါ်သွားရန်ပြင်လိုက်ကြ၏။

ကြိုးတုတ်ခံထားရသော လူနှစ်ယောက်ကို မြင်လိုက်ရသောအခါ ကျော်စွာ၏မျက်ဝန်းအစုံ ရုတ်တရက်ပြူးကျယ်သွားကာ နှုတ်မှယောင်ယမ်း၍ ပြောမိသွားသည်။

"မူးရာ"

ဟုတ်သည်။ မူးရာတို့သားအဖကို ရွာသားများဖမ်းဆီးချုပ်နှောင်ထားကြခြင်းဖြစ်၏။ မူးရာက သူတို့ကိုမြင်သော် အံ့သြဟန်မပြပဲ သာမန်အကြည့်ဖြင့်ခပ်တည်တည်ကြည့်၍ ခေါ်ဆောင်ရာနေရာသို့ လိုက်ပါသွား၏။



ထိုစဉ် ဦးလေးကအသံကျယ်ကြီးဖြင့် လှမ်းအော်ပြောလိုက်သည်ကိုကြားလိုက်ရသည်။ ဦးလေးအော်သံကြောင့် မူးရာကို ခေါ်ဆောင်သွားသည့်လူများ၏ ခြေလှမ်းများတန့်သွားကာ နားမလည်သလို လှည့်ကြည့်ကြ၏။

အကြီးအကဲလူကြီးက ဦးလေး၏အပြုအမူကို နားမလည်ဟန်ဖြင့်အနားသို့လျှောက်လာကာသူတို့ဘာသာစကားဖြင့်ပြောလိုက်၏။ ဦးလေးကလည်းပြန်ပြောသည်။ မူးရာတို့ကိုလက်ညှိုးထိုးလိုက် မိမိကိုယ်ကိုရင်ဘတ်ပုတ်၍ ခြေဟန်လက်ဟန်အမူအရာတို့ဖြင့် ပြောနေ၏။

အကြီးအကဲလူကြီးကဦးလေးပြောသမျှကို ခေါင်းတဆတ်ဆတ်ညိတ်ကာ နားထောင်သည်။ပြီးနောက်သူ့လူများအားတစ်စုံတစ်ရာ လှမ်းပြောလိုက်၏။ ထိုအခါကျမှမူးရာတို့ကို ချည်ထားသောကြိုးများကို သူ့လူများက အလျှင်အမြန်ဖြုတ်ပေးလိုက်ကြသည်။

ဦးလေးနှင့်အကြီးအကဲလူကြီးက အတန်ကြာအောင် စကားပြောပြီးနောက် ဦးလေးကသူတို့ရှိရာသို့လျှောက်လာကာ...

"ငါတို့ ခရီးဆက်ထွက်ဖို့ပြင်ရမယ်၊ အကြီးအကဲက သူတို့ကျွေးမွေးတဲ့အစားအသောက်တွေစားသွားပါဦးလို့ပြောတယ်၊ စားပြီးတာနဲ့ တို့တွေဒီကနေထွက်ကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



''ကျွန်မတို့ကိုကယ်တဲ့အတွက် ဦးလေးကိုကျေးဇူးတင်ပါတယ်နော်''

မှူးရာက ဝင်ပြောလိုက်သည်။

''ရပါတယ် မိန်းကလေး၊ ဦးလေးတို့ တွင်းထဲကျနေတုန်းကြိုးချပေးခဲ့တာ မိန်းကလေးဆို၊ အဲဒီကျေးဇူးကိုပြန်ဆပ်တယ်လို့ သဘောထားလိုက်ပေါ့ကွယ်''

မှူးရာက ခေါင်းလေးကိုအသာဆတ်ပြီး မျက်ဝန်းအကြည့်ကကျော်စွာထံသို့ ဓွေကနဲရောက်လာ၏။ ကျော်စွာကလည်း စူးစိုက်ကြည့်နေသည်ဖြစ်ရာ အကြည့်နှစ်ခုတို့အရှိန်ပြင်းပြင်းရိုက်ခတ်ကြပြီးနောက်ပြန်ကန်ထွက်လာသလို ဖျတ်ခနဲမျက်နှာလွှဲလိုက်မိကြသည်။

''ခင်ဗျားဘာတွေပြောလိုက်လို့ ဒီကောင်မလေးတို့ကိုအကြီးအကဲကလွှတ်ပေးလိုက်ရတာလဲ ဦးမင်းထင်ရဲ့ကျုပ်တို့ ကိုလည်းပြောပြပါဦး''

ဦးခွန်ချို့က ဦးလေးကို စိတ်ဝင်တစားမေးလိုက်သည်။

''ဩော်···ကျုပ်ပြောတာက ဒီမိန်းကလေးတို့ သားအဖကကျုပ်တို့တစ်ဖွဲ့တည်းဖြစ်တဲ့အကြောင်း၊ သူ့တို့ကလမ်းမှားသွားပြီး ကျုပ်တို့အဖွဲ့နဲ့လွဲသွားတယ်ဆိုတဲ့အကြောင်းရန်သူတွေမဟုတ်ပါဘူးလို့ပြောလိုက်တော့ အကြီးအကဲကြီးက တောင်းပန်တယ်၊ သူမသိလို့ဖမ်းမိတာပါတဲ့၊ ကျုပ်ကလည်းရပါတယ်ပေါ့၊ အဲဒါနဲ့ တစ်ခါတည်းခရီးဆက်ထွက်တော့မယ့်အကြောင်းကိုပါပြောလိုက်တော့ အစားအသောက်တွေ စားသောက်ပြီးမှသွားကြပါတဲ့၊ ကျုပ်လည်းခေါင်းညိတ်လက်ခံလိုက်ရတာပေါ့''

ဦးလေးက ပြောရင်းမှ မှူးရာဘက်သို့လှည့်ကာ

''မိန်းကလေးတို့လည်း ဦးတို့နဲ့တခါတည်းလိုက်ခဲ့ပါ၊ကျုပ်တို့တစ်ဖွဲ့တည်းသားတွေလို့ အကြီးအကဲကိုပြောထားတယ်၊ သူတို့ယုံအောင်လို့တော့ ဒီကနေအတူတူထွက်မှဖြစ်မယ်''

မှူးရာကဘာမှမပြော ခေါင်းကိုသာညိတ်ပြ၏။

''ကဲ··· ဒါဆို ကျုပ်တို့လည်း အထုတ်အပိုးတွေသွားပြီးပြင်ဆင်ရအောင်၊ နေမမြင့်ခင် ဒီကနေထွက်ကြမယ်''

သူတို့တည်းခိုရာတဲဆီသို့ ပြန်လာကြပြီး အထုတ်အပိုးတွေပြင်ဆင်ပြီး တအောင့်ကြာမှာပဲ တဲဝန္လူတစ်ယောက်ပေါ်လာ၏။ အကြီးအကဲက သူတို့အားခေါ်ခိုင်းလိုက်ခြင်းပင်ဖြစ်တော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

သူတို့ထမင်းစားသောက်ပြီးတာနှင့် ထိုရွာကလေးမှထွက်လာခဲ့ကြသည်။ ပြည့်ပြည့်ဝဝကြီးအနားယူအိပ်စက်ပြီးအစားကောင်းများစားလိုက်ရသဖြင့် လူကအားအင်ပြည့်ဖြိုးပြီးလန်းဆန်းနေသည်။ တက်ကြွသောခြေလှမ်းများဖြင့် သူတို့ရှေ့ကိုဆက်လာမိကြသည်။

သူတို့ ရွာကိုခွာ၍တောနက်ထဲသို့တိုးဝင်လာခဲ့ပြန်၏။

''ကျွန်မတို့ ဒီကနေပဲ လမ်းခွဲသွားပါတော့မယ်''

ရွာနှင့် အတော်ဝေးဝေးလှမ်းလာပြီးနောက် တောထဲသို့အဝင်တွင် မူးရာက ပြောလာခြင်းဖြစ်သည်။

''မိန်းကလေးတို့က ဘယ်သွားမှာလဲ''

မူးရာက သက်ပြင်းချသည်။ ပြီးမှ လေသံတိုးတိုးဖြင့် …

''ဆေးမြစ်ရှာရင်းနဲ့သွားမှာဆိုတော့ ဒီလိုပဲရောက်ရာ



ပေါက်ရာပေါ့''

''မိန်းကလေး ဒီလိုဆို ကျုပ်တို့နဲ့ပဲလိုက်ခဲ့ပါ၊ မိန်းကလေးတို့နှစ်ယောက်တည်းသွားလို့မဖြစ်ဘူး၊ အန္တရာယ်ရှိနိုင်တယ်၊ ရှေ့မှာရွာတွေလည်းရှိသေးတယ်ဆိုတော့··မတော် ခုလိုပဲရန်သူထင်ပြီး အဖမ်းခံရရင် ဘယ့်နှယ့်လုပ်မလဲ၊ ကျုပ်တို့နဲ့ပဲလိုက်ခဲ့စမ်းပါ မိန်းကလေးရယ်''

ဦးခွန်ချိုက စိုးရိမ်ပူပန်ဟန်ဖြင့်ပြောနေသဖြင့် ကျော်စွာလည်းဝင်ရောက်ထောက်ခံလိုက်ရ၏။

''ဟုတ်ပါတယ် မူးရာရယ်၊ ကျွန်တော်တို့နဲ့ပဲလိုက်ခဲ့ပါ၊မူးရာတို့နှစ်ယောက်တည်းသွားရင် အန္တရာယ်ကြီးလွန်းပါတယ်၊ ကျွန်တော်စိတ်မချဘူး၊ ကျွန်တော်တို့နဲ့ပဲလိုက်ခဲ့လိုက်ပါနော်''

မူးရာက သက်ပြင်းသဲ့သဲ့ချသည်။ ခေါင်းကို ဖြည်းညင်းစွာညိတ်၏။

''ကောင်းပြီလေ ကျွန်မတို့ ရှင်တို့နဲ့ပဲလိုက်ပါတော့မယ်၊ ကိုကျော်စွာ ကျွန်မတို့ကို အခုလိုစိုးရိမ်ပူပန်နေတဲ့အတွက်ရော၊ ကျွန်မတို့ကို ကယ်ခဲ့ပေးတဲ့အတွက်ပါ ရှင်တို့ကျေးဇူးတွေကို ကျွန်မဘယ်လိုမှမေ့နိုင်တော့မှာမဟုတ်ဘူးရှင်''

မူးရာက လှိုက်လှိုက်လှဲလှဲဆိုသည်။ ပုဝါစဖြင့် ကာထား

www.burmeseclassic.com



သဖြင့် သူမနှုတ်ခမ်းတွေကို မမြင်ရပေမယ့် ထိုနှုတ်ခမ်းများတွင် တပ်ဆင်ထားမည့် လှပသောအပြုံးများကိုတော့ သူက စိတ်မျက်စိဖြင့် မြင်ယောင်နေမိသည်။ သူမမျက်ဝန်းများသည် တဖျတ်ဖျတ် လက်ဖြာနေ၏။

* * *



အတော်ကလေး ခရီးပေါက်လာကြပြီးနောက် အရိပ်အာဝါသ ကောင်းသော သစ်ပင်ကြီးအောက်တွင် ခဏတဖြုတ်နားကြပြန်၏။

"ဟူး မောလိုက်တာ၊ ဒီတောထဲဘယ်လောက်ကြာအောင် လမ်းလျှောက်ရဦးမလဲမသိဘူး"

ကျော်စွာက ငြီးငြီးညူညူဆိုရင်း စားစရာထုတ်ရန် ကျောပိုး အိတ်ကိုဖွင့်သည်။

"သိပ်မကြာတော့ပါဘူး ငါတို့ရဲ့ရှေ့နားဆို ရောက်လောက်ပြီ ထင်တယ်"

ဦးလေးက အားပေးနှစ်သိမ့်သလိုဆို၏။ ကျော်စွာကဟင်းကန့် သက်ပြင်းချကာ ကျောပိုးအိတ်ထဲမှ ဘာစားစရာများတွေ့ရလေမလဲ ဟုရှာသည်။

"မုန့်ခြောက်တွေလည်းကုန်ပြီလားတောင် မသိဘူး"

အိတ်ထဲလက်နှိုက်ရင်းမှလည်း ခပ်ညည်းညည်းရေရွတ်နေ မိ၏။ ထိုစဉ် သူ့လက်နှင့် မာကျောကျောအရာတစ်ခုကို ထိမိလိုက်ရ၍ အံ့သြသွားမိသည်။

"ဘာလဲမသိဘူး"

သူက မျက်မှောင်ကြုတ်၍ စဉ်းစားမိသည်။ သိချင်စိတ်ဖြင့် ထိုအရာအားနှိုက်ထုတ်ယူလိုက်မိသည်။

သူ့လက်ထဲတွင်ပါလာသည်ကား ကျောက်တုံးပြားလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ဦးလေးနှင့်အတူသွားခဲ့သည့်ဘုန်းကြီးကျောင်းမှပျောက်သွားသော ဖိုးသူတော်လေးကျန်ခဲ့သည့်ပစ္စည်းကို သူသဘောကျလွန်း၍ ဘုန်းကြီး ထံမှတောင်းယူသိမ်းထားခဲ့ခြင်းဖြစ်၏။

တံဆိပ်ပြားလေးပေါ်တွင် အရုပ်ပုံများရေးချယ်ထား၏။ ထိုထဲတွင်မှ စိတ်ဆိုးဒေါသထွက်ဟန်ပြုလုပ်ထားသည့်လမင်းပုံ သဏ္ဌာန်ကပိုပြင်လှ၏။ ကြည့်သူအဖို့ ထိတ်လန့်ကြောက်ရွံ့စေလေ၏။

ကျော်စွာသည် ထိုတံဆိပ်ပြားလေးကို သဘောကျစွာပြုံး၍ ကြည့်နေမိသည်။ ထို့စဉ် သူ့လက်ထဲမှ တံဆိပ်ပြားလေးကို ဆတ်ခနဲ ဆွဲယူခြင်းခံလိုက်ရသဖြင့် ဖျတ်ခနဲ အပေါ်သို့မော့ကြည့်မိလိုက်သည်။

တံဆိပ်လေးအားစူးရှတောက်ပြောင်သော မျက်ဝန်းများဖြင့် ကြည့်နေသည့်မှုးရာ။

"ဘာလုပ်တာလဲ‥ဘာဖြစ်လို့လဲ"

မှုးရာက သူ့အမေးကိုပြန်၍မဖြေပဲ။ တလက်လက်စူးရှ တောက်ပြောင်သောမျက်ဝန်းများဖြင့်ကြည့်၏။

ပြီးနောက် သူမလက်ထဲမှတံဆိပ်ပြားကို အဝေးသို့အားကုန် လွှဲပစ်ပေါက်လိုက်လေ၏။ တံဆိပ်ပြားလေးမှာ လမ်းဘေးရှိနက်ရှိုင်းလှ သောချောက်ထဲသို့ တဟုန်ထိုးလွင့်စင်ပျောက်ကွယ်သွားလေတော့၏။

"မှုးရာ ဘာလုပ်တာလဲ၊ ဘာလို့အဲလိုလုပ်ရတာလဲ"

သူက ဒေါသထွက်စွာမေးမိသည်။သူမအပြုအမူကသည်းမခံ



ချင်စရာကောင်းလှသည်။ သူတစ်ပါးကိစ္စကိုဝင်ရောက်စွက်ဖက်ရာ နှောင့်ယှက်ရာကျသည်။ ထိုအပြုအမူမျိုးကို သူလုံးဝသည်းခံနိုင်စွမ်း မရှိတော့ပေ။

"အဲဒီဟာက ရှင့်အတွက် အန္တရာယ်ရှိလို့၊ ဘာအန္တရာယ်ရှိ တာလဲလို့ မမေးနဲ့၊ ကျွန်မမဖြေနိုင်ပါဘူး၊ ကျွန်မပြောနိုင်တာ က အဲဒီတံဆိပ်ကိုရှင့်လက်ထဲမှာထားရင် တစ်နေ့ကျရင် ရှင်ဒုက္ခရောက်လိမ့်မယ်၊ အဲဒါကြောင့် ကျွန်မလွှင့်ပစ်လိုက် တာ၊ ကျွန်မအပြုအမူသိပ်ရိုင်းသွားမှန်းသိပါတယ်၊ ဒါပေမယ့် ဒီလိုမှမလုပ်ရင်မဖြစ်လို့လုပ်လိုက်ရတာ"

"မှုးရာ မင်းက ငါဒုက္ခရောက်မှာစိုးလို့လုပ်တာလို့ပြောတယ်၊ ငါ့ကို စိုးရိမ်ပူပန်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် အကြောင်းအရာ ခိုင်ခိုင်လုံလုံကိုတော့သိချင်တယ်၊ မှုးရာ… မင်း ဒီတံဆိပ်အကြောင်း တစ်ခုခုများသိနေလား"

သူမ မျက်ဝန်းများ ရုတ်ချည်းခက်ထန်သွားသည်။ တင်းမာ အက်ရှသောလေသံဖြင့် တစ်ခွန်းချင်းပြတ်သားစွာပြောလိုက်သည်။

"ကျွန်မ မပြောနိုင်ပါဘူး"

စူးရှရှအကြည့်နှစ်ခု ဖျတ်ခနဲဆုံမိသွားသည်။ ပြီးနောက် ဆတ်ခနဲအကြည့်လွှဲ၏။ ထို့နောက် ကျော်စွာကလေသံတိုးတိုးပြင်ဆို၏။

"ကောင်းပြီ မှုးရာ၊ မင်း မပြောချင်လည်းမပြောပါနဲ့တော့"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

သူတို့အဖွဲ့ မနားတမ်းခရီးဆက်လာခဲ့ကြရာ ရွာသုံးရွာကို ကျော်လွန်မြောက်ခဲ့ပြီဖြစ်၏။ အစပထမတွင် ရွာသူရွာသားများ၏ ဖမ်းဆီးဝိုင်းရံခြင်းကိုခံခဲ့ရသော်လည်း ဦးလေး၏စကားပြောကျွမ်းကျင်မှု ယူလာသောလက်ဆောင်ပစ္စည်းတို့ကြောင့် အခက်အခဲမရှိ သူတို့ကျော် ဖြတ်လာနိုင်ခဲ့ကြသည်။

ဟိုးအဝေးဆီမှ မီးခိုးတလူလူထွက်နေသည်ကိုတွေ့လိုက်ရ၏။ ရွာပဲဖြစ်ရမည်။ ဒီအနီးအနားရှိရွာအားလုံးလိုလိုမှာ သူတို့ပထမဆုံး တွေ့ခဲ့ရသည့် ရွာမှ လူမျိုးနွယ်များလိုပင်ဖြစ်ကြသည်။

ရွာထဲသို့ သူစိမ်းတရံများ ဝင်ရောက်လာခြင်းကို သိပ်မနှစ်မြို့ ကြသော်လည်း သူတို့ကိုတော့ကောင်းကောင်းဧည့်ခံကြသည်။တည်းခို နားနေခွင့်ပေးကြသည်။ ရွာသူရွာသားများမှာ အလွန်ရိုးအလွန်း ကြ



သည်။

ဦးလေးပေးသော ရောင်စုံပုတီးစေ့လေးများကိုသဘောကျ စွာဖြင့် ရွာအကြီးအကဲနှင့်မိန်းမအတော်များများက အမြတ်တနိုး ဝတ်ဆင်ထားတော့သည်။

မူးရာတောင် ဦးလေးထံမှ ရောင်စုံပုတီးလေးတစ်ကုံးကို တောင်းယူကာ သူမလည်ပင်းထက်တွင် ဝတ်ဆင်ထားလေ၏။

တောထဲမှထွက်၍ ရွာနားရောက်တော့ထူးဆန်းသည့်မြင်ကွင်း တစ်ခုက သူတို့အားဆီးကြိုနေလေတော့သည်။

ရွာထိပ်တွင် ရွာသူရွာသားများက သူတို့အားစောင့်ကြိုနေခဲ့ ကြခြင်းဖြစ်သည်။ ရွာသားထဲမှ အကြီးအကဲဖြစ်ပုံရသော လူ တစ်ယောက်က သူတို့အားပြုံးရယ်ကာ စကားဆိုလာ၏။

ကျော်စွာသည် ဦးလေးအားတံတောင်နှင့်တွက်၍အသံခပ်အုပ် အုပ်ဖြင့်မေးမိသည်။

"ဦးလေး သူဘာပြောတာလဲ"

"သူက ဒီရွာရဲ့အကြီးအကဲတဲ့ ငါတို့လာမှာကိုငါတို့နားခဲ့တဲ့ ရွာကသတင်းပေးထားလို့ ကြိုစောင့်နေကြတာတဲ့၊ သူတို့ဆီမှာ တည်းဖို့ဖိတ်ခေါ်နေတာကွ"

"ဒါဆို ဟန်ကျတာပေါ့ဦးလေးရဲ့၊ လက်ခံပါတယ်လို့ ပြောလိုက်တော့"

www.burmeseclassic.com

www.burmeseclassic.com



"ငါသိပါတယ်ကွ၊ မင်းကလည်း"

ဦးလေးကအကြီးအကဲအား တစ်စုံတစ်ရာလှမ်းပြောလိုက်၏။ သူတို့အား ရွာထဲသို့ဝင်ရန်လက်ဟန်ခြေဟန်ဖြင့်ပြောပြီး ခေါ်ဆောင်လာခဲ့ကြ၏။

ဦးလေး သူစည်းရုံးသိမ်းသွင်းနေကြအတိုင်းလက်ဆောင်ပဏ္ဏာများပေး၍သိမ်းသွင်းသောအခါ ရွာအကြီးအကဲမှာသဘောကျမဆုံးတော့ပေ။ လိုလေသေးမရှိသူတို့အဖွဲ့အား ဧည့်ခံကျွေးမွေးလေတော့၏။

ဦးလေးနှင့် ရွာအကြီးအကဲတို့အဖွဲ့ စကားစမြည်ပြောဆိုနေချိန် တွင် ကျော်စွာသည် ညဥ့်လေခံရင်း တောင်ကမူစွန်းလေးပေါ်မှ အဝေး သို့ မျှော်ကြည့်နေမိ၏။

ရွာကလေးသည် တောင်ထိပ်များပေါ်တွင်တည်ရှိနေသည်ဖြစ်ရာ တောင်ပေါ်ရှုခင်း၏အလှသဘာဝများကိုကြည့်ရင်း သူ့စိတ်တို့ ရွှင်လန်းနေမိတော့သည်။

ထို့စဉ် သူ၏နောက်နားဆီမှ ချိုးချိုးချွတ်ချွတ် အသံကြားလိုက်ရ၍ သူနောက်ကိုဖျတ်ခနဲလှည့်ကြည့်မိသည်။ အမှောင်ရိပ်ထဲမှ ဖြူဖွေးသောမျက်ဝန်းအစုံက သူ့အားပြူး၍စိုက်ကြည့်နေသည်ကို တွေ့လိုက်ရ၏။



"ဘယ်သူလဲ"

ကျော်စွာက အထိတ်တလန့်ဖြင့်အော်မေးလိုက်၏။ လှုပ်ရှားသံများကြားလိုက်ရပြီး မှောင်ရိပ်ထဲမှလူတစ်ယောက် တိုး၍ထွက်လာ၏။ လရောင်အောက်တွင် ထိုလူ၏မျက်နှာကိုမြင်ရစဉ်မှာတော့ကျော်စွာ တစ်ယောက် ပါးစပ်အဟောင်းသားဖြစ်သွားရတော့သည်။

ထိုသူမှာ ဒီရွာက ရွာသားတစ်ယောက်ပဲဖြစ်သည်။ သို့သော် သူ၏မျက်နှာသည် ကျော်စွာနှင့် တထေရာတည်းတူနေခြင်းကြောင့် ကျော်စွာမှာ အံ့ဩခြင်းကြီးစွာဖြင့်ကြောင်ငေးကြည့်နေမိခြင်းပင်။

"ငါနဲ့ တူလှချည်လား"

သူ့ထက်တော့ အသက်ငယ်ပုံရသည်။ သူနှင့်အသားအရေအရောင်ကွာခြားပုံနှင့် ဆံပင်အတိုအရှည်ကွာခြားပုံကလွဲရင် ကျန်အရာအားလုံးမှာ တထေရာတည်းတူနိုင်လွန်းလှသည်။ သူ့ထက်အရပ်တော့ အနည်းငယ်နိမ့်သည်။

ထိုသူက သူ့အားပြူးကြည့်နေ၏။ သူနှင့်တူသဖြင့် အံ့ဩနေပုံရသည်။ ကျော်စွာက လက်ဟန်ခြေဟန်ဖြင့်သူ့အနားသို့လာရန် ခေါ်လိုက်သည်။ သူက မဝံ့မရဲဟန်ဖြင့်တရွေ့ရွေ့တိုးကပ်လာ၏။

အနားသို့ရောက်သော် ကျော်စွာက ရင်းနှီးခင်မင်လိုဟန်ဖြင့် သူ့ပုခုံးကိုကိုင်လိုက်၏။ သူက ဆတ်ခနဲရုန်း၍ နောက်သို့ခြေနှစ်လှမ်း ဆုတ်သွား၏။ သူ့အပြုအမူကြောင့် ကျော်စွာမှာ ထမတော့

www.burmeseclassic.com

www.burmeseclassic.com



ကြောင်သွားသည်။ နောက်မှသဘောပေါက်သွားကာ သူ့အား နှစ်လိုစွာရယ်ပြမိသည်။

သူက တအံ့တသြရှုးစိုက်ကြည့်နေပြီးမှ သူ့နှုတ်ခမ်းတို့တရွရွ လှုပ်လာ၏။ ပြီးနောက် အားပါးတရရယ်ပြရှာ၏။ သူ၏သွားများမှာ ညီညာလှပလျက် ဆင်စွယ်ကဲ့သို့ဖြူဖွေးနေသည်ကို လရောင်အောက်တွင် လက်ကနဲမြင်လိုက်ရသည်။

ထို့နောက် ကျော်စွာထံသို့ရင်းနှီးလိုဟန်ဖြင့် တရွေ့ရွေ့ကပ်လာကာ ကျော်စွာ့မျက်နှာအားစေ့စေ့ကြည့်သည်။ သူ့မျက်နှာကိုလည်း ကိုင်သည်။ ကျော်စွာကသူ့ပုခုံးများကို တရင်းတနှီးဆုပ်ကိုင် လိုက်၏။ ဒီတခါတော့သူမရုန်းတော့။ ကျော်စွာအားမော်၍ကြည့်နေ၏။

ကိုယ့်မျက်နှာနှင့် တခြားသူကို မြင်တွေ့နေ၍ ကျော်စွာမှာ အလွန်အမင်းအံ့သြမိရသလို ရယ်ချင်လည်းရယ်ချင်မိ၏။ ထို့နောက် သူ့အားပါးတရအော်ရယ်မိတော့သည်။ သူ့ရယ်ခြင်းကိုကြည့်၍ ရှာသား လေးမှာလည်း လိုက်ရယ်တော့၏။ သူတို့နှစ်ဦး၏ရယ်သံများ တောတောင်အနှံ့ဟိန်းပျံ့သွားလေတော့သည်။

"မင်းက နာမည်ဘယ်လိုခေါ်လဲ"

ကောင်လေးကနားမလည်သလို သူ့အားစိုက်ကြည့်နေသည်။

ဟုတ်သားပဲ ငါတို့စကားမှ သူတို့နားမလည်တာ။ သူ့ကို နာမည်မေး လို့လည်းထူးမှာမဟုတ်ပါဘူး။



"မင်းက ငါနဲ့သိပ်တူတယ်၊ ငါမင်းကို နာမည်ပေးရမယ်။ ဘာနာမည်ပေးရမှာပါလိမ့်"

ကျော်စွာက ရေရွတ်ရင်းစဉ်းစား၏။ ကောင်လေးမှာ သူ့မျက်နှာကိုသာ တမေ့တမောငေးစိုက်ကြည့်နေ၏။ ကောင်လေး၏ မျက်ဝန်းများထဲတွင် သူ့အားခင်မင်ရင်းနှီးနေသည့် အရိပ်အယောင်တွေ ဖြည့်နှက်လျက်တည်း။

"ဟုတ်ပြီ၊ မင်းကငါနဲ့သိပ်တူတဲ့အတွက် ငါရဲ့ပုံတူကိုယ်ပွားပဲ၊ ဒါကြောင့် မင်းကိုပုံတူလို့ပေးမယ်၊ ပုံတူ ပုံတူ ပုံတူ အဲဒါကောင်းတယ်"

ကျော်စွာ သဘောကျစွာပြောပြီးရယ်နေလေရာ ကောင်လေးမှာလည်းလိုက်ရယ်၏။

"ပုံတူ၊ မင်းနာမည်ပုံတူ မှတ်ထား"

ကျော်စွာက လက်ဟန်ခြေဟန်ဖြင့် ကောင်လေးသိအောင် ပြောပြနေသည်။ ကောင်လေးက ကျော်စွာပြောသည့်စကားကို သံယောင်လိုက်၍ရေရွတ်၏။ နောက်မှကောင်လေးကသူ့ကို ခေါ်မှန်းသဘောပေါက်သွားဟန်ဖြင့် 'ပုံတူ… ပုံတူ' ဟု ပြောပြီး သူ့ရင်ဘတ်ကိုတဘတ်ဘတ်ပုတ်၏။ ပြီးနောက် ခေါင်းကိုအသာ ငုံ့ကာ စကားရှည်ကြီး ပြောသည်။ သူပြောသည့်စကားများထဲတွင် 'ခနွန်း… ခနွန်း' ဆိုသည့် စကားလုံးကထပ်ကာထပ်ကာပါနေသည်

www.burmeseclassic.com

www.burmeseclassic.com



ကိုသတိပြုလိုက်မိသည်။ သို့သော် ကောင်လေးစကားများကို ကျော်စွာအဖို့ နားမလည်နိုင်သဖြင့်ခေါင်းကိုသာကုတ်နေမိတော့၏။

ထိုညက ကောင်လေးနှင့်ကျော်စွာမှာ စကားတွေ အများကြီး ပြောဖြစ်မိကြသည်။ တစ်ယောက်စကားကိုတစ်ယောက်နားမလည်ကြသော်လည်းသူတို့နှစ်ယောက်စကားတွေအများကြီးပြောဖြစ်မိကြသည်။ အကြိမ်ကြိမ်ရယ်မောမိခဲ့ကြသည်။ တစ်ယောက်မျက်နှာတစ်ယောက် အချိန်အတော်ကြာအောင် စူးစိုက်ကြည့်မိခဲ့ကြလေ၏။

* * *



နောက်တစ်နေ့ နံနက်စောစောတွင်သူတို့ ထိုရွာမှ ထွက်ခွာရန် ပြင်သည်။ ရွာလူကြီးက ဦးလေးအားတတွတ်တွတ်ပြောကာ ဘာတွေမှာကြားနေလဲမသိ။ ဦးလေးက ခေါင်းတဆတ်ဆတ်ညိတ်ကာ နားထောင်နေ၏။

ကျော်စွာသည် သူနှင့်ညက ခင်မင်ခဲ့ရသည့် ကောင်လေးကို လိုက်ရှာနေမိသည်။ ကောင်လေးက သူတို့ကိုလာမတွေ့၊ တစ်နေရာမှ ချောင်းမြောင်းကြည့်နေပုံရသည်။

ပုံတူရေ မင်းဘယ်ရောက်နေတာလဲကွာ၊ ငါမင်းကိုနှုတ်ဆက်သွားချင်လို့ မင်း ငါ့ကိုတစ်နေရာကနေချောင်းကြည့်နေတယ်ဆိုတာ ငါသိနေတယ်။ ချောင်းမနေပါနဲ့။ ငါ့ရှေ့သာထွက်လာခဲ့ပါတော့ကွာ။

သူက စိတ်ထဲမှတီးတိုးရေရွတ်ရင်းမျက်ဝန်းများကစေ့ဝဲရှာနေမိသည်။ သူမျှော်လင့်သလိုပင်ပုံတူကားထွက်မလာခဲ့ပါချေ။

သူတို့အဖွဲ့ ထိုရွာကလေးကို ကျောခိုင်း၍ထွက်ခွာလာခဲ့ကြတော့သည်။ ကျော်စွာသည် ပုံတူကိုမတွေ့ရ၍ စိတ်မကောင်း ဖြစ်နေမိသည်။ သို့သော် သူစိတ်မကောင်းကြာကြာဖြစ်ခွင့် မရှိလိုက်။ အကြောင်း မှာ ပုံတူတစ်ယောက် လမ်းခုလတ်တစ်နေရာတွင် သာရောက်စောင့်စား နေသောကြောင့် ဖြစ်၏။

"ဟင် ... ပုံတူ မင်းကဒီမှာလာစောင့်နေတာကိုး၊ ငါက မင်းကိုရှာလိုက်ရတာကွာ"

www.burmeseclassic.com

www.burmeseclassic.com



"မောင်ကျော်စွာနဲ့တူလှချည်လား"

"ငါ့တူ သူနဲ့မင်းကသိလို့လား"

"သိတယ် ဦးလေး၊ ကျွန်တော်တို့ ညတုန်းကခင်သွားတာ"

ပုံတူက သူ့အနီးသို့လှမ်းလာပြီး လက်ထဲတွင် ဆုပ်ကိုင်ထားသောအရာကို လှမ်း၍ပေးနေ၏။ ကျော်စွာကလက်ဖြန့်၍ပေးလိုက်သောအခါ ပုံတူသည် သူ့လက်ထဲမှအရာကို ကျော်စွာ့လက်ထဲသို့ ထည့်ပေးလိုက်၏။

ကျားစွယ်ကိုအပေါက်ဖောက်၍ ကြိုးဖြင့်သီထားသည့် ဆွဲကြိုးလေးပင်ဖြစ်သည်။

"ဒါ ငါ့ဆွဲဖို့လား"

ပုံတူက လက်ဖြင့်လည်ပင်းမှာ ဆွဲရန်အမူအရာလုပ်ပြသည်။ ကျော်စွာကသဘောကျသလိုပြုံးပြီးခေါင်းညိတ်လိုက်၏။

"နေဦး ငါလည်း မင်းကိုလက်ဆောင်ပြန်ပေးမယ်"

ကျော်စွာကပြောပြီး ဦးလေးထံ လှမ်းကြည့်လိုက်သည်။

"ဦးလေးမှာ ပုတီးလေးတွေရှိသေးလား"

"နေဦး၊ ရှိသေးလားမသိဘူး၊ ကြည့်လိုက်ဦးမယ်"

ဦးလေးက သူ့လွယ်အိတ်ထဲလက်နှိုက်စမ်း၍ရှာနေ၏။ အတန်ကြာမှ ...



"သြော်... ရှိသေးတယ်ဟ၊ တစ်ကုံးပဲရှိတော့တယ်"

"ကျွန်တော့်ကိုပေး ဦးလေး"

ဦးလေးထံမှ ပုတီးကိုယူကာ ပုံတူ့လည်ပင်း၌ဆွဲပေးလိုက်၏။ ဖြူဖွေးညီညာသော သွားများပေါ်အောင်ရယ်၍ပုံတူက ဖျတ်ခနဲ ဒူးထောက်ကာ သူ၏ခြေထောက်များကို ငုံ့နမ်းလိုက်သည်။

"မင်းကို ကျေးဇူးတင်တဲ့အကြောင်း ငါ့တူရ"

ပုံတူ၏အပြုအမူကြောင့် သူ့စိတ်ထဲကြည်နူးစိတ်နှင့် ဝမ်းသာစိတ် တို့ တစ်ပြိုင်နက်တည်းဖြစ်တည်သွားကာ မျက်ရည်ဝဲချင်ချင်ဖြစ်သွားရ၏။ ပုံတူသူ့ကိုစကားပြောသည်။ ပုံတူပြောတဲ့စကားကို နားမလည်၍ သူက ဦးလေးကိုမေးရသည်။

"အဲဒါမင်းကို ဆုတောင်းပေးနေတာ၊ ပြီးတော့ပြောသေးတယ်၊ အပြန်ကျရင်သူ့ဆီခဏဝင်လာခဲ့ပါဦးတဲ့၊ မင်းကိုသခင်လို့ခေါ်နေတယ်၊ မင်းကိုတော့ သူတော်တော်ခင်ရှာသားပဲကွ"

ကျော်စွာက ပုံတူကိုပြုံးရယ်ကာခေါင်းညိတ်ပြလိုက်၏။ ပုံတူက သူ့ကိုသွားအဖွေးသားနှင့်ပြန်ရယ်ပြကာ လှစ်ကနဲထွက်ပြေးသွားလေတော့၏။ မြန်လိုက်သည့်ဖြစ်ချင်း၊ ခဏတွင်းချင်းပင် ပုံတူ့အရိပ်မှာ မြင်ကွင်းမှပျောက်ကွယ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"တို့လည်း ခရီးဆက်ကြဦးစို့၊ ရှေ့က လူတွေကတော်တော်ဆိုးတယ်လို့ပြောကြတယ်၊ သတိထားပြီးသွားမှဖြစ်မယ်ဟေ့"

ဦးလေးက သတိပေးသလိုပြောပြီး ရှေ့မှခပ်သွက်သွက်လှမ်းထွက်သွားသည်။

ဦးမင်းထင်၏စကားကြောင့် မူးရာ၏မျက်ဝန်းများ ဖျတ်ခနဲအရောင်ပြောင်းသွား၏။ ထိုအခြင်းအရာကို ဘယ်သူမှမမြင်လိုက်ကြပါချေ။

* * *

## အခန်း (၁၇)

သူတို့ထွက်လာခဲ့သည့် ရွာနှင့်ဆက်သွားရမည့်ရွာမှာ ချောက်ကမ်းတစ်ခုသာကွာ၏။ တောင်ထိပ်နှစ်ခုပေါ်တွင် ရွာနှစ်ရွာရှိပြီး ထိုရွာနှစ်ရွာ၏အလယ်တွင် ချောက်ကမ်းပါးကြီးတစ်ခုကကာဆီး ပိုင်းခြားထားခြင်းဖြစ်၏။

ချောက်ကမ်းပါးထဲတွင်ရေကဒူးဆစ်လောက်အထိရှိနေသည်။ ရေမှာတသွင်သွင်စီးဆင်းလျက်ရှိ၏။ သူတို့ ထိုချောက်ကမ်းပါးကို ကျော်လွှန်ခဲ့ပြီး တောင်ပေါ်သို့တရွေ့ရွေ့လှမ်းလာခဲ့ကြသည်။ အတော်ကြာအောင် လျှောက်လာခဲ့ကြပြီးနောက် စည်းရိုးကာထားသော ရွာ၏အဝင်ဝကို တွေ့လိုက်ရတော့၏။

"ပန်းတိုင်ရောက်ပြီကွ၊ ပန်းတိုင်ရောက်ပြီ"

ဦးခွန်ချိုက ဝမ်းသာအားရထအော်သည်။ ကျော်စွာက

www.burmeseclassic.com

www.burmeseclassic.com



နားမလည်နိုင်သလိုငေးကြည့်နေမိသည်။

"ဟုတ်တယ် ငါ့တူရေ၊ တို့ခရီးဆုံးပြီ၊ ငါတို့ခရီးဦးတည်ရာက ဒီရွာပဲကွ"

ဦးလေးက သူ့အဖြစ်ကိုနားလည်ဟန်ဖြင့် ရှင်းပြပေးသည်။

ခရီးဆုံးပြီဆို၍ ကျော်စွာမှာ တစ်လျှောက်လုံးတင်းထားခဲ့ရသည့်စိတ်အလုံးကြီး ယခုမှ ဖုတ်ခနဲပြုတ်ကျသွားရသည့်နှယ် ပေါ့ပါးသွားလေတော့သည်။

ကြည့်စမ်း‥ ဒီနေရာကိုရောက်ဖို့ သူတို့ဘယ်လောက်တောင် အချိန်ကုန်လူပန်းခဲ့ရသလဲ။ ခုတော့လည်းရောက်လာရပြီပေါ့။

ကျော်စွာက လေပူတစ်ချက်ဖူးကနဲမှုတ်၍ တွေးမိသည်။ သူ့အတွေးတို့ပင်မဆုံးလိုက်။ ဆူဆူညံညံအသံများနှင့်အတူ သူတို့ရပ်နေရာနေရာနှင့် မလှမ်းမကမ်းသစ်ပင်များထက်မှလူများဖုတ်ကနဲ၊ ဖုတ်ကနဲ ခုန်ဆင်းချလာသည်ကိုတွေ့လိုက်ရ၏။

လူများက သူတို့အားဝိုင်းထားလိုက်ကြသည်။ ထိုလူများ၏လက်ထဲတွင် လှံရှည်များ၊ ဝါးချွန်များကိုယ်စီကိုင်ထားကြ၏။ ဝိုင်းထားသည့်လူများက စူးစူးရှရှတောက်ပြောင်သောမျက်ဝန်းများဖြင့်ကြည့်ကာ သူတို့အနီးသို့တိုးကပ်လာ၏။

ထိုစဉ် စူးရှ၍ထည်ဝါသောမိန်းမသံတစ်သံထွက်ပေါ်လာ၏။ သူတို့မျက်ဝန်းများ အသံထွက်ပေါ်ရာနေရာသို့ လှည့်ကြည့်မိကြ၏။



နောက်ချန်၍ခပ်လှမ်းလှမ်းမှလိုက်လာသော မူးရာတို့သားအဖက သူတို့ထံသို့တရွေ့ရွေ့လှမ်းလာ၏။

လှမ်းလာရင်းဖြင့် မူးရာကဝိုင်းထားသည့်လူများကိုဘာသာစကားတစ်ခုဖြင့် ပြောနေခြင်းဖြစ်သည်။

"ငါတို့ကို လွှတ်ခိုင်းတာကွ၊ ရန်သူမဟုတ်ဘူးလို့ပြောတာ"

ဦးလေးက စကားပြန်ရှင်းပြ၏။

"ဟင် … မူးရာက ဒီစကားကို တတ်နေပါလား"

ကျော်စွာက တအံ့တသြရေရွတ်သည်။

မူးရာအသံကြောင့် ဝိုင်းထားသည့်လူများခေတ္တကြောင်ငေးသွား၏။ မူးရာက မျက်နှာတွင်စည်းထားသောပုဝါစကိုဖယ်ရှားလိုက်သည်။ ထိုအခါကျမှ ဝိုင်းထားသည့်လူများက ဝမ်းသာအားရဖြစ်သွားဟန်ဖြင့် မူးရာ့ကိုပွေ့ဖက်နှုတ်ဆက်ကြ၏။

ကျော်စွာတို့အဖွဲ့မှာသာ ပါးစပ်အဟောင်းသားဖြင့်။

ကျော်စွာတစ်ယောက် မူးရာ၏မျက်နှာကို မြင်လိုက်ရစဉ်မှာတော့ တဒင်္ဂမင်သက်သွားမိတော့၏။

သူ့မျက်စိထဲအလွန်ရင်းနှီးနေသည့် မျက်နှာတစ်ခုကို ရုတ်တရက်တွေ့လိုက်ရ၍ အံ့သြမင်သက်မိနေခြင်းပင်။

ဒီမျက်နှာဟာ ဘယ်မှာမြင်ဖူးနေပါလိမ့်။ သူသိပ်ကိုရင်းနှီးနေသည့်မျက်နှာပဲ။ ဦးနှောက်ကအပြေးအလွှားစဉ်းစားနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာပါလိမ့်။ ဖျတ်ခနဲပွင့်သွားသည့်အသိကြောင့် သူတအံ့တသြ ရေရွတ်မိသည်။

"ဟင် ... ဒါ ငါ့အိမ်မက်ထဲကမိန်းကလေးပဲ၊ ဟုတ်တယ်၊ မှုးရာက ငါ့အိမ်မက်ထဲကမိန်းကလေး"

မှုးရာက သူတို့ဆံလျှောက်လာပြီး -

"ဒီကိစ္စတွေကိုကျွန်မနောက်မှရှင်းပြပါ့မယ်၊ ခုလောလော ဆယ်တော့ ရှင်တို့ ရွာထဲကိုလိုက်ခဲ့ကြပါ"

မှုးရာကပြောပြီး ရှေ့မှဦးဆောင်ကာထွက်သွားလေ၏။ သူတို့အဖွဲ့လည်း နားမလည်နိုင်ခြင်းများစွာဖြင့်ပင် နောက်မှလိုက်လာခဲ့ရလေတော့သည်။

* * *



ရွာထဲရောက်သော် အကြီးကဲဖြစ်ပုံရသောလူကြီးက မှုးရာကို ဝမ်းသာအားရပွေ့ဖက်နှုတ်ဆက်၏။ ထို့နောက် သူတို့အဖွဲ့ကိုကြည့်ပြီး တစ်စုံတစ်ရာမေးမြန်းပြောဆိုသည်။ မှုးရာကလည်းပြန်လည်ဖြေကြား ဟန်ဖြင့် အတန်ကြာပြောနေကြပြီးနောက် လူကြီးကသူတို့ထံသို့ လျှောက်လာကာ သူတို့အဖွဲ့အားစူးစိုက်ကြည့်သည်။ ပြီးနောက်အားပါး တရပြုံး၏။ လူကြီးက ဦးလေးကို သူတို့ဘာသာစကားနားလည်တာကို သိထားပုံရသည်။ ပြုံးရယ်၍စကားဆိုလာသည်။ ဦးလေးကလဲ ပြန် ပြောသည်။

ပြောပြီးနောက် သူတို့အဖွဲ့အားတစ်နေရာသို့ခေါ်ဆောင်သွား သည်။ ကျော်စွာမှာ ယခုထိအခြေအနေမှန်ကို မသိရသေးသည့်အတွက် ကြောင်အမ်းအမ်းဖြစ်နေမိတော့သည်။

အံ့သြနားမလည်နိုင်စွာ မှုးရာရှိရာသို့ လှမ်းကြည့်မိသည်။

"ဟင် ... ဘယ်ရောက်သွားပါလိမ့်"

မှုးရာကား နေရာတွင်မရှိတော့ပါချေ။ ဝန်းကျင်ပတ်လည်သို့ လှည့်ရှာကြည့်မိသည်။ မတွေ့။ သူ မျက်မှောင်ကြုတ်သည်။ ပြီး သက်ပြင်းခပ်သဲ့သဲ့ချလိုက်၏။

သူတို့အဖွဲ့ကား တဲအိမ်တစ်လုံးအတွင်း၌ နေရာချပေးကာ ည္သည်ခံစေ၏။ စားကောင်းသောက်ဖွယ်ရာများဖြင့်လည်း အလွန်အေးယ ဧည့်ခံကျွေးမွေးပြုစုလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"မှူးရာက ဒီရွာအကြီးအကဲရဲ့သမီးကွ၊ သူ့အသက်ကို ငါတို့က ကယ်ခဲ့တာပါဆိုပြီး သူ့အဖေကိုပြောခဲ့တယ်၊ သူ့အဖေက ငါတို့ကို ကျေးဇူးတင်လွန်းလို့ ဒီမှာ နိဗ္ဗာန်ခွင့်ပြုလိုက်တာပဲ"

"ဒါဆို မျက်မမြင်အဖိုးကြီးကရော"

"ဟော၊ အဲဒါတော့ ငါလည်းမမေးဖြစ်လိုက်ဘူးကွ"

ဦးလေးပြောသည့်စကားများကြောင့် ကျော်စွာအတွေးတွေ ရှုပ်ယှက်ခတ်သွားရတော့သည်။

"သြော် … မှူးရာ … မှူးရာ မင်းဟာတစ်ချိန်လုံးငါတို့ကို လှည့်စားခဲ့တာပဲ၊ ဘာအကြောင်းတွေကြောင့် မင်းဒီလို လုပ်ခဲ့ရသလဲဆိုတာကို ငါသိပ်သိချင်လိုက်တာ"

* * *

## အခန်း (၁၈)

ထိုနေ့ညက သူတို့အတော်ကလေးနှစ်နှစ်ခြိုက်ခြိုက် အိပ်စက်အနားယူမိကြသည်။ ကျော်စွာသည်ခရီးပန်းလာသည့် အရှိန်ကြောင့် တရှူးရှူးနှင့်အိပ်မောကျနေလေ၏။

ထို့စဉ် သူ၏ခြေထောက်များကို တစ်ယောက်ယောက်က လာ၍ဆွဲလှုပ်နိုးလိုက်သည့်နှယ်ခံစားလိုက်ရ၍ ဆတ်ခနဲအိပ်ရာက လန့်နိုးကာကြည့်လိုက်မိသည်။ မြင်လိုက်ရသည်ကား သူ၏ခြေရင်းဘက်တွင်ရပ်လျက်ရှိသောလူတစ်ယောက်။

သေသေချာချာကြည့်လိုက်မိမှ ရပ်နေသူမှာမှူးရာ၏ဖခင်၊ ဒီရွာ၏ အကြီးအကဲဖြစ်နေသူမှန်း သူသိလိုက်ရ၏။ အကြီးအကဲ လူကြီးက သူ့ကိုလက်ယပ်ခေါ်နေ၏။

သူအံ့ဩသွားရသည်။ နံဘေးတွင်အိပ်နေသော ဦးလေးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဦးခွန်ချိုကိုလှည့်ကြည့်မိသည်။ ဦးလေးတို့မှာ အိပ်နေတာမှသိုးလို့ တုတ်တုတ်ပင်မလှုပ်။

ကျော်စွာသည် အံ့သြစိတ်ဖြင့် ထိုလူကြီးထံသို့သွားလိုက်သည်။ ထိုလူကြီးကတဲအပြင်ဘက်သို့လျှောက်သွား၏။ ကျော်စွာလည်း နောက်မှလိုက်လာခဲ့၏။

အပြင်ဘက်တွင် လရောင်က ထိန်ထိန်ဖြာလျက်ရှိနေ၏။ လေနုအေးကလေးခနဲတိုက်ခတ်လာသည်။ လူကြီး၏ခန္ဓာကိုယ်ပေါ်တွင် လွှမ်းခြုံထားသောဝတ်ရုံစမှာ လေဝှေ့လိုက်တိုင်း တဖျပ်ဖျပ်လွင့်နေ၏။ သန်းခေါင်ချိန်မို့လူခြေသူခြေတိတ်ဆိတ်နေသည်။

လူကြီးနှင့်သူက သေးချင်းယှဉ်ရပ်လျက် အနေအထားဖြင့် သူကလူကြီးကို တအံ့တသြဖြင့်စူးစိုက်ကြည့်နေမိသည်။

လူကြီး၏ဝတ်ရုံစအောက်လက်တစ်ဖက်မြှောက်တက်လာကာ သူ့ကိုတစ်စုံတစ်ခုကမ်းပေးလိုက်သည်။ သူကြည့်မိတော့လူကြီးလက်ထဲတွင်အနီရောင်ကတ္တီပါစဖြင့်ထုတ်ထားသည့်ရှည်ရှည်မျောမျော အရာတစ်ခု။

သူကလှမ်းမယူသေးဘဲ လူကြီးကိုမော့ကြည့်မိသည်။

"ပုရပိုဒ်တွေ"

လူကြီး၏နှုတ်ဖျားမှ ထွက်ကျလာသော စကားများကြောင့် သူအရမ်းအံ့သြသွားရ၏။ လူကြီးက သူတို့ဘာသာစကားနှင့် ပြောလိုက်



သောကြောင့်ဖြစ်၏။ လူကြီးက ထပ်ပြောလာပြန်၏။

"ယူလေ"

ကျော်စွာက အမိန့်မလွန်ဆန်နိုင်သည့်နှယ် လှမ်းယူမိသည်။

"အဲဒီပုရပိုဒ်ထဲမှာ လျှို့ဝှက်ဆန်းပြားတဲ့ အတတ်ပညာအစုံပါတယ်။ ဒီထဲက အထူးခြားဆုံးတစ်ခုကတော့ ဖျူယီပညာပေါ့"

"ဖျူယီပညာဆိုတာ ဘာလဲ"

ကျော်စွာသည် သူ့စိတ်ကိုသူမသိခင် နှုတ်မှမေးလိုက်မိလျက်သားဖြစ်သွားလေ၏။ လူကြီးက သူ့ကိုစူးစိုက်ကြည့်၏။ ပြီးနောက် တစ်ခွန်းချင်းလေးလေးနက်နက်ပြောချလိုက်၏။

"ရုပ်ပြောင်းတဲ့ အတတ်ပညာကို ပြောတာ လူကနေအသွင်အမျိုးမျိုး ပြောင်းနိုင်တယ်"

"ဘာ.. အသွင်အမျိုးမျိုးပြောင်းနိုင်တယ်"

"ဟုတ်တယ်၊ မယုံရင်ဖွင့်ကြည့်လိုက်"

လူကြီး၏ အသံတွင် အရှိန်အဝါတစ်မျိုးပါနေသလို ထင်ရလေသည်။ ကျော်စွာမှာ ထိုအရှိန်အဝါမှ ရှောင်တိမ်းသွေဖီခြင်းမပြုနိုင်။ နှခံတတ်သော ကလေးငယ်တစ်ယောက်လိုလူကြီးပေးလာသောပုရပိုဒ်ထုပ်ကို ဖွင့်ကြည့်မိသည်။

သွေးနီရောင်ကတ္တီပါစကို တန်ယင်နေသော လက်များဖြင့်ဖြေ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်၏။ ကတ္တီပါစဝတ်ကို အထပ်ထပ်ထုတ်ထားပုံရပါသေးသည်။ ဖြေရသည်မှာ ပြီးပဲ မပြီးနိုင်တော့။

တစ်လွှာပြီးတော့ နောက်ထပ် တစ်လွှာ။

အထဲမှာ ဘာတွေများရှိလိမ့်မလဲ။ ယော … တွေ့ပါလေပြီ။

နောက်ဆုံးမှာတော့ … အထဲမှ အနက်ရောင် အချပ်အလွှာများအား မြင်လိုက်ရလေတော့သည်။

များသောအားဖြင့်တော့ မြင်ဖူးနေကျမှာ သစ်ခေါက်ရောင်ပုရပိုဒ်များချည်းသာ များပါလေသည်။ အခုတော့ ဒီပုရပိုဒ်တွေက အနက်ရောင်များချည်း ဖြစ်နေလေ၏။

အနက်သားပြင်ပေါ်မှာမှ အဖြူရောင်ဆေးတစ်မျိုးဖြင့် ကောက် ကောက်ကွေးကွေး စာများ ရေးခြယ်ထားလေ၏။ ဘယ်လိုဘာသာ စကားများပါလိမ့်လဲ။ မြင်နေကျစာမျိုးမဟုတ်သော်လဲ နားလည်နေသ လို ထင်မိသည်။ သို့သော် ပုရပိုဒ်ပေါ်က စာတွေကို သေချာမဖတ်နိုင် ခင်မှာပင် ပုရပိုဒ်ကျောပေါ်မှ ရုပ်ပုံများက သူ့အား ဆွဲဆောင်ထားလေ၏။

ပုရပိုဒ်တစ်လွှာတိုင်း၏ ကျောမှာ ကျားပုံအမျိုးမျိုးကို ရေးဆွဲထားလေ၏။ အနက်ရောင်သားအပြင်အလွှာမှာ ခပ်ညိုညိုဆေးတစ်မျိုးဖြင့် ရေးဆွဲထားခြင်းဖြစ်သောကြောင့်ရုတ်တရက်ကြည့်လျှင်မပေါ်လွင်။ အာရုံစူးစိုက်ကြည့်မိသောအခါမှ ကျားရုပ်ပုံအမျိုးမျိုးအား ရေးဆွဲထားခြင်းဖြစ်မှန်း သိလေ၏။



ကျားပုံတွေမှ တစ်ကယ်ကို အမျိုးမျိုးပါပဲ။တစ်ချပ်တစ်လွှာကိုတစ်ပုံစီ။ လက်ရာလဲမြောက်သလို ကြောက်မက်ဖွယ်လဲ ကောင်းလှချေ၏။ ပါးစပ်ဖြဲကာ မာန်ဖီနေပုံ၊ ခုန်အုပ်တော့မည့်ပုံ၊ ချောင်းမြောင်းတိုက်ခိုက်ရန် အသင့်အနေအထား။

အကယ်၍ အရှေ့ဘက်မှ အသံတစ်ခုကြောင့်သာ မဟုတ်ပါက မည်မျှကြာအောင်ကျော်စွာ ထိုကျားပုံတွေကို ကြည့်နေမိမည်သေးပါ။

အခုတော့ ကျားပုံများတွင် ညှို့ချက်မိသလို ဖြစ်နေစဉ်မှာပင် အရှေ့ဘက်မှ မာန်ဖီသလို ဟိန်းလိုက်သလိုအသံကိုကြားရသောကြောင့် ကြည့်လိုက်မိလေသည်။ သူ့ရှေ့တွင်ရပ်နေခဲ့သော လူကြီးမှာ …

မျက်စိရှေ့မှာပင် လူကြီး၏ ပုံသဏ္ဌာန်က ချက်ချင်းပြောင်းလဲသွားကာ ကျားရိုင်းတစ်ကောင်၏အသွင်မျိုးဗီဗီပြင်ပြင်ပေါ်လာ၏။ မီးရဲတောက်ပသောမျက်ဝန်းများက ကျော်စွာအားရန်လိုစွာကြည့်ပြီး အောသံတကြီးမာန်ဖီသံပြုလိုက်၏။

ထို့နောက် ထိတ်လန့်တုန်လှုပ်စွာငေးကြည့်နေသော ကျော်စွာအား တဟုန်ထိုးပြေးဝင်ခုန်အုပ်လိုက်လေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



"အား"

ထိတ်လန့်တကြား အော်ဟစ်သံကြီးနှင့်အတူ ကျော်စွာ အိပ်ရာမှ လန့်နိုးလာ၏။ အခြေအနေကိုဆန်းစစ်ကြည့်မိမှ သူအိပ်မက် မက်နေမှန်း သိလိုက်ရတော့တာဖြစ်သည်။

တဲဝတွင်မြင်လိုက်ရသောအလင်းတန်းကြောင့် နံနက်မိုးစင်စင် လင်းနေပြီမှန်း သတိထားလိုက်မိသည်။ ထိုစဉ် တဲအတွင်းသို့ဦးလေးနှင့် ဦးခွန်ချို့တို့ အပြေးအလွှားဝင်ရောက်လာကြသည်။

"ဘာဖြစ်တာလဲ မောင်ကျော်စွာ"

"ငါ့တူ အော်သံကြားလို့ ဦးလေးတို့ပြေးလာတာ၊ ဘာဖြစ်လို့လဲ"

စိုးရိမ်တကြီးမေးနေသော ဦးလေးတို့အား ကျော်စွာက ခေါင်းကို အသာယမ်းပြမိသည်။ ပြီးမှ လေသံတိုးတိုးဖြင့် ...

"ကျွန်တော် အိပ်မက်ဆိုးတွေမက်ပြီး ယောင်အော်လိုက်တာ"

အိပ်မက်ကို ဦးလေးတို့အား ပြောပြရကောင်းမလား စဉ်းစားလိုက်မိ၏။

ပြီးမှ 'ငါခရီးပန်းပြီး ကယောင်ချောက်ချားအိပ်မက်တွေ မက် တာနေမှာပါ'ဟု တွေးမိကာ သက်ပြင်းကိုမသိမသာရှိုက်သွင်း မိလိုက် လေ၏။

## အခန်း (၁၉)

"မောင်ကျော်စွာ အဝတ်လဲပြီးရင်သွားကြမယ်တဲ့"

ဦးခွန်ချို့က တဲဝမှခေါင်းပြူလာပြီးပြော၏။ ကျော်စွာသည် အဝတ်လဲနေရင်းမှလှမ်းမေးမိသည်။

"ဘယ်ကိုသွားမှာလဲဗျ၊ ဦးလေးတို့ပြောတော့ခရီးဆုံးပြီဆို"

"ဟာ ... အဲဒါပြောတာမဟုတ်ဘူး၊ ရွာအကြီးအကဲက ငါတို့ကိုအစားအသောက်တွေ ကျွေးမွေးဖို့ဖိတ်ထားတယ်လေ၊ အဲဒီကိုသွားမလို့ပြောတာ"

"သြော် ... ဒီလိုလား၊ အဲဒီလိုရှင်းရှင်းပြောစမ်းပါဗျာ၊ ကျုပ်ဖြင့် ခရီးဆက်ထွက်ရဦးမယ်ထင်ပြီး လန့်သွားတာပဲ ... ကဲ အဝတ်လဲပြီးသွားပြီ၊ သွားလို့ရပြီဗျို့"

✸

www.burmeseclassic.com



ရွာအကြီးအကဲက သူတို့အား အစားအသောက်ကောင်းကောင်းဖြင့်အလျှံပယ်ကျွေးမွေးဧည့်ခံ၏။ ရွာဖြစ်ခေါင်ရည်ကိုလည်း အတင်းတိုက်၏။ မသောက်တတ်ပေမယ့် အားနာနာနှင့်နည်းနည်းတော့ ကျော်စွာသောက်မိသည်။

ခါးစိမ့်စိမ့်အရသာက လူတစ်ကိုယ်လုံးရှိန်းမြနွေးထွေးသွားသလိုပင်။ ထမင်းစားစားပွဲတွင် ရွာလူကြီး၏မျက်နှာကို ကျော်စွာမှာ ရဲရဲမကြည့်ရဲ။ အိပ်မက်ထဲမှပုံသဏ္ဌာန်ကို မြင်ယောင်နေမိသောကြောင့် ဖြစ်၏။

ကျော်စွာ၏ စိတ်ထဲ၌ အိပ်မက်ဆိုးကြီးကြောင့် ရွာလူကြီးအား တစ်ဖက်မှထိတ်လန့်နေမိသလို။ တစ်ဖက်မှလည်းကြည်နူးစရာလေး ကရှိနေသေး၏။ မှုးရာ သိပ်ကိုလှနေသည်။ မြင်နေကျပုံစံမျိုးမဟုတ်တဲ့ တစ်မျိုးတစ်ဖုံထူးခြားကာအလှကြီးလှနေသော မှုးရာ၏ပုံရိပ်များက သူ့ရင် ကို တစ်သိမ့်သိမ့်ကြည်နူးစေ၏။

ရွာသူမိန်းမများလို ဒူးအတိဖုံးသော ထဘီ(ထဘီလို၀တ်ဆင်ရခြင်းမျိုးမဟုတ်ပေ) ရင်ညွန့်အထက်ဖုံးနေသောအင်္ကျီတို့ကို၀တ်ဆင်ထားပြီး ဆံပင်များကိုတော့ မစည်းမနှောင်ဘဲချထားလေ၏။ သူမ၏ လည်ပင်းအထက်တွင်ရောင်စုံပုတီးလေးကိုတော့ဆွဲထားမြဲ။

ကျော်စွာသည် ထမင်းစားပွဲဝိုင်း၌ မှုးရာကို ခိုးကြည့်နေသည် ဖြစ်ရာ မှုးရာက ပြန်အကြည့်နှင့်အကြည့်ချင်းဆုံသွား၏။



သူခိုးကြည့်နေတာ လူမိသွားသဖြင့် သူကအရှက်သည်းစွာ မျက်နှာလွှဲမိသည်။ အယောင်ယောင်အမှားမှားဖြင့် ရှေ့တွင်ရှိသော ခွက်ထဲမှရေကိုဠပ်ခနဲမော့ချလိုက်သည်။

"အား … ခါးလိုက်တာ။ လည်ချောင်းတစ်လျှောက်ပူပြီး ဆင်းသွားတယ်၊ ဘာတွေလဲ … ဘာတွေလဲ"

သူမကြည့်ဘဲယူသောက်လိုက်မိသည့်ခွက်က ခေါင်ရည်ခွက် ဖြစ်နေ၏။ သူက မလုံမလဲဖြင့် မှုးရာကိုစွေကြည့်လိုက်၏။ မှုးရာက သူ့အဖြစ်ကိုရိပ်မိကာ ပြုံးချင်ချင်ဖြစ်နေသည်။ ရှက်လိုက်သည့် ဖြစ်ခြင်း။

✸

www.burmeseclassic.com



စားသောက်ပြီးတော့ မှူးရာကခေါ်၍ သူ မှူးရာနောက်သို့ လိုက်ခဲ့သည်။ လူရှင်းသောနေရာသို့ သူတို့ရောက်လာခဲ့ကြသည်။ တောင်ကမူစွန်းလေးပေါ်သို့ရောက်သောအခါ မှူးရာက သူ့ကိုစကားစ ပြောလာသည်။

"ကျွန်မဘာကြောင့်ညာခဲ့ရသလဲဆိုတာ ရှင်သိပ်သိချင်မှာ ပဲနော်"

"မင်းဘာကြောင့်ညာခဲ့တယ်ဆိုတာထက် ငါ့လက်ထဲက ဟိုတံဆိပ်ကိုယူပြီး ဘာကြောင့်လွှင့်ပစ်ရသလဲဆိုတာကို ငါပိုစိတ်ဝင်စားတယ်"

မှူးရာမျက်ဝန်းများ သူ့ထံ ရူးခနဲရောက်လာ၏။ အံ့ဩသလို သူ့ကို ကြည့်ခြင်းဖြစ်သည်။

"သြော် … ရှင်က ဒီကိစ္စကို အခဲမကျေဖြစ်နေတာကိုး ကောင်းပြီလေ၊ ကျွန်မရှင့်ကိုအကြောင်းစုံပြောပြပါ့မယ် အကြောင်းစုံသိသွားရင်တော့ ရှင်ကျွန်မကိုစိတ်မဆိုးနိုင် လောက်ပါဘူးလို့ ကျွန်မမျှော်လင့်ပါတယ်"

သူ ဘာစကားတစ်ခွန်းမှထပ်မပြောမိ၊ သူမပြောလာမည့် စကားကိုသာ နားစွင့်နေလိုက်မိသည်။ မှူးရာက လေသံအေးအေးလေး ဖြင့် စပြောသည်။



"ကျွန်မတို့ရွာမှာ ဘိုးဘွားစဉ်ဆက်ကတည်းက လက်ခံ ကျင့်သုံးခဲ့တဲ့ဓလေ့တစ်ခုရှိခဲ့တယ်။ အဲဒါကတော့ သုံးနှစ် တစ်ခါ လပြည့်နေ့တိုင်း လမင်းပွဲတော်ကျင်းပတဲ့ဓလေ့ပဲ"

"လမင်းပွဲတော် … ဟုတ်လား"

သူ့နားထဲ အထူးအဆန်းဖြစ်သွားသဖြင့် ကျော်စွာက တအံ့ တဩ မေးမိသည်။

"ဟုတ်ပါတယ် … လမင်းပွဲတော်ကို သုံးနှစ်ပြည့်တိုင်း မပျက်မကွက်ကျင်းပပေးရတယ်၊ ဒီပွဲတော်ကျင်းပဖို့အတွက် ရွာမှာရှိတဲ့အပျို၊ လူပျိုတွေက ပြိုင်ပွဲဝင်ရသေးတယ်လေ"

"ဘယ်လိုပြိုင်ပွဲလဲ"

"လရဲ့ရင်သွေးငယ် ပြိုင်ပွဲ၊ ရှင် နားရှုပ်သွားပြီထင်တယ်၊ ကျွန်မရှင်းပြပါ့မယ်၊ လရဲ့ရင်သွေးငယ်ပြိုင်ပွဲဆိုတာ လက်ရုံး စွမ်းရည်ကိုစစ်တဲ့သဘောပေါ့၊ အဲဒီပြိုင်ပွဲမှာ ရွာမှာရှိတဲ့ အရွယ်ရောက်တဲ့အပျို၊ လူပျိုတွေအားလုံးဝင်ပြိုင်ကြရတယ်၊ အဲဒီအထဲကမှ စွမ်းဆောင်ရည်အကောင်းဆုံးလူတစ်ယောက် ကိုရွေးပြီး လရဲ့ရင်သွေးငယ်အဖြစ် သတ်မှတ်ကြတယ်၊သူက လမင်းပွဲတော်ကျင်းပဖို့အတွက် အဓိကကျတဲ့သူပေါ့"

"သူကဘာလုပ်ရမှာမို့လို့လဲ"

"လရဲ့ရင်သွေးငယ်အဖြစ်ရွေးချယ်ခံရတဲ့သူဟာ ကျွန်မတို့ရွာ

www.burmeseclassic.com

www.burmeseclassic.com



ကို ကယ်တင်စောင့်ရှောက်တဲ့သူအဖြစ် သတ်မှတ်လိုက်ကြတာပါ၊ လမင်းပွဲတော်နေ့မှာ သူ့ကို ရွာနောက်ဘက်မှာရှိတဲ့ နဂါးခံတွင်းဂူဗိမာန်ထဲသွားပို့ကြရတယ်၊ သူဟာ လမင်းရဲ့ တမန်တော် အဖြစ်ခန့်အပ်ခြင်းခံရတော့တာပေါ့၊ တမန်တော်ဖြစ်သွားတဲ့ လရဲ့ရင်သွေးငယ်ဟာ ရွာထဲကို ဘယ်တော့မှ ပြန်လာခွင့်မရှိတော့ဘူး၊ သူဟာ သုံးနှစ်တာကာလအထိ နတ်ဒေဝါ တို့ရဲ့ညွှန်ကြားချက်အတိုင်း ရွာရဲ့အကျိုးစီးပွားကို စောင့်ရှောက်ရတယ်လေ"

"အဲဒီပွဲတော်မလုပ်ရင် ဘာဖြစ်မှာလဲ"

"အိုး‥ ကျွန်မတို့ရွာအတွက် သိပ်ကိုအန္တရာယ်ရှိတာပေါ့၊ ပြီးခဲ့တဲ့ လမင်းပွဲတော်တုန်းကရွေးချယ်ခံခဲ့ရတဲ့ လရဲ့ရင်သွေးငယ်ဟာ ဂူဗိမာန်ကိုမပို့ခင်မှာ ရွာကနေထွက်ပြေးသွားခဲ့တယ်၊ သူ အဲဒီလိုလုပ်ခဲ့တဲ့အတွက် ပွဲတော်ပျက်ရတယ်၊ ကျွန်မတို့ရွာလည်း အကြီးအကျယ်ကပ်ဆိုက်ပြီး ဒုက္ခရောက်ခဲ့ရတယ်လေ၊ လရဲ့ရင်သွေးငယ်အဖြစ်ရွေးချယ်ပြီးမှ ထွက်ပြေးတဲ့သူဟာ ရွာကိုသစ္စာဖောက်တာ၊ ရွာကိုဒုက္ခရောက်အောင်လုပ်တာ၊ သူဟာသိပ်ကိုအပြစ်ကြီးတယ်၊ သူ့ရဲ့အပြစ်အတွက် ဒဏ်ခတ်ခြင်းဟာသေဒဏ်ပဲ၊ တကယ်တော့ရှင်ဆီက ကျွန်မလွှင့်ပစ်ခဲ့တဲ့တံဆိပ်လေးဟာ သေဒဏ်ကျခံရမယ့်သူကို ဖေ



ရမယ့်အမှတ်အသားပဲ၊ ရွာကထွက်ပြေးသွားခဲ့တဲ့ လရဲ့ ရင်သွေးငယ်ဟာ တစ်နယ်တစ်ကျေးမှာ သွားရောက်ပုန်းနေခဲ့တယ်၊ သူက ဖိုးသူတော်အဖြစ်နဲ့ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ မှီခိုကပ်နေပြီးပုန်းနေခဲ့တာပေါ့၊ သူ့ကိုကျွန်မကိုယ်တိုင် မရမကလိုက်လံရှာဖွေပြီး သုတ်သင်ပစ်ခဲ့ရတယ်။ သုတ်သင်ပြီးလို့အပြန်မှာ စားရေးသောက်ရေး ခက်ခဲတာနဲ့ ရွာတွေမှာ ခြွေအလမ္မာယ်ပြုပြီး ပိုက်ဆံတောင်းခဲ့ရ တာပေါ့၊ နောက်တော့ရှင်တို့နဲ့တွေ့ခဲ့တယ်လေ"

ကျော်စွာက ယခုမှ အကြောင်းစုံသဘောပေါက်သွားရသဖြင့် မျက်နှာကြည်သွားတော့၏။

"ဒါနဲ့ တစ်ခုမေးပါရစေဦး"

"ဘာလဲဟင်"

"သြော်‥‥ မူရာကမျက်နှာကို အဝတ်စနဲ့ဖုံးကွယ်ထားခဲ့တာကရော၊ ဘာအဓိပ္ပါယ်လဲဟင်"

သူ့စကားကိုကြားတော့မူရာကဟက်ဟက်ပက်ပက်ရယ်၏။

"ဘာများလဲလို့၊ အဲဒါက လရဲ့ရင်သွေးငယ်တိုင်း၊ ပြိုင်ပွဲဝင်တိုင်း တစ်ခြားတစ်နယ်တစ်ကျေးကိုသွားရင် မျက်နှာကို စည်းနှောင်သွားရတယ်ရှင့် ‥‥ သိပြီလား"

"ပြိုင်ပွဲမှာနိုင်တဲ့သူက ရွာကိုဘယ်တော့မှပြန်မလာရတော့

www.burmeseclassic.com



ဘူး ဟုတ်လား''

''ဟုတ်တယ်လေ၊ ဒါက မလေ့ထုံးစံပဲ၊ မနက်ဖြန်ဆိုပြိုင်ပွဲကျင်းပတော့မှာ၊ ကျွန်မကပြိုင်ပွဲအမှီပြန်လာခဲ့ရတာ၊ အဲဒီပြိုင်ပွဲမှာ ကျွန်မလည်းဝင်ပြိုင်ရမှာလေ''

ကျော်စွာ ထိတ်ခနဲပူသွားမိသည်။ သူ့ကိုယ်သူသတိမထားမိခင် မှုံးရာ၏လက်ကိုဖျတ်ခနဲဆွဲယူလိုက်မိ၏။

''မပြိုင်ပါနဲ့လားဟင်၊ မင်းကို ဒီပြိုင်ပွဲမှာမနိုင်စေချင်ဘူး၊ တကယ်လို့ မင်းပြိုင်ပွဲမှာနိုင်သွားခဲ့ရင် ငါတို့ဘယ်တော့မှ တွေ့ကြရတော့မှာမဟုတ်ဘူးပေါ့၊ ငါမင်းကိုမခွဲနိုင်ဘူး မှုံးရာ၊ ငါ ... မင်းကိုချစ်တယ်၊ မင်းမပြိုင်ပါနဲ့၊ပြိုင်ပွဲမဝင်ပါနဲ့နော်''

ကျော်စွာက သူ့စိတ်ကို တားဆီးမထားနိုင်တော့သည့်နယ် စကားကိုကရားရေလွှတ်တစ်တွတ်တွတ်ပြောနေလေ၏။

မှုံးရာသည် ကျော်စွာ၏အပြုအမူကြောင့် ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားကာ တအံ့တဩစိုက်ကြည့်နေ၏။ ပြီးနောက် ကျော်စွာ့လက်ထဲမှ သူမလက်ကိုဆတ်ခနဲပြန်ရုန်းသည်။

ရွှေ ညှိုးစူးမျက်ဝန်းများဖြင့် ကျော်စွာ့မျက်ဝန်းများကိုစိုက်၍ ကြည့်သည်။ သူမဘာမျှမပြော။

ထို့နောက် နေရာမှချာခနဲလှည့်ထွက်သွားလေတော့၏။

* * *

## အခန်း (၂၀)

ပြိုင်ပွဲနေ့သို့ရောက်လာလေပြီ။ ပြိုင်ပွဲကျင်းပရာသည့် ရွာ၏အနောက်ဘက်ခပ်ကျယ်ကျယ် မြေကွက်လပ်တွင်ဖြစ်သည်။ထိုနေရာသို့ ရွာလုံးကျွတ်မျှလာရောက်အားပေးကြည့်ရှုရသည်။ ကျော်စွာတို့အဖွဲ့လည်း ရွာလူကြီး၏ဖိတ်ကြားချက်အရ ထိုနေရာသို့ရောက်ရှိနေခဲ့ကြ၏။

စည်းရိုးခတ်ထားသော မြေကွက်လပ်ကြီး၏ ဘေးပတ်ပတ်လည်တွင် ကြည့်ရှုအားပေးနေကြသောလူများဖြင့်ပြည့်နှက်နေ၏။ ကျော်စွာ့စိတ်တို့လှုပ်ရှားနေမိသည်။ မှုံးရာ့ကို မိမိချစ်စကားဖွင့်ပြောခဲ့သည့် အချိန်မှ ယခုထိသူမ၏အရိပ်အယောင်ကိုမျှမတွေ့ရသေး။ သူမပြိုင်ပွဲဝင်မှာလား။ မဝင်ဖူးလား။ ဒါမှမဟုတ် သူ့ကိုပဲစိတ်ဆိုးသွားပြီလားဟုတွေးရင်း သူ့စိတ်တွေ ယောက်ယက်ခတ်နေမိသည်။

ကိုးချိုးတံပိုးမှုတ်လိုက်သံနှင့်အတူ ပြိုင်ပွဲဝင်များ စည်းရိုးအတွင်း

www.burmeseclassic.com



သို့ဝင်ရောက်လာကြ၏။

စုစုပေါင်းအယောက်သုံးဆယ်လောက်ရှိမည်။ ထိုအထဲတွင်မှ မူးရာက ထိပ်ဆုံးမှဝင်လာခြင်းဖြစ်သည်။ သူမပုံစံကပြိုင်ပွဲဝင်ရသည်ကို ထက်သန်နေပုံမျိုးဖြင့်။

မူးရာကိုမြင်တော့ ကျော်စွာ စိတ်ဓါတ်အကြီးအကျယ်ကျသွားသည်။ သူ့ယှိုင်နဲ့နဲ့ မျှော်လင့်ချက်ကလေး ဝုန်းခနဲပြိုလဲကျသွားလေပြီ။

ပြိုင်ပွဲဝင်များစည်းရိုးထဲရောက်သည်နှင့် ဗုံသံကစတင်ပျံ့လွင့်လာ၏။ စည်းချက်ညီညီဗုံသံ ပြိုင်ပွဲဝင်များ၏သွေးကိုတက်ကြွအောင် လှုံ့ဆော်ပေးနေသည့်နှယ်ပင်။

ပထမပြိုင်ပွဲက နှစ်ယောက်တစ်တွဲထိုးသတ်ရသည့်ပွဲ။ ထိုပြိုင်ပွဲအတွက် အတွဲကျမည့်သူနှစ်ယောက်ကို မဲနှိုက်အဆုံးအဖြတ်ပေးရသည်။ မဲနှိုက်သည်ဆိုရာ၌ ကျောက်သားပြားလေးများအပေါ်တွင် အရုပ်ပုံလေးများကိုတွင်းထုထားပြီး အရုပ်ပုံနှစ်ခုတူရာကျသည့်သူက ယှဉ်ပြိုင်ထိုးသတ်ရမည့်အတွဲဖြစ်၏။

မူးရာသည် သူများနည်းတူမှောက်ထားသောကျောက်ပြား တစ်ချပ်ကိုရွေးဘိုက်၏။ ကျလာသည့်ပုံကကျားပုံဖြစ်သည်။ သတ်မှတ်ထားသည့်နေရာမှ သွားရပ်နေလိုက်၏။ မိမိနှင့်ယှဉ်ပြိုင်ရမည့်သူကို စောင့်နေမိသည်။

မကြာမီ ကျားပုံကျသည့်မိမိယှဉ်ပြိုင်ရမည့်သူကယောက်ျားပျို



တစ်ယောက်ဖြစ်နေသည်ကို တွေ့လိုက်ရ၏။ သူက သူမ၏မျက်နှာချင်း ဆိုင်နေရာယူလိုက်သည်။ လူအားလုံးစုံပြီ။ ပြိုင်ပွဲဝင်ရန်အသင့်အနေ အထားဖြင့်..

ကျွဲချိုတံပိုးအသံက ပွဲစရန်အချက်ပေးလိုက်၏။ အသီးသီး စတင်တိုက်ခိုက်ကြတော့သည်။ကျော်စွာ ရင်ထိတ်နေသည့်ပြိုင်ပွဲတွင် မူးရာကိုမနိုင်စေချင်သလို။ မရှုံးလည်းမရှုံးစေချင်။ မူးရာအနာတရ ဖြစ်မှာကိုလည်းသူမလိုလားပါ။ သူရင်မောနေမိသည်။

ပြိုင်ပွဲကာအချိန် အနည်းငယ်အတွင်းပြီးဆုံးသွားခဲ့ချေ၏။ အနိုင်ရရှိသူက (၁၅)ယောက်၊ ရှုံးနိမ့်သူ (၁၅)ရောက်က ပြိုင်ပွဲမှ ထွက်သွားကြရပြီ။ အနိုင်ရရှိသူတွေထဲမှာမူးရာလည်းပါ၏။

အနိုင်ရသူတွေဆက်လက်ပြိုင်ပွဲဝင်ရန်အသင့်ရှိနေကြ၏။ ဒုတိယပြိုင်ပွဲစရန် အချက်ပေးသံပေါ်လာပြန်ပါ၏။ ပြိုင်ပွဲက မြွေဆိုးများ နှင့်တိုက်ခိုက်ရမည့်ပွဲဟု ဦးလေးကပြောသည်။

ကျော်စွာသည် စိုးရိမ်ပူပန်စိတ်ဖြင့် ဂဏာမငြိမ်ဖြစ်နေတော့သည်။ စည်းရိုးအတွင်းသို့ ပခြုပ်ကိုင်ထားသောလူများဝင်လာ၏။ ပခြုပ်တွင်းမှမြွေဆိုးများကို အသီးသီးထုတ်လိုက်ကြပြီး ပြန်လည် ထွက်သွားကြသည်။

များပြားလှသော မြွေများက တစ်ကောင်နှင့်တစ်ကောင် သိမ်ယှက်နေကြပြီး ဒေါသတကြီးရန်သူကိုရှာသည်။ အနိုင်ရထား

www.burmeseclassic.com

www.burmeseclassic.com



သူ(၁၅)ယောက်မှာ မြွေဆိုးများကို နှိမ်နင်းတိုက်ခိုက်ရမည်ဖြစ်၏။ အခန့်မသင့်လျှင်မြွေပေါက်ခံရပြီး ပြိုင်ပွဲမှထွက်ရမည်ဖြစ်ပါသည်။

"မြွေပေါက်ခံရတဲ့သူတွေကိုကုသဖို့ ဒီမှာ မြွေဆိပ်ဖြေဆေး ကောင်းကောင်းရှိတယ်ကွ၊ မြွေပေါက်ခံရပြီး ပြိုင်ပွဲအတွင်းက မထွက်နိုင်ဖူးဆိုရင်တော့ သေကြရမှာပဲ"

ဦးလေးက ရှင်းပြနေသည်။ ဦးလေးစကားကြောင့်ကျော်စွာမှာ ဒေါသထွက်လာရသလိုအော်လိုက်မိ၏။

"အဓိပ္ပါယ်မရှိလိုက်တာ၊ ဘာပြိုင်ပွဲလဲ၊ နိုင်တဲ့သူက တစ်သက်လုံး ရွာကိုပြန်မလာရတော့ဘူး၊ ရှုံးတဲ့သူကလည်း သေရဦးမယ်၊ ဒါဆို ဘယ်မှာတရားမျှတတော့မှာလဲ အဓိပ္ပါယ် မရှိတဲ့ပွဲကို ဘာလို့ ဆက်ပြီးကျင်းပနေကြတာလဲ မတရားဘူးဗျာ"

ဦးလေးက သူ့ပါးစပ်ကိုအလျင်အမြန်လှမ်းပိတ်သည်။

"ငါ့တူ သတိထားလေ၊ ဘာတွေပြောနေတာလဲ၊ ဒါသူတို့ ထုံးစံပဲ၊ သူတို့ထုံးစံသူတို့လုပ်နေတာလေကွာ၊ မင်းတားပိုင်ခွင့်မရှိဘူး၊ မင်းစွက်ဖက်ပိုင်ခွင့်မရှိဘူးကွ"

"ဒါပေမယ့် ကျွန်တော်ကန့်ကွက်ပိုင်ခွင့်ရှိတယ်လေ"

ဦးလေးက ခေါင်းကိုအသာယမ်း၍ သက်ပြင်းချလိုက်သည်။

"စိတ်လျှော့လိုက်ပါငါ့တူရယ်၊ သူတို့အလုပ်သူတို့လုပ်နေကြတာပဲ၊ ကိုယ်ကဘာမှမဆိုင်တဲ့ သူစိမ်းတစ်ယောက်၊ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို ဝင်မပါ,ပါနဲ့လားကွယ်"

သူ ဦးလေးကို ဘာမှမပြောတော့ဘဲ ခေါင်းကိုသာတွင်တွင်ရမ်းနေမိတော့၏။ ထိုစဉ် ကြည့်ရှုသူပရိသတ်များထံမှ တခဲနက် ဟစ်ကြွေးသံများပေါ်ပေါက်လာ၏။

ပြိုင်ပွဲဝင်သူများတဖြုတ်ဖြုတ်လဲကျ၏။ နီးစပ်ရာပရိသတ်များက လဲကျနေသူများကိုဆွဲထုတ်ကြသည်။ ကွင်းလယ်တွင် လူငါးယောက်သာကျန်တော့၏။ မူးရာအပါအဝင် ကောင်မလေးသုံးယောက်နှင့်ကောင်လေးနှစ်ယောက်၊ မြွေဆိုးများမှာလည်း အနည်းငယ်သာကျန်တော့သည်။

မြွေဆိုးများနှင့် သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက် ရသော ပြိုင်ပွဲကအသဲထိတ်စရာကောင်းလှလေ၏။ မကြာမီပင် ပြိုင်ပွဲ ပြီးဆုံးသွားချေ၏။ လဲကျသေဆုံးနေသော မြွေဆိုးများမှာ အတုံးအရုံး။ မြွေသေးများကို လူအချို့က လာရောက်ရှင်းလင်းပေးပြီးနောက် တစ်အောင့်ကြာတော့ တတိယပြိုင်ပွဲစရန်အချက်ပေးသံပေါ်လာပြန်၏။

ဒီတစ်ခါတော့ နွားရိုင်းကြီးများနှင့်ယှဉ်ပြိုင်တိုက်ခိုက်ရတော့မည့်အလှည့်။ နွားရိုင်းကြီးများကစုစုပေါင်းငါးကောင်တိတိ။ ပြိုင်ပွဲဝင် ငါးယောက်က အဝေ့အရှောင်ကစားကွက်တွေကိုလှလှပပ အသိသစ်ရှိုက်ရုပ်ဖြစ်အောင်ရှောင်တိမ်းကစားနေ၏။ နွားရိုင်းနှစ်ကောင်မှာ



www.burmeseclassic.com

www.burmeseclassic.com



လဲကျသွားပေပြီ။ နွားရိုင်းသုံးကောင်နှင့် လူငါးယောက်သာကျန်တော့သည်။

မကြာမီပင် လူသုံးယောက်နှင့်နွားရိုင်းနှစ်ကောင် ထပ်မံလဲကျသွား၏။

ကွင်းလယ်တွင်မှုးရာနှင့် နောက်ထပ်ယောက်ျားပျိုတယောက်သာကျန်တော့၏။ နောက်ဆုံးကျန်သောနွားရိုင်းကြီးကိုလူနှစ်ယောက်က အလစ်မပေးဘဲတိုက်ခိုက်ကြသည်။

ပွဲစဉ်ကဆက်တိုက်ဆိုတော့ လူတွေကယိုင်နဲ့ချင်နေပြီ။ နွားရိုင်း ကြီးမှာ မျက်စိနောက်စရာသတ္တဝါနှစ်ကောင်အား တွေ့လိုက်၊ တိုက်လိုက် လုပ်နေ၏။

ကျော်စွာမှာ အသက်ကိုပင်ရဲရဲမရှူမိ။ ဒီပွဲကို မနိုင်စေချင်သလို မှုးရာရှုံးသွားမှာလည်း ကြောက်နေမိ၏။ ချွန်မြထက်လှသော နွားချိုဖျားတွင် အသက်ပါ,ပါသွားတော့မလား တထိတ်ထိတ်နှင့် အသည်းအေးစရာ ကောင်းလှသည်။

သည်ပွဲက အထူးအရေးကြီးပွဲ။ သည်ပွဲမှာ နိုင်တဲ့သူဟာလရဲ့ ရင်သွေးငယ်အဖြစ် ရွေးချယ်ခံရမည့်သူဖြစ်၏။ နွားရိုင်းကြီးဟာ မှုးရာရှိ ရာသို့ တဟုန်ထိုးပြေးဝင်လာနေပြီ။ ကျော်စွာမှာ ရုတ်တရက် ထိုင်ရာမှ ထကာ အော်ဟစ်သတိပေးလိုက်မိလျက်သားဖြစ်သွားသည်။

"မှုးရာသတိထား၊ အဲဒီကောင် ဘယ်ဝိုက်တွေ့လိမ့်မယ်"



သူ၏အော်ဟစ်သတိပေးမှုကို မှုးရာက ကြားပုံရ၏။ တိုးတွေ့လာသော နွားရိုင်းကြီး၏ဦးချိုဖျားကို လှလှပပ တိမ်းရှောင်လိုက်၏။ နွားရိုင်းကြီးမှာ မဲမဲမြင်ရာလိုက်လံတိုးတွေ့နေသည်ဖြစ်ရာ မှုးရာ တိမ်းရှောင်လိုက်သဖြင့် နောက်တစ်ယောက်ထံ တိုးဝင်ပြေးသွားပြန်၏။

ရုတ်တရက် ယောက်ျားပျိုကတိမ်းရှောင်လိုက်သော်လည်း အလစ်အငိုက်မို့ ဆတ်ကနဲတွေ့လိုက်သော နွားချိုများက သူ၏ ပေါင်ခြံထဲသို့ ထိုးစိုက်ဝင်သွားသည်။ ထိုအခွင့်အရေးကို မှုးရာလက်လွှတ်မခံ။ နွားရိုင်းကြီး၏ ဦးခေါင်းကို နောက်မှခါးနှင့် အားကုန်ထိုးစိုက် ချလိုက်လေ၏။

ပရိသတ်များထံမှ ဟစ်ကြွေးသံများ တစ်ခဲနက်ထွက်ပေါ်လာ၏။ ဗုံသံက ပို၍ဆူညံစွာတီးခတ်နေသည်။

နွားရိုင်းကြီးမှာ တအိအိလဲပြိုကျလာ၏။ ဒဏ်ရာရသွားသောသူကို လူများဆွဲထုတ်သွားကြသည်။ ကွင်းလယ်တွင် ထီးထီးကြီးကျန်ရစ်ခဲ့သူမှာ မှုးရာ။

အပြုံးအရယ်ကင်းမဲ့သောမျက်ဝန်းများက ကျော်စွာ့ထံသို့ လှမ်းကြည့်နေ၏။ ကျော်စွာသည် ရီဝေနေသောမျက်ဝန်းများဖြင့် မှုးရာအား ငေးကြည့်နေမိသည်။ ထို့နောက် နေရာမှ တစ်ရှိန်ထိုးပြေးထွက်ခဲ့လေ၏။ လောကကြီးတစ်ခုလုံး ဆွေမြည့်ဖွယ်ခံစားနေရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၁)

အဝေးတွင် ... နဂါးခံတွင်းဗိမာန်ဟု ဒေသခံများခေါ်ဝေါ်ကြသော ဂူပေါက်ကြီးကို မှိုင်းမှိုင်းညို့ညို့မြင်နေရ၏။

ကျော်စွာသည် တောင်ဂမူစွန်းလေးတွင် တစ်ယောက်တည်း ထိုင်ရင်း စိတ်တွေနွမ်းနယ်နေမိ၏။ ဒီနေရာလေးမှာပင် မှုံးရာကိုသူ ချစ်စကား ပြောခဲ့ဖူးသည်။

အဝေးကောင်းကင်တွင် လမင်းက ရွှန်းရွှန်းမြမြသာလျက်။

ယခုတော့ ... လရောင်သည် သူ့ရင်ကို ပူလောင်ကျွမ်းချစ်အောင် ဖန်တီးပြုစားခဲ့လေပြီ။ သူမှတ်မိသလောက် လမင်းကို ယခုလောက်ထိ ဘယ်ခါမှမမုန်းခဲ့ဖူး။ အို တကယ်တော့ မြင်မြင်လေရာ အရာရာကို သူမုန်းတီး အလိုမကျတော့တာပါလေ။

ချစ်မိသူနဲ့ ခွဲရတော့မယ်ဆိုတဲ့နောက် ဘယ်အရာကမှ



ကျေနပ် နှစ်သိမ့်စရာရှိတော့ဦးမှာလဲ။

ဒီအချိန်ဆို ချစ်ရသော မှုံးရာတစ်ယောက် သူမအား ချီးကျူးဂုဏ်ပြုသည့်ပွဲ၌ ဘယ်လောက်များ ပျော်ရွှင်ဝမ်းမြောက်နေမှာပါလိမ့်။ အရာအားလုံးကို မေ့လျော့ပြီးတော့ပေါ့။ ကျော်စွာ့ကိုရော သူမစိတ်ထဲ တစ်ချက်တစ်လေလေးဖြစ်ဖြစ် သတိရမိပါရဲ့လား။

ကျော်စွာမှာ တစ်ယောက်တည်း အတွေးနှံ့ထဲ ဘယ်လောက်ထိနစ်နေမိမှန်းမသိပါ။ ပခုံးပေါ်လာတင်သော လက်ကလေးတစ်ဘက်၏ အထိအတွေ့ကို ရရှိလေမှ ပတ်ဝန်းကျင်လောကအား သတိပြန်ဝင်လာခဲ့လေတော့၏။

ဝေ့သီနေသောမျက်ဝန်းများဖြင့် သူ မော့ကြည့်လိုက်မိသည်။

"ဟင်....မှုံးရာ"

မှုံးရာက နူးညံ့နွေးထွေးသော မျက်ဝန်းများဖြင့်ကြည့်ကာ သူ့အနားသို့ ခပ်ဖြည်းဖြည်းဝင်ထိုင်သည်။

"ရှင် ဒီမှာရှိနေမယ်ဆိုတာ ကျွန်မသိတယ်"

ခေါင်းရည်နံ့က ထောင်းခနဲ။ သူမခေါင်းရည်တွေ သောက်ခဲ့ပြီပေါ့။ ဒါကလည်း သူတို့ရဲ့ဓလေ့တစ်ခုပဲ။ သူမကပင် ပြောလက်စကို ဆက်လေ၏။

"ရှင် ကျွန်မကို မချစ်ပါနဲ့လား၊ ကျွန်မကိုချစ်ရင် ရှင်နာကျင်ကြေကွဲရပါလိမ့်မယ်၊ ရှင်သိလား၊ တကယ်တော့

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ပွဲဝင် လရဲ့ရင်သွေးငယ်တွေဟာ မချစ်ရဘူး၊ ချစ်ခွင့်မရှိဘူး။ ရှင်မှားတယ် … ရှင့်ကျွန်မကို ချစ်ခဲ့တာသိပ်ကိုမှားတယ်၊ ရှင် မချစ်ရဘူး"

"မှူးရာ… ငါဟာ မင်းကို ချစ်ရတာမှားခဲ့တယ် ဟုတ်လား၊ ဟင့်အင်း… ငါမမှားဘူး… ငါ့ရဲ့ အချစ်တွေ ဘယ်တော့မှမမှားဘူး၊ ငါ့ရင်တွေ ဘယ်လောက်ပဲကွဲကြေပါစေ၊ ငါမင်းကို ချစ်နေမယ် မှူးရာ၊ ဒါ ငါ့ရဲ့အမှန်တရားပဲ"

"ရှင့်မချစ်ပါနဲ့… ကျွန်မကို မချစ်ပါနဲ့၊ ကျွန်မကို ချစ်ရင် ရှင်, အရမ်းနာကျင်ရလိမ့်မယ်၊ ရှင်, ခံစားရမှာကို ကျွန်မ မလိုလားဘူး … မချစ်…"

မျက်ရည်များ တွင်တွင်စီးလျက် အက်ကွဲစွာ ပြောနေသော မှူးရာ၏ စကားများကို သူ ဆက်လက်နားထောင် နိုင်စွမ်းမရှိတော့။ သူမနှုတ်ခမ်းများအား ခပ်ကြမ်းကြမ်း ဖိနမ်းပစ်လိုက်မိသည်။ မွှတ်သိပ်သော သူ့အနမ်းများကြောင့် နှုတ်ခမ်းနွေးနွေးလေးများက စကားဆက်လက်ပြောဆိုခြင်းငှာ မစွမ်းသာတော့။။

တအံ့တသြပြူးကျယ်ဝိုင်းစက်သွားသော မျက်ဝန်းများသည် တစ်စတစ်စမျက်တောင်လေးများ တစ်ဖျတ်ဖျတ်ခတ်ကာငြိမ်သက်သွားကြ၏။ နှုတ်ခမ်းများမှတစ်ဆင့် ပူလောင်နေသောအချစ်များက …

* * *

## အခန်း(၂၂)

သူနိုးနိုးလာချင်းသတိပြုမိသည်မှာ အိပ်နေကျ နေရာမဟုတ်ဘူးဆိုတာကိုပင်ဖြစ်သည်။ အချိန်က မိုးမလင်းတလင်း။ ကောင်းကင်တွင် လကို ခပ်ရေးရေးသာ မြင်ရတော့၏။ သူက လဲလျောင်းနေရာမှ လူးလဲထလိုက်၏။

ထိုစဉ် သူ၏လက်ထဲ တစ်စုံတစ်ရာကို ကောက်မိသွားသည်။ ကြည့်လိုက်တော့ ပုတီးစေ့လေးတစ်လုံး ဖြစ်နေသည်။ ဆောပတ်လည်တွင်လည်းပြန့်ကျဲနေသော ပုတီးလုံးလေးများ။

မှူးရာရဲ့လည်ပင်းမှာဆွဲထားတဲ့ ရောင်စုံပုတီးလေးများ ပြုတ်ကျခဲ့ပြီထင်ပါရဲ့။ ညက အဖြစ်အပျက်က ဦးနှောက်ထဲမှာ ဆတ်ကနဲပေါ်လာသည်။ သူပြုံးမိသည်။ ထို့နောက်နေရာမှထကာ တည်းခိုရာတဲသို့ ပြန်ခဲ့လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

မိုးစင်စင်မလင်းသေးပေ။ လရောင်အလင်းကခပ်သဲ့သဲ့ဖြာကျနေသဖြင့် လမ်းတလျှောက် ရှင်းရှင်းလင်းလင်း မြင်နေရ၏။ လူခြေတိတ်ဆိတ်နေသည့်အချိန်မို့ တော်ပါသေးရဲ့။ ဒါမှ သူ့ကို ဘယ်သူမှ သတိမထားမိကြမှာ မဟုတ်လား။ သူက စိုးရိမ်သက်ာမကင်းစွာ ဆောဘီဝဲယာငေ့ကြည့်ရင်း ခြေလှမ်းကို ခပ်သွက်သွက်လှမ်းနေသည်။

ထိုစဉ် သူ့ ရင်ဒိန်းခနဲဆောင့်ခုန်သွားရ၏။ သူ၏ ရှေ့တည့်တည့်ဆီတွင် သူ့အားစူးစိုက်ကြည့်ကာ အဖွားအို တစ်ယောက်ကို မြင်လိုက်ရသောကြောင့်ဖြစ်၏။

အဖွားအိုက တောင်ဝှေးကို အားပြု၍ရပ်ကာ ဆွတ်ဆွတ်ဖြူနေသော ဆံပင်များကြားမှ သူ့အားကြည့်နေ၏။ ထို့နောက်အဖွားအိုသည် တအံ့တသြဖြစ်သွားဟန်ဖြင့် နှုတ်ခမ်းတို့ တရွရွ လှုပ်လာ၏။ လေသံတစ်ခု တိုးတိုးပုံ့လွင့်လာ၏။



"ခန္ဓာ... ခန္ဓာ... ခန္ဓာ"

အဖွားအိုကသူ့ကို လက်ညှိုးထိုး၍ တအံ့တသြ ရေရွတ်နေသည်။ သူသည် အဖွားအို၏ မျက်ဝန်းများကို ကြာကြာရင်မဆိုင်ရဲ။ ထိတ်လန့်စိတ်ကြောင့် နေရာမှ အားကုန်သုတ်ခြေတင်ပြေးခဲ့လေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



အပေါက်ဝသို့ ဝင်လိုက်မိလျှင်ပဲ ဦးလေး၏ ပြစ်တင်သံက ပွံ့လွင့်လာခဲ့တော့သည်။

"တစ်ညလုံး မင်းဘယ်တွေ လျှောက်သွားနေတာလဲ။ ငါတို့မှာ စိတ်ပူလိုက်ရတာကွာ"

ဦးလေးကို ဖြေရှင်းချက်ပေးရန် ခေါင်းစဉ်တစ်ခုကို သူက ခပ်သွက်သွက်စဉ်းစားလိုက်မိ၏။

"ဟို… ဟို ကျွန်တော် မှူးရာလေ… မှူးရာကို ဂုဏ်ပြုတဲ့ပွဲမှာ ရောက်နေလို့၊ အဲဒါ ညလည်းတော်တော် နက်သွားတာနဲ့ အဲဒီမှာပဲ အိပ်လိုက်ရတယ်"

"ကဲ… ကဲ ထားပါတော့… တို့တွေ မင်းကို စောင့်နေတာ အရေးတကြီးတိုင်ပင်စရာရှိလို့ကွ"

"ဟင်… ဘာကိစ္စလဲ ဦးလေး"

ဦးလေးက တံပြင်ဝကို လှမ်း၍ချောင်းကြည့်လိုက်ပြီး တံခါး ပိတ်လိုက်သည်။ ပြီးမှ သူ့ကိုလက်ဆွဲခေါ်ပြီး ထိုင်စေ၏။ ပြီးမှ လေသံတိုးတိုးဖြင့်

"တို့တွေ ရတနာသိုက် သွားရှာကြမလို့ကွ"

"ဗျာ"

သူ့အံ့ဩသံကတော်တော်ကျယ်သွား၍ ဦးလေးကသူ့ပါးစပ် ကို ကပျာကယာလှမ်းပိတ်၏။



"ဟ … တိုးတိုးလုပ်စမ်းပါ"

"ကျွန်တော်ကတော့ ဘာမှနားမလည်နိုင်တော့ဘူး၊ ဦးလေး"

"အေး ငါရှင်းပြမယ်၊ မောင်ကျော်စွာရေ"

ဦးခွန်ချိုက သူ့အနားသို့တိုးကပ်လာကာ လေသံနှိမ့်၍ ပြော ၏။

"တကယ်တော့ တို့တွေ ဒီကိုလာရတဲ့ ရည်ရွယ်ချက်က ရတနာသိုက် လာရှာတာပဲ"

"ရတနာသိုက်ကို လာရှာရုံတင်သက်သက်လည်းမဟုတ်ပါ ဘူး၊ နောက်ထပ်ရည်ရွယ်ချက်တစ်ခု ရှိသေးတယ် ငါ့တူရ"

"ဘာရည်ရွယ်ချက်လဲ ဦးလေး"

"ပုရပိုဒ်တစ်ခုကိုရှာဖို့"

"ဟင်"

ကျော်စွာမျက်လုံးများပြူးတက်သွားသလို မျက်ဝန်း များပါ ဝိုင်းစက်သွား၏။

"ဟုတ်တယ် ငါ့တူ၊ အဲဒီ ပုရပိုဒ်ဟာ ပညာသိုက်လို့လဲခေါ် တယ်ကွဲ့၊ လောကီပညာနဲ့ ပတ်သက်ဖြ လျှို့ဝှက်အတတ်ပညာ အားလုံးကို အဲဒီပုရပိုဒ်ပေါ်မှာ မှတ်တမ်းတင်ထားခဲ့တယ်"

"ဒါဆို ရှေးကတည်းက အစဉ်အဆက်မှတ်သားခဲ့ကြတာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့နော် ဦးလေး''

''ဟုတ်တယ်ကွဲ့၊ အဲဒီပုရပိုဒ်ဟာ ဒီရွာမှာ ရှိနေတယ်လို့ ဦးလေးကို ဦးခွန်ချိုက သတင်းလာပေးခဲ့တယ်၊ နောက်ပြီး ရတနာသိုက်တစ်ခုလည်း ရှိတယ်တဲ့၊ ဦးလေးအတွက်တော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့၊ ဒါကြောင့် ဒီခရီးကို အပင်ပန်းခံပြီး စွန့်စားထွက်လာခဲ့တာပေါ့ ငါ့တူရ''

''ဒါနဲ့ နေပါဦး ဒီရွာမှာ ရတနာသိုက်နဲ့ ပုရပိုဒ် ရှိနေတယ်ဆိုတာ သေချာလို့လား၊ ဦးခွန်ချိုရဲ့''

''သေချာတာပေါ့ မောင်ကျော်စွာရယ်၊ ဒီအကြောင်းတွေကို ဒီရွာကနေ ထွက်ပြေးသွားခဲ့တဲ့လာရဲ့ရှင်သွေးငယ်တစ်ယောက်က ကျုပ်ကိုပြောပြခဲ့တာ''

''ဟို ... ဘုန်းကြီးကျောင်းကနေ ပျောက်သွားခဲ့တဲ့ ဖိုးသူတော်လေးကို ပြောတာလား''

''ဟုတ်တယ် မောင်ကျော်စွာ၊ ဖိုးသူတော်လေး ဘယ်ကို ပျောက်သွားမှန်းတော့မသိပါဘူး၊ ဖိုးသူတော်လေးအသက်ကို ဦး,ကယ်ခဲ့ဖူးတယ်လေ၊ ဒုက္ခရောက်နေတဲ့ဖိုးသူတော်လေးကို ဘုန်းကြီးကျောင်းမှာအပ်ပြီး ဖိုးသူတော်အဖြစ်နဲ့နေခိုင်းခဲ့တယ် အဲဒီကျေးဇူးတွေကိုထောက်ပြီး ဖိုးသူတော်လေးက ဦးကို ဒီအကြောင်းတွေ ဖွင့်ပြောပြခဲ့တယ်၊ ဦးလည်း ဦးမင်းထက်ရဲ့



အမြန်ဆုံး ဆက်သွယ်ပြီး ခုလိုခရီးထွက်လာခဲ့ရတာပဲ''

အကြောင်းစုံအားလုံး ရှင်းလင်းသွားသဖြင့် ကျော်စွာ တစ်ယောက် ကြည်ကြည်လင်လင်ဖြစ်သွားရတော့သည်။

''ဒါနဲ့ ရတနာသိုက်ကို ဘယ်တော့သွားမှာလဲ''

''ဒီညသန်းခေါင်''

ဦးလေးနှင့် ဦးခွန်ချိုတို့၏အသံက ပြိုင်တူထွက် ပေါ်လာခဲ့ခြင်းပင်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၃)

ညသန်းခေါင်လူခြေတိတ်ချိန်တွင် သူတို့၏ အကြံ အစည်ကို စတင်အကောင်အထည်ဖော်ခဲ့လေ၏။ ရတနာသိုက်ရှိရာနေရာသို့ သူတို့ တရွေ့ရွေ့လှမ်းလာမိကြ၏။

သစ်ပင်ခြုံနွယ်များဖြင့် ကာဆီးထားသော ဂူကြီးတစ်ခုရှေ့သို့ ရောက်လာကြလေ၏။

''မြေပုံအညွှန်းအရတော့ ဒီဂူဘဲ၊ လာ ဂူထဲ ဝင်ရအောင်''

ရွာအနီးသို့ ခပ်သွက်သွက်ချဉ်းကပ်လာလိုက်သည်။ ကျော်စွာ က ဝန်းကျင်ဝဲယာကို အကဲခတ်ကြည့်ရှုနေရင်းမှ သူ့မျက်ဝန်းများသည် ဂူထိပ်ဝပေါ်ရှိ နေရာတစ်ခုသို့ အကြည့်ကျရောက်သွားသည်။

ဂူထိပ်ဝပေါ်တွင် ထင်ထင်ရှားရှားခတ်နှိပ်ထားသော တံဆိပ် ပြားတစ်ခု။ ပုံသဏ္ဌာန်ကို ကြည့်နေရင်းမှ သူ့အာရုံထဲ အိပ်မက်ဆိုးကို



တစ်ယောက်ဖြစ်နေသည်ကို တွေ့လိုက်ရ၏။ သူက သူ့မာ၏မျက်နှာချင်း ဆိုင်နေရာယူလိုက်သည်။ လူအားလုံးစုံပြီ။ ပြိုင်ပွဲဝင်ရန်အသင့်အနေ အထားဖြင့်..

ကွဲချို့တံပိုးအသံက ပွဲစရန်အချက်ပေးလိုက်၏။ အသီးသီး စတင်တိုက်ခိုက်ကြတော့သည်။ကျော်စွာ ရင်ထိတ်နေသည့်ပြိုင်ပွဲတွင် ရှုံးရာကိုမနိုင်စေချင်သလို။ မရှုံးလည်းမရှုံးစေချင်။ မှုးရာအနာတရ ဖြစ်မှာကိုလည်းသူမလိုလားပါ။ သူရင်မောနေမိသည်။

ပြိုင်ပွဲကားအချိန် အနည်းငယ်အတွင်းပြီးဆုံးသွားခဲ့ချေ၏။ အနိုင်ရရှိသူက (၁၅)ယောက်၊ ရှုံးနိမ့်သူ (၁၅)ယောက်က ပြိုင်ပွဲမှ ထွက်သွားကြရပြီ။ အနိုင်ရရှိသူတွေထဲမှာမှူးရာလည်းပါ၏။

အနိုင်ရသူတွေဆက်လက်ပြိုင်ပွဲဝင်ရန်အသင့်ရှိနေကြ၏။ ဒုတိယပြိုင်ပွဲစရန် အချက်ပေးသံပေါ်လာပြန်ပါ၏။ ပြိုင်ပွဲက မြွေဆိုးများ နှင့်တိုက်ခိုက်ရမည့်ပွဲဟု ဦးလေးကပြောသည်။

ကျော်စွာသည် စိုးရိမ်ပူပန်စိတ်ဖြင့် ဂဏာမငြိမ်ဖြစ်နေတော့ သည်။ စည်းရိုးအတွင်းသို့ ပခြုပ်ကိုင်ထားသောလူများဝင်လာ၏။ ခြုပ်တွင်းမှမြွေဆိုးများကို အသီးသီးထုတ်လိုက်ကြပြီး ပြန်လည် ထွက်သွားကြသည်။

များပြားလှသော မြွေများက တစ်ကောင်နှင့်တစ်ကောင် ယှက်နေကြပြီး ခေါင်းတကြီးရန်သူကိုရှာသည်။ အနိုင်ရထား

www.burmeseclassic.com

www.burmeseclassic.com



သူ(၁၅)ယောက်မှာ မြွေဆိုးများကို နှိမ်နင်းတိုက်ခိုက်ရမည်ဖြစ်၏။ အချိန်မသင့်လျှင်မြွေပေါက်ခံရပြီး ပြိုင်ပွဲမှထွက်ရမည်ဖြစ်ပါသည်။

"မြွေပေါက်ခံရတဲ့သူတွေကိုကတော့ ဒီမှာ မြွေဆိပ်ဖြေဆေး ကောင်းကောင်းရှိတယ်ကွ၊ မြွေပေါက်ခံရပြီး ပြိုင်ပွဲအတွင်းက မထွက်နိုင်ဖူးဆိုရင်တော့ သေကြရမှာပဲ"

ဦးလေးက ရှင်းပြနေသည်။ ဦးလေးစကားကြောင့်ကျော်စွာမှာ ဒေါသထွက်လာရသလိုအော်လိုက်မိ၏။

"အဓိပ္ပါယ်မရှိလိုက်တာ၊ ဘာပြိုင်ပွဲလဲ၊ နိုင်တဲ့သူက တစ်သက်လုံး ရွာကိုပြန်မလာရတော့ဘူး၊ ရှုံးတဲ့သူကလည်း သေရဦးမယ်၊ ဒါဆို ဘယ်မှာတရားမျှတတော့မှာလဲ၊ အဓိပ္ပါယ် မရှိတဲ့ပွဲကို ဘာလို့ ဆက်ပြီးကျင်းပနေကြတာလဲ၊ မတရားဘူးဗျာ"

ဦးလေးက သူ့ပါးစပ်ကိုအလျင်အမြန်လှမ်းပိတ်သည်။

"ငါတူ သတိထားလေ၊ ဘာတွေပြောနေတာလဲ၊ ဒါသူတို့ ထုံးစံပဲ၊ သူတို့ထုံးစံသူတို့လုပ်နေတာလေကွာ၊ မင်းတားဆီး ပိုင်ခွင့်မရှိဘူး၊ မင်းစွက်ဖက်ပိုင်ခွင့်မရှိဘူးကွ"

"ဒါပေမယ့် ကျွန်တော်ကန့်ကွက်ပိုင်ခွင့်ရှိတယ်လေ"

ဦးလေးက ခေါင်းကိုအသာယမ်း၍ သက်ပြင်းချလိုက်သည်။

"စိတ်လျှော့လိုက်ပါငါ့တူရယ်၊ သူတို့အလုပ်သူတို့လုပ်



နေကြတာပဲ၊ ကိုယ်ကဘာမှမဆိုင်တဲ့ သူစိမ်းတစ်ယောက်၊ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို ဝင်မပါ,ပါနဲ့လားကွယ်"

သူ ဦးလေးကို ဘာမှမပြောတော့ဘဲ ခေါင်းကိုသာတွင်တွင် ရမ်းနေမိတော့၏။ ထိုစဉ် ကြည့်ရှုသူပရိသတ်များထံမှ တခဲနက် ဟစ်ကြွေးသံများပေါ်ပေါက်လာ၏။

ပြိုင်ပွဲဝင်သူများတဖြုတ်ဖြုတ်လဲကျ၏။ နီးစပ်ရာပရိသတ်များ က လဲကျနေသူများကိုဆွဲထုတ်ကြသည်။ ကွင်းလယ်တွင် လူငါး ယောက်သာကျန်တော့၏။ မူးရာအပါအဝင် ကောင်မလေးသုံးယောက် နှင့်ကောင်လေးနှစ်ယောက်၊ မြွေဆိုးများမှာလည်း အနည်းငယ်သာကျန် တော့သည်။

မြွေဆိုးများနှင့် သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက် ရသော ပြိုင်ပွဲကအသဲထိတ်စရာကောင်းလှလေ၏။ မကြာမီပင် ပြိုင်ပွဲ ပြီးဆုံး သွားချေ၏။ လဲကျသေဆုံးနေသော မြွေဆိုးများမှာ အတုံးအရုံး။ မြွေသေးများကို လူအချို့က လာရောက်ရှင်းလင်းပေးပြီးနောက် တစ်အောင့်ကြာတော့ ဒုတိယပြိုင်ပွဲစရန်အချက်ပေးသံပေါ်လာပြန်၏။

ဒီတစ်ခါတော့ နွားရိုင်းကြီးများနှင့်ယှဉ်ပြိုင်တိုက်ခိုက်ရတော့ မည့်အလှည့်။ နွားရိုင်းကြီးများကစုစုပေါင်းငါးကောင်တိတိ။ ပြိုင်ပွဲ ဝင် ငါးယောက်က အရေ့အရှောင်ကစားကွက်တွေကိုလှလှပပ၊ ဘင်သင်ရှပ်ရှပ်ဖြစ်အောင်ရှောင်တိမ်းကစားနေ၏။ နွားရိုင်းနှစ်ကောင်မှာ

www.burmeseclassic.com

www.burmeseclassic.com



လဲကျသွားပေပြီ။ နွားရိုင်းသုံးကောင်နှင့် လူငါးယောက်သာကျန်တော့သည်။

မကြာမီပင် လူသုံးယောက်နှင့်နွားရိုင်းနှစ်ကောင် ထပ်မံလဲကျသွား၏။

ကွင်းလယ်တွင်မူးရာနှင့် နောက်ထပ်ယောက်ျားပျိုတယောက်သာကျန်တော့၏။ နောက်ဆုံးကျန်သောနွားရိုင်းကြီးကိုလူနှစ်ယောက်က အလစ်မပေးဘဲတိုက်ခိုက်ကြသည်။

ပွဲစဉ်ကဆက်တိုက်ဆိုတော့ လူတွေကယိုင်နဲ့ချင်နေပြီ။ နွားရိုင်း ကြီးမှာ မျက်စိနောက်စရာသတ္တဝါနှစ်ကောင်အား တွေ့လိုက်၊ တိုက်လိုက် လုပ်နေ၏။

ကျော်စွာမှာ အသက်ကိုပင်ရဲရဲမရှူမိ။ ဒီပွဲကို မနိုင်စေချင်သလို မူးရာရှုံးသွားမှာလည်း ကြောက်နေမိ၏။ ချွန်မြထက်လှသော နွားချိုဖျားတွင် အသက်ပါ,ပါသွားတော့မလား တထိတ်ထိတ်နှင့် အသည်းအေးစရာ ကောင်းလှသည်။

သည်ပွဲက အထူးအရေးကြီးပွဲ။ သည်ပွဲမှာ နိုင်တဲ့သူက လရဲ့ ရင်သွေးငယ်အဖြစ် ရွေးချယ်ခံရမည့်သူဖြစ်၏။ နွားရိုင်းကြီးက မူးရာရှိ ရာသို့ တဟုန်ထိုးပြေးဝင်လာနေပြီ။ ကျော်စွာမှာ ရုတ်တရက် ထိုင်ရာမှ ထကာ အော်ဟစ်သတိပေးလိုက်မိလျက်သားဖြစ်သွားသည်။

 “မူးရာသတိထား၊ အဲဒီကောင် ဘယ်ဝိုက်တွေ့လိမ့်မယ်”



သူ၏အော်ဟစ်သတိပေးမှုကို မူးရာက ကြားပုံရ၏။ တိုးဝှေ့လာသော နွားရိုင်းကြီး၏ဦးချိုဖျားကို လှလှပပ တိမ်းရှောင်လိုက်၏။ နွားရိုင်းကြီးမှာ မဲမဲမြင်ရာလိုက်လံတိုးဝှေ့နေသည်ဖြစ်ရာ မူးရာ တိမ်းရှောင်လိုက်သဖြင့် နောက်တစ်ယောက်ထံ တိုးဝင်ပြေးသွားပြန်၏။

ရုတ်တရက် ယောက်ျားပျိုကတိမ်းရှောင်လိုက်သော်လည်း အလစ်အငိုက်မို့ ဆတ်ကနဲတွေ့လိုက်သော နွားချိုများက သူ၏ ပေါင်ခြံထဲသို့ ထိုးစိုက်ဝင်သွားသည်။ ထိုအခွင့်အရေးကို မူးရာလက်လွှတ်မခံ။ နွားရိုင်းကြီး၏ ဦးခေါင်းကို နောက်မှဓါးနှင့် အားကုန်ထိုးစိုက် ချလိုက်လေ၏။

ပရိသတ်များထံမှ ဟစ်ကြွေးသံများ တစ်ခဲနက်ထွက်ပေါ်လာ၏။ ဗုံသံက ပို၍ဆူညံစွာတီးခတ်နေသည်။

နွားရိုင်းကြီးမှာ တအိအိလဲပြိုကျလာ၏။ ဒဏ်ရာရသွားသောသူကို လူများဆွဲထုတ်သွားကြသည်။ ကွင်းလယ်တွင် ထီးထီးကြီးကျန်ရစ်ခဲ့သူမှာ မူးရာ။

အပြုံးအရယ်ကင်းမဲ့သောမျက်ဝန်းများက ကျော်စွာ့ထံသို့ လှမ်းကြည့်နေ၏။ ကျော်စွာသည် ရီဝေနေသောမျက်ဝန်းများဖြင့် မူးရာအား ငေးကြည့်နေမိသည်။ ထို့နောက် နေရာမှ တစ်ရှိန်ထိုးပြေးထွက်ခဲ့လေ၏။ လောကကြီးတစ်ခုလုံး ဆွေမြည့်ဖွယ်ခံစားနေရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၁)

အဝေးတွင် … နဂါးခံတွင်းဗိမာန်ဟု ဒေသခံများခေါ်ဝေါ်ကြသော ဂူပေါက်ကြီးကို မှိုင်းမှိုင်းညို့ညို့မြင်နေရ၏။

ကျော်စွာသည် တောင်ဂမူစွန်းလေးတွင် တစ်ယောက်တည်းထိုင်ရင်း စိတ်တွေနွမ်းနယ်နေမိ၏။ ဒီနေရာလေးမှာပင် မွှေးရာကိုသူချစ်စကား ပြောခဲ့ဖူးသည်။

အဝေးကောင်းကင်တွင် လမင်းက ရွှန်းရွှန်းမြမြသာလျက်။

ယခုတော့ … လရောင်သည် သူ့ရင်ကို ပူလောင်ကျွမ်းချအောင် ဖန်တီးပြုစားခဲ့လေပြီ။ သူမှတ်မိသလောက် လမင်းကို ယခုလောက်ထိ ဘယ်ခါမှမမုန်းခဲ့စဖူး။ အို တကယ်တော့ မြင်မြင်လေရာအရာရာကို သူမုန်းတီး အလိုမကျတော့တာပါလေ။

ချစ်မိသူနဲ့ ခွဲရတော့မယ်ဆိုတဲ့နောက် ဘယ်အရာကများ



ကျော်နိုင် နှစ်သိမ့်စရာရှိတော့ဦးမှာလဲ။

ဒီအချိန်ဆို ချစ်ရသော မွှေးရာတစ်ယောက် သူမအား ဆိုးကျူးဂုဏ်ပြုသည့်ပွဲ၌ ဘယ်လောက်များ ပျော်ရွှင်ဝမ်းမြောက်နေမှာပါလိမ့်။ အရာအားလုံးကို မေ့လျော့ပြီးတော့ပေါ့။ ကျော်စွာ့ကိုရော သူမစိတ်ထဲတစ်ချက်တစ်လေလေးဖြစ်ဖြစ် သတိရမိပါရဲ့လား။

ကျော်စွာမှာ တစ်ယောက်တည်း အတွေးနွံထဲ ဘယ်လောက်ထိနစ်နေမိမှန်းမသိပါ။ ပခုံးပေါ်လာတင်သော လက်ကလေးတစ်ဖက်၏ အထိအတွေ့ကို ရရှိလေမှ ပတ်ဝန်းကျင်လောကအား သတိပြန်ဝင်လာခဲ့လေတော့၏။

ဝေ့သီနေသောမျက်ဝန်းများဖြင့် သူ မော့ကြည့်လိုက်မိသည်။

"ဟင်….မွှေးရာ"

မွှေးရာက နူးညံ့နွေးထွေးသော မျက်ဝန်းများဖြင့်ကြည့်ကာ သူ့အနားသို့ ခပ်ဖြည်းဖြည်းဝင်ထိုင်သည်။

"ရှင် ဒီမှာရှိနေမယ်ဆိုတာ ကျွန်မသိတယ်"

ခေါင်းရည်နံ့က တောင်းခနဲ။ သူမခေါင်းရည်တွေ သောက်ခဲ့ပြီပေါ့။ ဒါကလည်း သူတို့ရဲ့ဓလေ့တစ်ခုပဲ။ သူမကပင် ပြောလက်စကို ဆက်လေ၏။

"ရှင် ကျွန်မကို မချစ်ပါနဲ့လား၊ ကျွန်မကိုချစ်ရင် ရှင်နာကျင်ကြေကွဲရပါလိမ့်မယ်၊ ရှင်သိလား၊ တကယ်တော့

www.burmeseclassic.com



ပြိုင်ပွဲဝင် လရဲ့ရင်သွေးငယ်တွေဟာ မချစ်ရဘူး၊ ချစ်ခွင့်မရှိဘူး။ ရှင်မှားတယ် … ရှင့်ကျွန်မကို ချစ်ခဲ့တာသိပ်ကိုမှားတယ်၊ ရှင် မချစ်ရဘူး"

"မွှားရာ… ငါဟာ မင်းကို ချစ်ရတာမှားခဲ့တယ် ဟုတ်လားဟင့်အင်း… ငါမမှားဘူး… ငါ့ရဲ့ အချစ်တွေ ဘယ်တော့မှမမှားဘူး၊ ငါ့ရင်တွေ ဘယ်လောက်ပဲကွဲကြေပါစေ ငါမင်းကို ချစ်နေမယ် မွှားရာ၊ ဒါ ငါ့ရဲ့အမှန်တရားပဲ"

"ရှင့်မချစ်ပါနဲ့… ကျွန်မကို မချစ်ပါနဲ့၊ ကျွန်မကို ချစ်ရင် ရှင်၊ အရမ်းနာကျင်ရလိမ့်မယ်၊ ရှင်၊ ခံစားရမှာကို ကျွန်မ မလိုလားဘူး … မချစ်…"

မျက်ရည်များ တွင်တွင်စီးလျက် အက်ကွဲစွာ ပြောနေသော မွှားရာ၏ စကားများကို သူ ဆက်လက်နားထောင် နိုင်စွမ်းမရှိတော့ သူမနှုတ်ခမ်းများအား ခပ်ကြမ်းကြမ်း ဖိနမ်းပစ်လိုက်မိသည်။ မွတ်သိပ်သော သူ့အနမ်းများကြောင့် နှုတ်ခမ်းနွေးနွေးလေးများက စကားဆက်လက်ပြောဆိုခြင်းငှာ မစွမ်းသာတော့။

တအံ့တသြပြူးကျယ်ဝိုင်းစက်သွားသော မျက်ဝန်းများသည် တစ်စတစ်စမျက်တောင်လေးများ တစ်ဖျတ်ဖျတ်ခတ်ကာငြိမ်သက်သွားကြ၏။ နှုတ်ခမ်းများမှတစ်ဆင့် ပူလောင်နေသောအချစ်များက —

* * *

## အခန်း(၂၂)

သူနိုးနိုးလာချင်းသတိပြုမိသည်မှာ အိပ်နေကျ နေရာမဟုတ်ဘူးဆိုတာကိုပင်ဖြစ်သည်။ အချိန်က မိုးမလင်းတလင်း။ ကောင်းကင်တွင် လကို ခပ်ရေးရေးသာ မြင်ရတော့၏။ သူက လဲလျောင်းနေရာမှ လူးလဲထလိုက်၏။

ထိုစဉ် သူ၏လက်ထဲ တစ်စုံတစ်ရာကို ကောက်မိသွားသည်။ ကြည့်လိုက်တော့ ပုတီးစေ့လေးတစ်လုံး ဖြစ်နေသည်။ ဘေးပတ်လည်တွင်လည်းပြန့်ကျဲနေသော ပုတီးလုံးလေးများ။

မွှားရာရဲ့လည်ပင်းမှာဆွဲထားတဲ့ ရောင်စုံပုတီးလေးများ ပြုတ်ကျခဲ့ပြီထင်ပါရဲ့။ ညက အဖြစ်အပျက်က ဦးနှောက်ထဲမှာ ဆတ်ကနဲပေါ်လာသည်။ သူပြုံးမိသည်။ ထို့နောက်နေရာမှထကာ တည်းခိုရာတဲသို့ ပြန်ခဲ့လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

မိုးစင်စင်မလင်းသေးပေ။ လရောင်အလင်းကခပ်သဲ့သဲ့ဖြာကျနေသဖြင့် လမ်းတလျှောက် ရှင်းရှင်းလင်းလင်း မြင်နေရ၏။ လူခြေတိတ်ဆိတ်နေသည့်အချိန်မို့ တော်ပါသေးရဲ့။ ဒါမှ သူ့ကို ဘယ်သူမှ သတိမထားမိကြမှာ မဟုတ်လား။ သူက စိုးရိမ်သောကမကင်းစွာ ဘေးဘီဝဲယာဝေ့ကြည့်ရင်း ခြေလှမ်းကို ခပ်သွက်သွက်လှမ်းနေသည်။

ထိုစဉ် သူ့ရင်ဒိန်းခနဲဆောင့်ခုန်သွားရ၏။ သူ၏ ရှေ့တည့်တည့်ဆီတွင် သူ့အားစူးစိုက်ကြည့်ကာ အဖွားအို တစ်ယောက်ကို မြင်လိုက်ရသောကြောင့်ဖြစ်၏။

အဖွားအိုက တောင်ဝှေးကို အားပြု၍ရပ်ကာ ဆွတ်ဆွတ်ဖြူနေသော ဆံပင်များကြားမှ သူ့အားကြည့်နေ၏။ ထို့နောက်အဖွားအိုသည် တအံ့တသြဖြစ်သွားဟန်ဖြင့် နှုတ်ခမ်းတို့ တရွရွ လှုပ်လာ၏။ လေသံတစ်ခု တိုးတိုးပျံ့လွင့်လာ၏။



"ခွန်း… ခွန်း… ခွန်း"

အဖွားအိုကသူ့ကို လက်ညှိုးထိုး၍ တအံ့တသြ ရေရွတ်နေသည်။ သူသည် အဖွားအို၏ မျက်ဝန်းများကို ကြာကြာရင်မဆိုင်ရဲ။ ထိတ်လန့်စိတ်ကြောင့် နေရာမှ အားကုန်သုတ်ခြေတင်ပြေးခဲ့လေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



အပေါက်ဝသို့ ဝင်လိုက်မိလျှင်ပဲ ဦးလေး၏ ပြစ်တင်သံက ပျံ့လွင့်လာခဲ့တော့သည်။

"တစ်ညလုံး မင်းဘယ်တွေ လျှောက်သွားနေတာလဲ။ ငါတို့မှာ စိတ်ပူလိုက်ရတာကွာ"

ဦးလေးကို ဖြေရှင်းချက်ပေးရန် ခေါင်းစဉ်တစ်ခုကို သူက ခပ်သွက်သွက်စဉ်းစားလိုက်မိ၏။

"ဟို... ဟို ကျွန်တော် မှုးရာလေ... မှုးရာကို ဂုဏ်ပြုတဲ့ပွဲမှာ ရောက်နေလို့၊ အဲဒါ ညလည်းတော်တော် နက်သွားတာနဲ့ အဲဒီမှာပဲ အိပ်လိုက်ရတယ်"

"ကဲ... ကဲ ထားပါတော့... တို့တွေ မင်းကို စောင့်နေတာ အရေးတကြီးတိုင်ပင်စရာရှိလို့ကွ"

"ဟင်... ဘာကိစ္စလဲ ဦးလေး"

ဦးလေးက တံပြင်ဝကို လှမ်း၍ချောင်းကြည့်လိုက်ပြီး တံခါး ပိတ်လိုက်သည်။ ပြီးမှ သူ့ကိုလက်ဆွဲခေါ်ပြီး ထိုင်စေ၏။ ပြီးမှ လေသံတိုးတိုးဖြင့်

"တို့တွေ ရတနာသိုက် သွားရှာကြမလို့ကွ"

"ဗျာ"

သူ့အံ့သြသံကတော်တော်ကျယ်သွား၍ ဦးလေးကသူ့ပါးစပ် ကို ကပျာကယာလှမ်းပိတ်၏။



"ဟာ ... တိုးတိုးလုပ်စမ်းပါ"

"ကျွန်တော်ကတော့ ဘာမှနားမလည်နိုင်တော့ဘူး၊ ဦးလေး"

"အေး ငါရှင်းပြမယ်၊ မောင်ကျော်စွာရေ"

ဦးခွန်ချိုက သူ့အနားသို့တိုးကပ်လာကာ လေသံနှိမ့်၍ ပြော ၏။

"တကယ်တော့ တို့တွေ ဒီကိုလာရတဲ့ ရည်ရွယ်ချက်က ရတနာသိုက် လာရှာတာပဲ"

"ရတနာသိုက်ကို လာရှာရုံတင်သက်သက်လည်းမဟုတ်ပါ ဘူး၊ နောက်ထပ်ရည်ရွယ်ချက်တစ်ခု ရှိသေးတယ် ငါ့တူရ"

"ဘာရည်ရွယ်ချက်လဲ ဦးလေး"

"ပုရပိုဒ်တစ်ခုကိုရှာဖို့"

"ဟင်"

ကျော်စွာမျက်လုံးများပြူးမြင့်တက်သွားသလို မျက်ဝန်း များပါ ဝိုင်းစက်သွား၏။

"ဟုတ်တယ် ငါ့တူ၊ အဲဒီ ပုရပိုဒ်ဟာ ပညာသိုက်လို့လဲခေါ် တယ်ကွဲ၊ လောကီပညာနဲ့ ပတ်သမျှ လျို့ဝှက်အတတ်ပညာ အားလုံးကို အဲဒီပုရပိုဒ်ပေါ်မှာ မှတ်တမ်းတင်ထားခဲ့တယ်"

"ဒါဆို ရှေးကတည်းက အစဉ်အဆက်မှတ်သားခဲ့ကြတာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့နော် ဦးလေး"

"ဟုတ်တယ်ကွဲ့၊ အဲဒီပုရပိုဒ်ဟာ ဒီရွာမှာ ရှိနေတယ်လို့ ဦးလေးကို ဦးခွန်ချိုက သတင်းလာပေးခဲ့တယ်၊ နောက်ပြီး ရတနာသိုက်တစ်ခုလည်း ရှိတယ်တဲ့၊ ဦးလေးအတွက်တော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့၊ ဒါကြောင့် ဒီခရီးကို အပင်ပန်းခံပြီး စွန့်စားထွက်လာခဲ့တာပေါ့ ငါ့တူရ"

"ဒါနဲ့ နေပါဦး ဒီရွာမှာ ရတနာသိုက်နဲ့ ပုရပိုဒ် ရှိနေတယ်ဆိုတာ သေချာလို့လား၊ ဦးခွန်ချိုရဲ့"

"သေချာတာပေါ့ မောင်ကျော်စွာရယ်၊ ဒီအကြောင်းတွေကို ဒီရွာကနေ ထွက်ပြေးသွားခဲ့တဲ့လရဲ့ရင်သွေးငယ်တစ်ယောက်က ကျုပ်ကိုပြောပြခဲ့တာ"

"ဟို ... ဘုန်းကြီးကျောင်းကနေ ပျောက်သွားခဲ့တဲ့ ဖိုးသူတော်လေးကို ပြောတာလား"

"ဟုတ်တယ် မောင်ကျော်စွာ၊ ဖိုးသူတော်လေး ဘယ်လိုပျောက်သွားမှန်းတော့မသိပါဘူး၊ ဖိုးသူတော်လေးအသက်ကို ဦး,ကယ်ခဲ့ဖူးတယ်လေ၊ ဒုက္ခရောက်နေတဲ့ဖိုးသူတော်လေးကို ဘုန်းကြီးကျောင်းမှာအပ်ပြီး ဖိုးသူတော်အဖြစ်နဲ့နေခိုင်းခဲ့တယ်။ အဲဒီကျေးဇူးတွေကိုထောက်ပြီး ဖိုးသူတော်လေးက ဦးကို ဒီအကြောင်းတွေ ဖွင့်ပြောပြခဲ့တယ်၊ ဦးလည်း ဦးမင်းထင်နဲ့



အမြန်ဆုံး ဆက်သွယ်ပြီး ခုလိုခရီးထွက်လာခဲ့ရတာပဲ"

အကြောင်းစုံအားလုံး ရှင်းလင်းသွားသဖြင့် ကျော်စွာတစ်ယောက် ကြည်ကြည်လင်လင်ဖြစ်သွားရတော့သည်။

"ဒါနဲ့ ရတနာသိုက်ကို ဘယ်တော့သွားမှာလဲ"

"ဒီညသန်းခေါင်"

ဦးလေးနှင့် ဦးခွန်ချိုတို့၏အသံက ပြိုင်တူထွက် ပေါ်လာခဲ့ခြင်းပင်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အကြော င်းစုံရှင်းပြလိုက်၏။

ထိုအခါ ပုံတူကလည်း စိတ်မချဟန်ဖြင့် သူပါလိုက်ခဲ့မည်ဖြစ်ကြောင်းပြော၏။ ဝမ်းသာအားရဖြင့်ပင် ကျော်စွာက သဘောတူလိုက်လေ၏။ ထို့နောက် သူတို့အတူတူထွက်လာခဲ့ကြလေတော့သည်။

* * *

## အခန်း(၂၃)

ညသန်းခေါင်လူခြေတိတ်ချိန်တွင် သူတို့၏ အကြံ အစည်ကိုစတင်အကောင်အထည်ဖော်ခဲ့လေ၏။ ရတနာသိုက်ရှိရာနေရာသို့ သူတို့တရွေ့ရွေ့လှမ်းလာမိကြ၏။

သစ်ပင်ခြုံနွယ်များဖြင့် ကာဆီးထားသော ဂူကြီးတစ်ခုရှေ့သို့ရောက်လာကြလေ၏။

“မြေပုံအညွှန်းအရတော့ ဒီဂူဘဲ၊ လာ ဂူထဲ ဝင်ရအောင်”

ရွာအနီးသို့ ခပ်သွက်သွက်ချဉ်းကပ်လာလိုက်သည်။ ကျော်စွာက ဝန်းကျင်ဝဲယာကို အကဲခတ်ကြည့်ရှုနေရင်းမှ သူ့မျက်ဝန်းများသည် ဂူထိပ်ဝပေါ်ရှိ နေရာတစ်ခုသို့ အကြည့်ကျရောက်သွားသည်။

ဂူထိပ်ဝပေါ်တွင် ထင်ထင်ရှားရှားခတ်နှိပ်ထားသော တံဆိပ်ပြားတစ်ခု။ ပုံသဏ္ဍာန်ကို ကြည့်နေရင်းမှ သူ့အာရုံထဲ အိပ်မက်ဆိုးကို

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

ထိုည၌တစ်ရွာလုံး ဗုံသံများဖြင့် ဆူညံနေလေ၏။ ကွင်းလယ်ကြီးတစ်ခုတွင် မှူးရာက အလှပဆုံးသော အဝတ်အစားများ ဝတ်ဆင်ထားကာ ခေါင်းတွင် ပန်းတွေဝေနေအောင်ပန်ထားသည်။

ရွာသားများက မှူးရာကို ဝန်းရံကာ ပတ်ပတ်လည် ကခုန်ပျော်မြူးနေကြ၏။

လသည် ပြည့်ပြည့်ဝဝကြီး ဝိုင်းစက်ကာ တောက်ပြောင်သော အလင်းရောင်ကို ပေးစွမ်းနေသည်။

ထိုစဉ် ခွဲခွဲငင်ငင်မြည်တမ်းလိုက်သော အချက်ပေး တံပိုးသံ ထွက်ပေါ်လာ၏။ အချိန်အခါတော့ ကျရောက်ပေပြီ။ လူများအားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။



မှူးရာမှာ ခံစားချက် ဘာမှမရှိတော့သလို မျက်နှာသေဖြင့် ငြိမ်သက်စွာထိုင်နေ၏။ ရွာသားများအားလုံး တိတ်ဆိတ်စွာဖြင့် ငြိမ်ငြိမ်သက်သက်ထိုင်လိုက်ကြ၏။ လူတစ်ယောက်သည် မတ်တပ်ရပ်လျက် လမင်းကြီးကို မော်ကြည့်ကာ အသံကျယ်ကျယ်ဖြင့် ရေရွတ်နေသည်။

"အဲဒါ နတ်ဆရာကွ၊ လကိုကြည့်ပြီး ဆုတောင်းနေတာ"

ဦးလေးက ခပ်တိုးတိုးပြောသည်။

"သူတို့ နဂါးခံတွင်းဂူဆီ သွားတော့မယ်ထင်တယ်။ တို့တွေ ဂူထဲ အရင်ဝင်နှင့်ရအောင်၊ လာ"

ဦးလေး၏ အကြံပြုချက်ကို သူ လက်ခံလိုက်ပြီး သူတို့ ဂူရှိရာသို့ ခပ်သွက်သွက်လှမ်းလာလိုက်၏။

လှို့ဝှက်ပေါက်မှတစ်ဆင့် သူတို့ ဂူထဲဝင်နေလိုက်ကြသည်။

"မှောင်တဲ့လမ်းထဲမှာ သွားစောင့်နေကြရအောင်၊ အဲဒီမှာဆို တို့ကို သူတို့ ရုတ်တရက် မတွေ့နိုင်ဘူးလေ"

ကျော်စွာက ခေါင်းညိတ်ပြလိုက်သည်။ ခုချိန်မှာ သူ ဘာကိုမှ စဉ်းစားနိုင်စွမ်းမရှိတော့။ လူက ပူထူနေသည်။ သူ့အာရုံထဲ မှူးရာကို ကယ်ထုတ်ဖို့အရေးကလွဲ၍ သူဘာကိုမှမစဉ်းစားချင်တော့။

"သွေးညှီနံ့တွေက တော်တော်ဆိုးဆိုးဝါးဝါး ရနေတာပဲ"

အမှောင်လမ်းထဲလှမ်းဝင်လိုက်သည်။ ပို၍ ပြင်းထန်သော [illegible] ဦးလေးက အလိုမကျစွာ တီးတိုးရေရွတ်နေသည်။

www.burmeseclassic.com



"ဟင် ....ဒီမှာဘာတွေလဲ"

ဦးလေးက ဂူနံရံတွင် ကပ်ထားသော ကျောက်တုံးကြီးတစ်တုံးပေါ်မှ အရာတစ်ခုကိုမြင်၍ ထိုအရာအနားသို့ တဖြည်းဖြည်းတိုးကပ်သွားလိုက်သည်။

"ဟင်...ပုရပိုဒ်ပဲ၊ ငါရှာနေတဲ့ ပုရပိုဒ်ကိုတွေ့ပြီ"

ဦးလေး၏ ဝမ်းသာအားရအော်လိုက်သံကြီးက ဂူနံရံတွေထက် ပဲ့တင်ထပ်သွားကာ အကျယ်ကြီး မြည်ဟီးနေတော့သည်။ ဦးလေးက ကပျာကယာ သူ့ပါးစပ်ကို လှမ်းပိတ်သည်။ မမှီတော့။

ထို့နောက် ကျောက်တုံးထက်မှ ပုရပိုဒ်ကို လှမ်းယူလိုက်၏။ နှစ်ပေါင်းတော်တော်ကြာညောင်းခဲ့ပြီဖြစ်၍ ပုရပိုဒ်က ဖုံအလိမ်းလိမ်းတက်နေ၏။

ပဲ့တင်သံများ ရပ်တန့်သွားသည်။ ဦးလေးက အခုမှစိတ်အေးသွားဟန်ဖြင့် သက်ပြင်းချလိုက်လေတော့၏။

* * *

အခန်း (၂၈)

သူတို့ အတန်ကြာအောင် ဂူထဲ၌ တိတ်တဆိတ်စောင့်ဆိုင်းနေကြပြီးနောက် မကြာမီပင် တီးတိုးစကားသံများနှင့်အတူ အဝေးဂူဝဆီမှ လျှောက်ဝင်လာသောခြေသံများကို ကြားလိုက်ရ၏။

နတ်ဆရာသည် ဆီမီးတိုင်ကိုကိုင်ကာ ရှေ့မှ ဦးဆောင်ဝင်လာ၏။ နောက်တွင် မှူးရာက တိတ်တဆိတ်လိုက်ပါလာသည်။ နေရာချင်းက ကွာလှမ်းလွန်းသဖြင့် သူတို့ပုံသွင်ကို ခပ်ပျပျလောက်သာမြင်ရလေ၏။

နတ်ဆရာသည် ဆီမီးတိုင်ကိုဂူထိပ်ဝနားလောက်တွင်ထွန်းညှိလိုက်လေ၏။ မီးရောင်သည် ဂူနေရာတစ်ဝက်လောက်အထိ ဖြာကျသွားစေ၏။ နတ်ဆရာက မှူးရာကို သူ့နောက်လိုက်ခဲ့ရန် အသာဆွဲခေါ်၍ ဂူတွင်းသို့လှမ်းဝင်လာခဲ့၏။

www.burmeseclassic.com



ကျော်စွာတို့ နေရာမှမလှုပ်ရဲသေး။ အခြေအနေကို အကဲခတ်ကြည့်နေမိသည်။

နတ်ဆရာက အလင်းရောင်ဖြာမကျနိုင်သော နေရာအထိ လျှောက်လာခဲ့လိုက်၏။ ထို့နောက် ခြေလှမ်းကို တုံ့ခနဲလှမ်းကာ နောက် သို့ ဆတ်ခနဲလှည့်လိုက်သည်။

အရိပ်နှစ်ခုပူးကပ်သွားသည်ကို တွေ့လိုက်ရ၏။

"ဟင်၊ သူ မှူးရာကို ဘာလုပ်လိုက်တာလဲ"

ကျော်စွာကမြင်ရသည့်ပုံရိပ်တွေကြောင့် ထိတ်လန့်တုန်လှုပ်သွားသလို နေရာမှထရန်ပြင်သည်။ ဦးလေးက သူ့လက်မောင်းကို အသာ ဖမ်းဆွဲလိုက်ကာ ခေါင်းခါပြလေ၏။

"ဘာပဲဖြစ်ဖြစ် တို့ နောက်ကျနေပြီ၊ အခြေအနေ ခဏကြည့်ပါဦး"

သူတို့ပြောနေလက်စ မဆုံးခင်မှာပင် အရိပ်တစ်ခုသည် တအီအီနှင့် လဲပြိုကာ ပုံလျက်သား ကျသွားလေတော့၏။ မတ်မတ်ရပ်ကျန်ခဲ့သောအရိပ်က လဲပြိုကျသွားသောအရိပ်ကိုတရွတ်တိုက်ဆွဲခေါ်၍သူတို့ရှိရာသို့ လျှောက်လာနေသည်ကို တွေ့လိုက်ရ၏။

ကျော်စွာ စိတ်မထိန်းနိုင်တော့ပဲ ထိုသူရှိရာသို့ မီးတိုင်ဖြင့် ပင့်ကြည့်လိုက်မိ၏။

"နတ်ဆရာကြီးပါလား"



တရွတ်ဆွဲခေါ်ခံရသူကို ကြည့်မိပြန်၏။ မှူးရာ။ ဗိုက်တွင် ဓါးမြှောင်တန်းလန်းဖြင့် လဲကျနေသော မှူးရာ။

အဝေးမှ မြင်ရှုနေပင် အသက်ဝိညာဉ်ကင်းမဲ့နေပြီမှန်း သိသာနေခဲ့ပါလေသည်။ ဆင်ခြင်ဉာဏ်သည် ခန္ဓာကိုယ်နှင့် တဒင်္ဂကွဲကွာသွားသလို ထင်ရ၏။

"မှူးရာကို ဘာလို့သတ်လိုက်ရတာလဲ"

ဟုသာ ငိုသံပါကြီးနှင့်အော်ကာ အတင်းရှေ့ထွက်ပြေးသွားမိလေသည်။ ထို့နောက်မှာတော့ ကိုယ့်ကိုယ်ကို ဘာလုပ်လို့လုပ်မိမှန်းပင် မသိတော့။

သတိရသည့်အခါမှာတော့ မှော်နတ်ဆရာဖြစ်သူမှာ သူ့အနီး လဲကျနေကာ သူ့လက်ထဲတွင်လဲ ကျောက်ဂူထဲမှ အသင့်တွေ့ရသော ကျောက်တုံးတစ်တုံးအား ကိုင်ထားခဲ့သည်ကို တွေ့လေ၏။

မှော်နတ်ဆရာ၏ခေါင်းတစ်ဝိုက် သွေးများအိုင်ထွန်းလျက်။

"ကဲ မှော်နတ်ဆရာလဲ မင်းလက်ချက်နဲ့ဖိုက်စေတ်သိမ်းသွားပါပြီကွာ"

ဦးလေးက ကျော်စွာကျောကုန်းတစ်ဘက်အား စာနာမှုဖြင့် လှမ်းကိုင်လိုက်လေ၏။

ကျော်စွာမှာထိုနေရာမှထကာ မှူးရာအားသွားရောက်ငေးကြည့်မိလေသည်။ မှူးရာမှာ အသက်ဝိညာဉ်ကင်းမဲ့နေကာမှပင်ပြုံးလျှနေသလို ထင်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



နီရဲသော နှုတ်ခမ်းလေးနှစ်လွှာမှာ မှုန်ရီရီအလင်းမှာပင်စိုလက် ရွှန်းစိုလျက်။ တွန့်ခေါက်လှဲကျနေသောခန္ဓာကိုယ်အလှကောက်ကြောင်းကလေးနှင့် အသက်မဲ့နေခဲ့သည်မှာ ကျော်စွာအား နောက်ထပ်နှစ်ပေါင်းများစွာကြာအောင် နှမြောတသမှုဖြင့် ညများစွာအိပ်မရဖြစ်စေတော့မည်ပင်။ တီးတိုးတုန်ရီစွာ အထပ်ထပ်အခါခါ ရေရွတ်လိုက်မိသည်။

"ငါတစ်ယောက်လုံးရှိနေပါလျက်နဲ့ မင်းအသက်ကလေးမှ မကယ်နိုင်လိုက်ဘူး မှုံးရာရယ်၊ ခွင့်မလွှတ်ပါနဲ့ ငါ့ကို ခွင့်မလွှတ်ပါနဲ့တော့ကွာ"

အတန်ကြာမှ ဦးလေးက သူ့အား ဖေးမကာ သွားကြရန်လော ဆော်၏။

"မှုံးရာကိုတော့ ဒီတိုင်း မထားခဲ့ပါရစေနဲ့ဗျာ"

သူ့စိတ်ထဲ မှုံးရာ အိပ်ပျော်နေသလို ထင်ယောင်မိသည်။ အိပ်ရာမှ နိုးသွားမှာစိုးသည့်အလား ညင်ညင်သာလေးပွေ့ပိုက်သယ်ယူလာခဲ့လေ၏။

အပြန်လမ်းတစ်လျှောက်၌ ရှင်းလင်းပြောပြလာသော ဦးလေး ၏စကားများက မကြားတစ်ချက် ကြားတစ်ချက်ဖြင့် ...

"တကယ်တော့ မော်နတ်ဆရာဆိုတဲ့လူဟာ မသိနားမလည်တဲ့ ရွာသားတွေအပေါ်မှာ နှစ်ပေါင်းများစွာအမြတ်ထုတ်လိမ်ညာနေခဲ့တာပါကွာ၊ ဒီဂူထဲမှာ ကျားနာကြီးလိုသတ္တဝါတစ်ကောင်ကောင် အရင်က ရှိခဲ့ဘူးပါလိမ့်မယ်၊ ရွာသားတွေက



လဲ အရိုင်းစိတ်ဆိုတော့ အဲဒီအကောင်ကိုပဲ သူတို့ရဲ့ မော်နတ်ဘုရားလို သတ်မှတ်ပြီး ယဇ်ပူဇော်ကြဟန်တူရဲ့၊ ဒါပေမယ့် ကျားပဲဟာ ဘယ်လောက် သက်ဆိုးရှည်နိုင်မလဲ၊ ဒင်းမရှိတော့လဲ မော်နတ်ဆရာကြီးက သူ့အရှိန်အဝါမပျက်ရအောင် လမင်းပွဲတော်တွေ ဘာတွေလုပ်ပြီး လရဲ့ရင်သွေးယဲ့ရွေး၊ နောက်တော့မှကိုယ်တိုင်လုပ်ကြံပစ်၊ ဒီလိုလုပ်နေတာနေမှာ"

"ဒီလိုမှန်းသာ စောစောသိရင် သူ့အရင်လုပ်ကြံတယ်ဗျာ"

ကျော်စွာက နာနာကျင်ကျင် အခဲမကျေသောအသံဖြင့် ရေရွတ် လိုက်၏။

မှုံးရာ၏အလောင်းကို ပွေ့ချီသယ်ယူ၍ သူတို့ရွာနှင့်ဝေးရာသို့ လျှောက်လာခဲ့ကြသည်။ ချောက်ကမ်းပါးထဲသို့ပင် ရောက်ရှိလာခဲ့ကြပေပြီ။

ချောက်ကမ်းပါးထဲဆင်း၍ ချောင်းကျဉ်းလေးကို စတင်ဖြတ်ကူးကြ၏။ ထိုသို့ ဖြတ်ကူးနေစဉ်အတွင်း ရုတ်တရက် လေပြင်းများတိုက်ခတ်လာပြီး ချောင်းလေးထဲသို့ တောင်ကျချောင်းရေများ တစ်ရှိန်ထိုး စီးဆင်းကျလာ၏။

ရုတ်တရက် သူတို့ အထိတ်တလန့်ဖြင့် ဟိုဘက်ကမ်းဘက် ရောက်အောင် အတင်းဖြတ်ကျော်ကြရသည်။

ကံတရားသည် သူတို့အား မျက်နှာသာမပေးခဲ့ပေ။

အရှိန်ပြင်းပြင်းစီးဆင်းကျလာသော တောင်ကျချောင်းရေများ

www.burmeseclassic.com

www.burmeseclassic.com



သည် ကျော်စွာလက်တွင်းမှမွေ့ပိုက်ထားသော မှူးရာ၏ အလောင်းကို တွန်းတိုက် ဆွဲယူသွားလေတော့သည်။

မှူးရာမှာ ပြင်းလှစွာသော ရေစီးထဲ အရှိန်ဖြင့်တစ်ရွေ့ရွေ့ မျောပါသွားရတော့သည်။

"မှူးရာ··· မှူးရာ··· မှူးရာ"

ကျော်စွာ၏ နှလုံးကွဲမတတ် ရေရွတ်သံက ချောက်ကမ်းပါး ထက်မှ မိုးယံထိတိုင်အောင် မြည်ဟည်းရိုက်ခတ်သွားရလေတော့၏။

ဦးမင်းထင်သည် တူဖြစ်သူ၏ ကြေကွဲဖွယ်အဖြစ်ကြောင့် နှလုံးမချိဟန်ဖြင့် စကားတစ်ခွန်းကို ခပ်တိုးတိုးရေရွတ်လိုက်သည်။

"လရဲ့ရင်သွေးငယ်ဟာ သူ့နယ်မြေကိုကျော်ပြီးမလိုက်နိုင်ရှာဘူး ထင်ပါတယ် ငါ့တူရယ်"

ကောင်းကင်ယံတွင် လသည် ရွှန်းရွှန်းပပသာလျက်ရှိနေလေ၏။ သို့သော် လပြည့်ဝန်း၏မျက်နှာစာတွင် သွေးနီရောင်အချို့ ခပ်ပါးပါး လွှမ်းခြုံနေလေပါတော့သည်။



## မှင်မှင့်လင်းလင်းစကားခဗွီ

ခုဆိုရင် ပရိသတ်ရဲ့ အားပေးမှုကြောင့် စာပေလောကမှာ ကျွန်တော့်နေရာလေးတစ်ခု အခိုင်အမာရလာတဲ့အတွက် နောက်ထပ်သော ကျေးဇူးစကားကို နောက်ထပ်လေးမြွက် ကြည်နူးစွာဆိုပါရစေ။

ကျွန်တော့်ကို အားပေးနေတဲ့ပရိသတ်တွေအတွက်ကျေးဇူးတဲ့ပြန်တဲ့အနေနဲ့ ထွက်ရှိပြီးတဲ့ ကျွန်တော့်စာအုပ်တွေကို အခမဲ့ဖတ်နိုင်အောင် ကျွန်တော်စီစဉ်ထားပါတယ်။

ကျွန်တော့်မိတ်ဆွေများလုပ်ကြတဲ့ myanmarghost.com ဆိုတဲ့ Website မှာ ကျွန်တော့်ထွက်ရှိပြီး စာအုပ်တွေကိုတင်ပေးထားပါတယ်။ ပြီးတော့ အဲဒီ Website ကနေတစ်ဆင့်လဲ ကျွန်တော့်ကို ပရိသတ်များ ပြောလိုရာပြောနိုင်ဖို့ လုပ်ဆောင်နေပါတယ်။

ကျွန်တော့် Mail ကတော့ အခါခါကြေငြာဖူးတဲ့အတိုင်း kyawswarthedeath@gmail.com ပါ။ FaceBook ပေါ်မှာလဲ Dattha Kyawswar ဆိုတဲ့နာမည်နဲ့ စာမျက်နှာတစ်ခုလုပ်ထားပါတယ်။ မင်းသားမင်းသမီးတွေလုပ်ကြတဲ့ Fanbook မျိုးမဟုတ်ပါ။ အများသူငါသုံးကြသလို ရိုးရိုး Facebook စာမျက်နှာသာလျှင်ဖြစ်ပါတယ်။

ဒီအချိန်မှာ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်သုံးသပ်ကြည့်တဲ့အခါ ပျမ်းမျှခြင်းအားဖြင့် ၃၊၄လနေမှတစ်အုပ်လောက် ထွက်နိုင်ရှိတာကို အရင်ဆုံးသတိထားမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ပရိသတ်အားပေးမှုရှိတဲ့ စာရေးဆရာတစ်ယောက်အနေနဲ့ ကျွန်တော်တစ်လတစ်အုပ်ထုတ်လို့ ရပါတယ်။ အဲဒီလိုဆို ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော် ပိုက်ဆံပိုရတာပေါ့။ ဒါပေမယ့် ဒဿကျော်စွာဆိုတဲ့နာမည်လေးတစ်ခုကိုတော့ ကျွန်တော်ရေရှည်တည်တံ့ချင်ပါတယ်။ ဒါကြောင့် တော်ရုံလျှော်ရုံ သဘောမထားပဲ တစ်အုပ်နဲ့ တစ်အုပ် ထူးထူးခြားခြားကွဲကွဲပြားပြားလေး ဖြစ်နေစေချင်ပါတယ်။ အဲဒီလိုဖြစ်အောင် အားထုတ်နေလို့လဲ အထွက်ကျဲရတာပါ။

နောက်ပြီးတော့ ယနေ့ထိ ကျွန်တော်ထုတ်ဝေလာခဲ့တဲ့စာအုပ်အားလုံးကို ပုံစံအချိုးတကျဖြစ်နေအောင် စီစဉ်ထားပါတယ်။ မျက်နှာဖုံး၊ စာလုံးဒီဇိုင်း စတာတွေဟာ ဟိုးမဖဲဝါစာအုပ်ကနေ အခုထိ ကျွန်တော့်ပုံစံလေးနဲ့ သီးသန့်ရှိနေတာကို သတိပြုမိမယ်ထင်ပါတယ်။

ဒါပေမယ့် ရှေ့ပိုင်းကာလစာအုပ်တွေမှာ ကျွန်တော်လက်ဆောင်သဘောထည့်ပေးခဲ့ပေမယ့် နောက်ပိုင်းမပါတော့တာကိုလည်း သတိပြုမိကောင်းပြုမိပါလိမ့်မယ်။

ပုလ္လဘာတိုက်တဲ့အိမ် စာအုပ်မှာဆိုရင် ကစားနည်းဆန်းဆန်းလေးတစ်ခုတောင် ပါခဲ့ပါသေးတယ်။ ဒါပေမယ့် ပရိသတ်က အဲဒါတွေကို သိပ်မနှစ်သက်လှဘူးထင်တာနဲ့ ကျွန်တော်ဆက်မထည့်တော့တာပါ။ ဒါပေမယ့် နောက်ပိုင်း တစ်ချို့ပရိသတ်ဆီက ကြားရတယ်။ ကျွန်တော် အဲဒီတုန်းကထည့်ခဲ့တဲ့ လက်ဆောင်လေးတွေကို မက်မက်



စွဲစွဲရှိခဲ့တာ ကျွန်တော်ထည့်ပေးခဲ့တဲ့ ဂိမ်းကလေးကို သဘောကျကြတာတွေပါ။ ဒါကြောင့် နောက်ပိုင်းတွေမှာ အဲဒါလေးတွေ ကျွန်တော် ပြန်ထည့်ပေးသွားဖို့ရှိပါတယ်။ လောလောဆယ်အနေနဲ့တော့ myanmarghost.com ဆိုတဲ့ Website လေးမှာ အရင်ထည့်ထားပေးပါဦးမယ်။

နောက်ဆုံးပြောစရာကတော့ ကျွန်တော့် ကလောင်ခွဲတွေနဲ့ ပတ်သက်ပါတယ်။ ကျွန်တော်ဟာ ဒိဗ္ဗကျော်စွာ၊ ဒဿကျော်စွာစတဲ့ ကလောင်ခွဲတွေနဲ့လည်း ရေးမယ်လို့ ကြော်ငြာပြီး အဲဒီနာမည်တွေနဲ့ စာအုပ်တော်တော်လေးလဲ ထုတ်ဝေခဲ့ပါတယ်။

အဲဒီအကြောင်းကိုလည်း ပွင့်ပွင့်လင်းလင်းပြောရရင်တော့ လိုင်းမတူတာလေးတွေကိုရေးချင်တာရယ်၊ ဆင်တူယိုးမှားလုပ်လာနိုင်တဲ့ အတုအပကို ကြိုကာထားချင်တာရယ်ကြောင့်ပါ။ ဂီတမှာ ကိုလေးဖြူထွက်သမျှ စီးရီးအားလုံး ရသတစ်ခုပေးနိုင်သလို၊ ရွှေပုရွန်က ကိတ်မုန့်အမျိုးအစားအားလုံး စားကောင်းသလို ကျွန်တော်လည်းဒဿကျော်စွာဆိုတဲ့ အမှတ်လက္ခဏာလေးဟာ စာပေမှာ ဖတ်ကောင်းတယ်ဆိုတဲ့ သင်္ကေတအမှတ်အသားလေးတစ်ခုကို ရအောင်ကြိုးပမ်းနေပါတယ်။ ဒီလိုလုပ်နေစဉ်အခိုက် ပရိသတ်က ကိုယ့်လက်ရာကို မရင်းနှီးသေးခင် ဆင်တူယိုးမှားတွေကြောင့် ဒီနာမည်ရဲ့တံဆိပ်လက္ခဏာပေါ် အထင်အမြင်မှားယွင်းသွားမှာစိုးတာရယ် မတူကွဲပြားတဲ့လိုင်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



ရေးချင်တာရယ်ကြောင့် ကလောင်တွေခွဲခဲ့တာဖြစ်ပါတယ်။

အခုလောက်ဆိုရင်တော့ ပရိသတ်အနေနဲ့ကျွန်တော့်လက်ရေးကို ရင်းနှီးနေလောက်ပြီလို့ ယူဆတာကြောင့်ရော၊ ကျွန်တော်ရေးချင်တဲ့ လိုင်းကွဲလေးတွေကို အတန်အသင့်ရေးပြီးတာကြောင့်ရော၊ ကလောင်ခွဲတွေထားစရာ မလိုတော့ဘူးလို့ ယူဆပါတယ်။

**ဒဿကျော်စွာ**နာမည်တစ်ခုကိုသာ အားပြည့်အင်ပြည့် နိုင်နိုင်မာမာ ရှေ့ဆက်သွားပါမယ်။

ဒါကြောင့် ...

ပထမဆုံးအနေနဲ့

**ဒီဇွကျော်စွာ**ဆိုတဲ့ကလောင်ခွဲကို ပြန်ရုတ်သိမ်းတော့မှာဖြစ်ကြောင်း ကြော်ငြာအပ်ပါတယ်။

အဲဒီနာမည်နဲ့ ကျွန်တော်ထပ်မရေးတော့ပါ။

ထုတ်ဝေသူဆီမှာတော့ အဲဒီနာမည်နဲ့ ပေးထားတာလေးတွေ နည်းနည်းရှိပါသေးတယ်။ သူ့ဆန္ဒအရ အဲဒါတွေကို သူထုတ်ချင်လဲ ထုတ်ပါလိမ့်ဦးမယ်။ အဲဒါတွေပြီးရင်တော့ အဲဒီနာမည်နဲ့ ထပ်ထွက်တော့မယ် မဟုတ်ပါ။

**ဒဏ္ဍကျော်စွာ**ဆိုတဲ့ နာမည်နဲ့ကတော့ တော်တော်များများကို ရေးထားပြီးသား ရှိနေပါတယ်။ ဒါပေမယ့်အဲဒါတွေကုန်သွားတာနဲ့ ထပ်ရေးတော့မယ် မဟုတ်ပါ။



ကျွန်တော့်မိတ်ဆွေ သင်ကိုင်းညိုခိုက်တဲ့ စာရေးဆရာနဲ့ပူးတွဲရေးတာကတော့ ရှင်းပါတယ်။ ကျွန်တော့်ပရိသတ်က မျှော်လင့်လာတဲ့ ထူးထူးခြားခြားဇာတ်လမ်းတွေကို အတူတူရေးကြတာပါ။ ဒုအခုတော့ သူ့နာမည်လေးခိုင်မာသွားအောင်ရယ်၊ ကျွန်တော့်ပရိသတ်နဲ့သူအဆက်ရသွားအောင် ကူရေးပေးမယ်လို့ သဘောတူထားတယ်။ အဲဒါပြီးရင်တော့ သူ့ဘာသာရှေ့ဆက်သွားမှာဖြစ်သလို ပရိသတ်ဟာလည်း ပေးပို့မြဲ အတိုင်း သူ့ဆီတိုက်ရိုက် ပေးပို့နိုင်ကြပါပြီ။

ဒီလို ကလောင်ခွဲတွေအပေါ်မှာ ဖြန့်ခွဲထားရတဲ့ အားအင်တွေ အကုန်လုံးကို စုစည်းပြီး **ဒဿကျော်စွာ**နာမည်တစ်ခုတည်းသာ အားစိုက်ထုတ်ခြင်းအားဖြင့် **ဒဿကျော်စွာ** ဝတ္ထုတွေဟာ အရည်အသွေး ပိုတောက်ပြောင်လာမယ်လို့ ရည်ရွယ်သလို စဉ်ဆက်မပြတ်လည်း ထွက်ရှိလာနိုင်တော့မယ်လို့ ထင်ပါတယ်။

အဲဒီလိုဖြစ်အောင်လည်း ကျွန်တော်အစွမ်းကုန်သမျှ အားထုတ်သွားမှာပါ။ အရင် **ဒီဇွကျော်စွာ၊ ဒဏ္ဍကျော်စွာ** နာမည်တွေကို ဖြန့်ခွဲအားပေးခဲ့ကြတဲ့ ပရိသတ်အနေနဲ့လည်း **ဒဿကျော်စွာ** နာမည်တစ်ခုတည်းသာ စုရုံးအားပေးကြစေဖို့ ကြိုတင်မေတ္တာရပ်ခံလိုက်ပါရစေ။

ပြန့်ကြဲနေတဲ့ တပ်စုအားလုံးကို စုပေါင်းလိုက်သလို၊
ခွဲဖြာနေတဲ့ မြားအားလုံးပစ်မှတ်တစ်ခုထဲဦးတည်လိုက်သလို၊
ငြိမ်သက်နေတဲ့ ရေပြင်ကျယ်ကြီးကိုဆွဲပေါင်းရိုက်လိုက်သလို၊

www.burmeseclassic.com

www.burmeseclassic.com



ဒဿကျော်စွာဆိုတဲ့ ရေတံခွန်လေးတစ်ခုဟာ ပရိသတ်ငဲ့ ခံစားတတ်တဲ့ နှလုံးသားရှူးဆီအရောက် အရှိန်ပြင်းပြင်း တိုးစ်ဟုန်ယိုး စီးဝင်ပါတော့မယ်။ မြတ်နိုးတတ်သောစိတ်နဲ့ လက်ခံပေးပါလို့ လေးမြတ်စွာ ပန်ကြားလိုက်ပါရစေ။

ဒဿကျော်စွာ

BURMESE CLASSIC
www.burmeseclassic.com